http://www.dhammadownload.com

## ဖတ်ကြည့်ပါ

ဤစာအုပ်သည် လူကြီးများ၊ အထူးသဖြင့် ယောဂီများအတွက် ရည်ရွယ်ရေးသားထားသော စာအုပ်ဖြစ်ပါသည်။ သို့သော် လူငယ် လူရွယ်များ၊ ယောဂီမဟုတ်သူများ ဖတ်ရှုလျှင်လည်း နားလည်သဘောပေါက်နိုင်ရာသည်။

ဖတ်ရှုရာ၌ မငြီးငွေ့စေရန် မှတ်စရာများကို အလွယ်တကူ မှတ်သားနိုင်စေရန် တရားဆောင်ပုဒ်လေးများကိုလည်း အလျဉ်းသင့်သလို ရေးထည့်ထားပါသည်။

ဖတ်၍ နားလည်မည်၊ နားမလည်မည်ကိုကား ဖတ်ကြည့်ပြီးမှသာ သိနိုင်ပေမည်။ သို့ဖြစ်၍ အစမ်းသဘောလောက်တော့ ဖတ်ကြည့်စေချင်ပါသည်။



http://www.dhammadownload.com

ပဌမအကြိမ်
၁၉၈၃-ခုနှစ်၊ ဧပြီလ၊ အုပ်ရေ [ ၃၀၀၀ ]
မျက်နှာဖုံးပန်းချီနှင့် အတွင်းသရုပ်ဖော် ပန်းချီများ
ပန်းချီဆရာကြီး - ဦးကိုလေး
ဘလောက် လွင် နှင့် ရွှေရေး
မျက်နှာဖုံးရိုက် - မျိုးညွှန့်
ဘာသာရေးဆိုင်ရာ စာပေခွင့်ပြုချက် အမှတ် [ ၁၃၃၆ ]
မျက်နှာဖုံး ခွင့်ပြုချက် အမှတ် [ ၀၅၇ ]

တန်ဖိုး - (        ) ကျပ်

ထုတ်ဝေသူ ။ ။ ဒေါ်တီ (မြ-၀၀၆၈)၊ သီရိစာပေဖြန့်ချိရေး၊ အမှတ်-၃၈၊ ၈၇-လမ်း၊
ကန်တော်ကလေး၊ ရန်ကုန်မြို့။
ပုံနှိပ်သူ ။ ။ ဒေါ်တီ (မြ-၀၁၂၆၁)၊ မျိုးညွှန့်စာပုံနှိပ်တိုက်၊ အမှတ်-၃၈၊ ၈၇-လမ်း၊
ကန်တော်ကလေး၊ ရန်ကုန်မြို့။

http://www.dhammadownload.com

သီရိရတနာစာပေတိုက်

၁၆၆၊ ၃၃-လမ်း၊ ရန်ကုန်မြို့။

http://www.dhammadownload.com

မဟာစည် နိုင်ငံခြားသာသနာပြု ဓမ္မကထိက
ပြွန်တန်ဆာ အရှင်သုန္ဒရ (ဘီ-အေ)
အမျိုးသား ပဌမကျော် - အစိုးရဓမ္မာစရိယ

# ဒိဋ္ဌိ - တဏှာ

## ပယ်ခွာရေး တရားတော်

[ ဒိဋ္ဌိပြုတ်ရေး ဝိပဿနာအလုပ်ပေးတရားတော် နှင့် တဏှာကင်းကွာ ရဟန္တာဖြစ်ရေး
ဝိပဿနာ အလုပ်ပေး တရားတော် ၂-ကျမ်းတွဲ။]

**သီရိရတနာ စာပေတိုက်**
အမှတ်-၁၆၆၊ ၃၃-လမ်း၊ ရန်ကုန်မြို့။

http://www.dhammadownload.com

# " ဒိဋ္ဌိပြုတ်ရေး တရားတော် "

## ပ ဌ မ

ဗြဟ္မေန ဘာသိတံ ဝါစံ၊ ဝါရေတွာန တထာဂတော။
သတ္တိသုတ္တံ အဒေသေသိ၊ နမာမိ သုဂတံ အဟံ။ ။

ယော တထာဂတော၊ ရှေးဘုရားတို့ကဲ့သို့ မခြားညီတူ လာခြင်းကောင်းတော်မူသော အကြင်ဘုရားရှင် ကိုယ်တော်မြတ်ကြီးသည်။ ဗြဟ္မေန၊ မိုးရပ်မှလာ နတ်ဗြဟ္မာက။ ဘာသိတံ၊ ကာမတဏှာ ပယ်ခွာရေးကို အလေးပေးကာ လျှောက်ထားလာသော။ ဝါစံ၊ ဗြဟ္မာဖြစ်ရေး နည်းလမ်းပေးသည့် စကားကို။ ဝါရေတွာန၊ လက်သင့်မခံ အမြန်ပယ်မြစ်တော်မူ၍။ သတ္တိသုတ္တံ၊ သက္ကာယဒိဋ္ဌိ ပယ်ခွာရေးကို အလေး

http://www.dhammadownload.com

ပေး ညွှန်ပြသည့် သတ္တိသုတ်ခေါ် တရားတော်ကို။ အဒေသေသိ၊ ကရုဏာ ရှေ့သွား ပညာအားဖြင့် ညွှန်ကြား ဟောပြတော်မူခဲ့လေပြီ။ သုဂတံ၊ ကောင်းသောစကားကို ဆိုတော်မူတတ်ထသော။ တံ တထာဂတံ၊ ထိုဘုရားရှင် ကိုယ်တော်မြတ်ကြီးကို။ အဟံ၊ အကျွန်ုပ်သည်။ အဟံ၊ သတ္တိသုတ်ခေါ် တရားတော်ကို နည်းမှီစံထား၍ ဒိဋ္ဌိပြုတ်ရေး ဝိပဿနာအလုပ်ပေး တရားတော်ကို ဟောကြားတော့မည် စိတ်ကရည်၍ ကြံစည်အားထုတ် အကျွန်ုပ်သည်။ နမာမိ၊ ဂုဏ်တော်ရွယ်ကိုး အားတော်ကိုး၍ ရှိခိုးကန်တော့လိုက်ပါသည်ဘုရား။ နမာမိ၊ တရားဟော တရားနာ များစွာသော ပရိသတ်အပေါင်း သူတော်ကောင်းတို့၏ ကိုယ်တွင်းကိုယ်ပ အိမ်တွင်းအိမ်ပ ရွာတွင်းရွာပ မြို့တွင်းမြို့ပပါမကျန် ဘေးအတန်တန် ရန်အသွယ်သွယ် အန္တရာယ်ဟူသမျှ ကင်းပစေကြောင်း ဆုမွန်တောင်းကာ ရှိခိုးကန်တော့လိုက်ပါတော့သည် ဘုရား။ ။

[သာဓု. . . သာဓု. . . သာဓု. . . ]

http://www.dhammadownload.com

# စာရေးသူ၏ အမှာ

ဤ "ဒိဋ္ဌိ-တဏှာပယ်ခွာရေးတရား" စာအုပ်သည် မဟာစည် နယ်လှည့်ဓမ္မကထိကအဖြစ် စာရေးသူ နယ်လှည့်တရားဟောထွက်ခဲ့စဉ်က ကြေ့ကြုံခဲ့ရသော အတွေ့အကြုံအရ ပေါ်ပေါက်လာရသော တရားစာအုပ် ဖြစ်ပါသည်။

## မကြောင့်မကြ ဟောပြောရ

စာရေးသူသည် ၁၉၇၅ ခုနှစ်၊ မဟာစည် နယ်လှည့်ဓမ္မကထိက အဖွဲ့ဝင်ဖြစ်စမှ ဤစာရေးချိန်အထိ ညောင်ကန်အရှင်ကုန္ဒက ခေါင်းဆောင်သော ဓမ္မကထိကအဖွဲ့ငယ်တွင် အဖွဲ့ဝင်အဖြစ် လိုက်ပါ ဟောပြောရန် တာဝန်ကျခဲ့ပါသည်။ ဤအဖွဲ့ငယ်တွင် ပေါင်းတည်မြို့၊ ဝက်ပုတ်ရွာ မဟာစည် သာသနာ့ရိပ်သာ ကမ္မဋ္ဌာနာစရိယ ဆရာတော် ဦးပညာဒီပ | သာသနဓဇ သိရီပဝရ ဓမ္မာစရိယ | လည်း စာရေးသူနှင့်အတူ အမြဲတမ်း တာဝန်တွဲကျလေ့ရှိပါသည်။

စာရေးသူသည် ဓမ္မကထိကဟု ဆိုရသော်လည်း အဟောအပြောမှာ နာဖြစ်ရုံ၊ လူကြီးပရိသတ်များ လက်ခံနိုင်ရုံလောက်သာ ဖြစ်ပါသည်။ အဖွဲ့ခေါင်းဆောင် ညောင်ကန် အရှင်ကုန္ဒကမှာမူ လူကြီးပရိသတ်ရော၊ လူငယ်ပရိသတ်ပါ လက်ခံနိုင်အောင် ဝိပဿနာတရား ဟောပြောနိုင်သူ ဖြစ်ပါသည်။

http://www.dhammadownload.com



သို့ဖြစ်၍ ညောင်ကန်အရှင်ဣန္ဒကနှင့် တွဲဟောရသည့်အခါတိုင်း စာရေးသူတို့မှာ ရှေ့ပိုင်း၌ ကြောင့်ကြမရှိ ဟောပြောနိုင်ပါသည်။ ဟောချင်သည့်တရားကို လွတ်လွတ်လပ်လပ် ဟောပြောနိုင်ပါသည်။ နောက်ညအတွက် ပရိသတ်မလာမှာ လုံးဝ စိုးရိမ်စရာမရှိပါ။ ထို့ကြောင့် ဆရာတော် ဦးပညာဒီပက "ညောင်ကန် အရှင်ဣန္ဒက ပါရင် တပည့်တော်တို့ ရှေ့ပိုင်းက ဟောချင်သလို ဟောနိုင်တယ်၊ ဘာမှ ကြောင့်ကြစရာ မလိုဘူး" ဟု စာရေးသူအား မိန့်ကြားဖူးပါသည်။

မှန်ပါသည်။ အဖွဲ့ဝင်များ တစ်နေရာတည်း စုပေါင်းဟောသည့်အခါ စာရေးသူမှာ "ဒုစရိုက် အပြစ်ဘေး ကင်းလွတ်ရေး" တရားကို ဟောလေ့ရှိပါသည်။ ဤအခါမျိုး၌ ပရိသတ်က ဆိုးသည်၊ ကောင်းသည် မပြောကြပါ။ နောက်ပိုင်းဟောသူ ညောင်ကန်ဆရာတော်၏ တရားက ဆွဲသွားသဖြင့် တရားနာပရိသတ်မှာ တစ်ညထက်တစ်ည များ၍များ၍သာ လာပါသည်။

## တစ်ပါး တစ်နေရာ ဟောတဲ့အခါ

သို့သော်. . . နယ်လှည့်တရားပွဲသည် အဖွဲ့ဝင်အားလုံး စုပေါင်းဟောရသည့်အခါလည်း ရှိပါသည်။ တစ်ပါး တစ်နေရာစီခွဲပြီး အပြိုင်ဟောရသည့်အခါလည်း ရှိပါသည်။ ဤအခါမျိုးတွင် စာရေးသူတို့မှာ ဟောပြောရေးအတွက် ကြောင့်ကြထားလာရပါသည်။

တရားအားမထုတ်ဖူးသေးသော ပရိသတ်များအား ဒုစရိုက်အပြစ်ဘေး ကင်းလွတ်ရေး တရားမျိုး ဟောမိလျှင် ဘာမျှပြဿနာပေါ်လေ့မရှိပါ။ သို့သော် သတိပဋ္ဌာန်ဝိပဿနာ ယောဂီအများစု ပါသော ပရိသတ်

http://www.dhammadownload.com



အား ယင်းတရားမျိုး သွားဟောမိလျှင် အကြီးအကျယ် ကောင်းချီးပေးခြင်း ခံရတတ်ပါသည်။

မြို့တစ်မြို့၌ ဒုစရိုက်တရားဟောကြားမိသော စာရေးသူအား ယောဂီ ဒါယကာကြီးတစ်ဦးက ကောင်းချီးပေးဖူးသည်မှာ "ဒီကိုယ်တော်က ဘွဲ့ထူးဂုဏ်ထူးတွေ တပ်ထားပြီး ဟောတဲ့တရားကျတော့ ကလေးကအစ လူတိုင်းသိတဲ့ တရားတွေကို အချိန်ကုန်ခံ ဟောနေတယ်" ဟူသတည်း။

## ဟောပြောတဲ့အခါ ငဲ့စရာ

တရားဟောသည့်အခါ ပရိသတ် ကြိုက်ရေး၊ မကြိုက်ရေးသည် အဓိကမဟုတ်ဘဲ၊ တရားစစ် တရားမှန်ကို စေတနာသန့်သန့်ဖြင့် ဟောပြောရေးသည် အဓိကဖြစ်သည်ကိုတော့ နှလုံးပိုက်ထားပြီး ဖြစ်ပါသည်။ သို့သော် နောက်တစ်ညမှာ တရားနာပရိသတ် ဆက်လက်လာရေးကိုလည်း ငဲ့ရပါသေးသည်။ သို့ဖြစ်၍ ယောဂီ ပရိသတ်များလျှင် ဟောပြောစရာ တရားတစ်ပုဒ်ကို စဉ်းစားရပြန်ပါသည်။

## တဏှာကင်းကွာ ရဟန္တာ

ယင်းပရိသတ်မျိုးအား ဟောပြောရန် ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရားကြီး ဟောကြားတော်မူသော ဓမ္မစကြာတရားတော်ကြီး၊ သမုဒယသစ္စာအခန်းကို နည်းမှီကာ သင့်လျော်ရာပါဠိတော်များ၊ ဝတ္ထုသာဓကများနှင့် တန်ဆာဆင်၍ 'တဏှာကင်းကွာ ရဟန္တာ' ခေါင်းစဉ်ဖြင့် တရားတစ်ပုဒ် စီစဉ်ကာ စမ်းဟောကြည့်ခဲ့ပါသည်။

http://www.dhammadownload.com


ယင်းတရားကို ယောဂီပရိသတ်များ အတော်အသင့် လက်ခံကြသဖြင့် နယ်လှည့်ဒေသနာ ခရီးစဉ် တစ်လျှောက်လုံး အခါအခွင့်ကြုံတိုင်း ဟောပြောခဲ့ပါသည်။

## ဒိဋ္ဌိပြုတ်ရေး အလုပ်ပေး

သို့သော် တစ်နေရာတည်း၌ နှစ်ညသုံးည ဆက်ဟောရသည့်အခါမျိုးမှာ တရားတစ်ပုဒ်တည်းကို ထပ်ကာထပ်ကာ ဟောနေ၍လည်း မဖြစ်သေးပါ။ သို့ဖြစ်၍ ယောဂီပရိသတ်များအား ဟောပြောရန် ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီး၏ တက္ကသိုလ်ဝိပဿနာတရားတော်ကို နည်းမှီ၍ သက်ဆိုင်ရာပါဠိတော်များ၊ ဝတ္ထုများနှင့်တန်ဆာဆင်ကာ 'ဒိဋ္ဌိပြုတ်ရေးဝိပဿနာအလုပ်ပေး' ခေါင်းစဉ်ဖြင့် တရားတစ်ပုဒ်ကို ထပ်မံ အကြံထုတ် စီစဉ်ရပြန်ပါသည်။

ဤတရားကိုလည်း ယောဂီပရိသတ်များ အထိုက်အလျောက် လက်ခံကြသဖြင့် အခါအခွင့်သင့်တိုင်း ဟောပြောခဲ့ပါသည်။

## တရားနှစ်ပုဒ် တွဲကာထုတ်

ယင်း တရားစာနှစ်ပုဒ်ကိုပင် စာအုပ်ထုတ်ဝေရန် ညောင်ကန်အရှင်ဣန္ဒက, က တိုက်တွန်း အကြံ ပေးသဖြင့် သဘောတူ လက်ခံလိုက်ပါသည်။ မူလရည်ရွယ်ချက်မှာ တရားတစ်ပုဒ်ကို စာအုပ်ပါးပါးသေးသေး တစ်အုပ်စီ ထုတ်ရန် ဖြစ်ပါသည်။

http://www.dhammadownload.com



စာအုပ်ထုတ်နေကျ ပုဂ္ဂိုလ်များနှင့် ဆွေးနွေးကြည့်သောအခါ တရားနှစ်ပုဒ်ပေါင်းပြီး တစ်အုပ်တည်း ထုတ်မှသင့်မည်၊ ဆောင်ရွက်ရာမှာလည်း အဆင်ပြေမည်ဟု အကြံပေးကြပါသည်။ သို့ဖြစ်၍ တရားနှစ်ပုဒ်လုံးကို တစ်အုပ်တည်းပေါင်းထုတ်ရန် ဆုံးဖြတ်လိုက်ပါသည်။

တရားစာအုပ်၏ အမည်ကိုလည်း "ဒိဋ္ဌိပြုတ်ရေး ဝိပဿနာအလုပ်ပေးတရား" ဟူသော ခေါင်းစဉ်နှင့် "တဏှာကင်းကွာ ရဟန္တာ" ဟူသော ခေါင်းစဉ်နှစ်မျိုးလုံး ခြုံငုံမိစေရန် "ဒိဋ္ဌိ-တဏှာ ပယ်ခွာရေး တရားတော်" ဟု အမည်တပ်လိုက်ပါသည်။

## စာရှုသူအား ကြိုပန်ကြား

ဤစာအုပ်ပါ တရားနှစ်ပုဒ်သည် ကျေးဇူးရှင် အဂ္ဂမဟာပဏ္ဍိတ မဟာစည်ဆရာတော်ဘုရားကြီး၏ တက္ကသိုလ် ဝိပဿနာတရားတော်နှင့် ဓမ္မစကြာတရားတော်ကြီးတို့ကို အများဆုံး နည်းမှီ၍ ရေးသားထားသော တရားများဖြစ်သော်လည်း တစ်စုံတစ်ခု ချွတ်ချော်တိမ်းပါးမှု ပါရှိခဲ့သော် စာရေးသူတစ်ဦးတည်း၏ တာဝန်သာဖြစ်ကြောင်း စာရှုသူအပေါင်းတို့အား ကြိုတင်မှာကြား သိစေအပ်ပါသည်။

ပြွန်တန်ဆာ အရှင်သုန္ဒရ

http://www.dhammadownload.com



# “ ဒိဋ္ဌိပြုတ်ရေး တရားတော် ”

ဒီနေ့ဟောမယ့် တရားခေါင်းစဉ်ကတော့ “ဒိဋ္ဌိပြုတ်ရေး ဝိပဿနာ အလုပ်ပေးတရားတော်” ဖြစ်ပါတယ်။ သုတ္တန္တပိဋကတ်၊ သံယုတ္တနိကာယ်၊ သဂါထာဝဂ္ဂ သံယုတ်ပါဠိတော်၊ သတ္တိသုတ်ကို မှီငြမ်းပြု ဟောကြားမယ့် တရားပါပဲ။

ဒါကြောင့် တရားဟောတဲ့ ပုဂ္ဂိုလ်ရော၊ တရားနာတဲ့ ပရိသတ်တွေပါ ဘေးရန်အန္တရာယ်တွေ ကင်းကြပါစေ၊ တရားပွဲပြီးဆုံးတဲ့အထိ ဟောပြောနိုင်၊ နာကြားနိုင်ကြပါစေလို့ ဆိုတဲ့ ရည်ရွယ်ချက်နဲ့ တရားမဟောမီ ရှေးဦးစွာ ဒီနေ့ဟောမယ့်တရားရဲ့ အမာခံကျောရိုးဖြစ်တဲ့ သတ္တိသုတ်ကို ထုတ်ဖော် ဟောကြားတော်မူတဲ့ မြတ်စွာဘုရားအား ရှိခိုးပူဇော်တဲ့ ဗုဒ္ဓပဏာမဂါထာ ရွတ်ဆိုပြီး တရားပွဲ စ,ရပါတယ်။

http://www.dhammadownload.com



## ဝေနေယျအကျိုး ဆောင်သယ်ပိုး

ဒီပင်္ကရာ မြတ်စွာဘုရား ထံတော်ပါးမှာ နိယတဗျာဒိတ်ပန်း ဆင်မြန်းတော်မူခဲ့တဲ့ သုမေဓာ ရှင်ရသေ့ဘဝမှ စပြီးတော့ လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းတိုင်တိုင် ပါရမီဖြည့်ကျင့်တော်မူခဲ့ပြီးဖြစ်တဲ့ ဘုရားအလောင်းတော်ဟာ မဟာသက္ကရာဇ် ၁၀၃-ခုနှစ်၊ ကဆုန်လပြည့်နေ့မှာ သဗ္ဗညုစင်စစ် ဘုရားရှင်အဖြစ်သို့ ရောက်တော်မူခဲ့တယ်တဲ့။

ဘုရားဖြစ်တော်မူပြီးနောက် ရက်ပေါင်း ၆၀-လောက်သာ မြတ်စွာဘုရားဟာ အေးအေးလူလူ သီတင်းသုံးတော်မူခဲ့ရပါတယ်။ အဲဒီနှစ် ဝါဆိုလပြည့်နေ့ မိဂဒါဝုန်တောအရောက် ကြွတော်မူပြီးနောက် ပဉ္စဝဂ္ဂီငါးဦးကို အမှူးထားပြီးတော့ နတ်ဗြဟ္မာအများတို့အား ဓမ္မစကြာတရားဦး ဟောကြားတော်မူခဲ့ပါတယ်။

အဲဒီအချိန်ကာလစပြီး မြတ်စွာဘုရားဟာ ၄၅-ဝါကာလပတ်လုံး အရပ်ဒေသ အမျိုးမျိုးမှာ လှည့်လည်သီတင်းသုံးတော်မူပြီးတော့ ဝေနေယျ သတ္တဝါတို့အကျိုးကို မနားမနေ သယ်ပိုး ဆောင်ရွက်တော်မူခဲ့ပါတယ်။

အဲဒီလို ဝေနေယျအကျိုးအတွက် ဆောင်ရွက်တော်မူရင်း အခါတစ်ပါးမှာ မြတ်စွာဘုရားဟာ သာဝတ္ထိပြည်မွန် ဇေတဝန်ရောင်မောင်း သူဌေးကျောင်း၌ ကိန်းအောင်းမွေ့လျော် သီတင်းသုံး စံနေတော်မူပါတယ်တဲ့။

---

[၁] ဗုဒ္ဓဘုရားရှင်သည် သာဝတ္ထိပြည်မွန် ဇေတဝန်ရောင်မောင်း သူဌေးကျောင်း၌ ကိန်းအောင်းမွေ့လျော် သီတင်းသုံး စံနေတော်မူပုံ။

http://www.dhammadownload.com



http://www.dhammadownload.com



## မိုးနတ်ဗြဟ္မာ ချဉ်းကပ်လာ

အဲဒီအခါ တစ်ခုသော ညသန်းခေါင်ယံမှာ အမျိုးအမည်မထင်ရှားတဲ့ နတ်သားတစ်ဦးဟာ မြတ်စွာဘုရားထံသို့ ရောက်လာပါတယ်။ နတ်သားဆိုပေမယ့် သာမန်နတ်သားတော့ ဟုတ်ဟန်မတူပါဘူး။ သူ့ရဲ့ အပြောအဆိုကို ထောက်ဆလိုက်ရင် ဗြဟ္မာတစ်ဦးဖြစ်တာ သေချာပါတယ်။

နတ်ဗြဟ္မာများ လူ့ပြည်ကိုလာရင် ပင်ကိုယ်အရောင်အဆင်း၊ ပင်ကိုယ်တန်ခိုး ဣဒ္ဓိပါဒ်နဲ့ လာတာနည်းတယ်။ ပွဲလမ်းသဘင် သွားတဲ့လူများဟာ မိမိတို့ကိုယ်ကို လှပကောင်းမွန်တဲ့ အဝတ်တန်ဆာများနဲ့ လှလှပပ ပြုပြင်ဆင်ယင်ပြီးမှ သွားကြသလိုပါပဲ။ နတ်ဗြဟ္မာများဟာလည်း ကိုယ်ရောင်ကိုယ်ဝါ တန်ခိုးဣဒ္ဓိပါဒ်တွေကို အထူးဖန်ဆင်းပြီးမှ လာလေ့ရှိကြတယ်တဲ့။


ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာများထံ ချဉ်းကပ်တဲ့အခါမှာလည်း ညသန်းခေါင်ယံမှာသာ လာလေ့ရှိပါတယ်တဲ့။

အဲ. . စောစောက ပြောခဲ့တဲ့ ဗြဟ္မာနတ်သားဟာ မြတ်စွာဘုရားထံ ရောက်တဲ့အခါ ဆယ်ချောင်းသော လက်သဲရောင်တပြောင်ပြောင်တောက်နေတဲ့ လက်အုပ်ကို ထိပ်ထက်မှာ ချီမိုးလျက် ရှိခိုးရင်း သင့်တင့်ရာအရပ်မှာ ရပ်နေပါတယ်။

---

[၂] မြတ်စွာဘုရားသခင်အား ဗြဟ္မာနတ်သားက သင့်တင့်ရာနေရာ၌ ရှိခိုးဦးတင်ကာ လျှောက်ထားပြောကြားနေပုံ။

http://www.dhammadownload.com



http://www.dhammadownload.com



ဒီလို နတ်ပြဟ္မာများ လာတဲ့အခါ မထိုင်ဘဲ ရပ်နေတာနဲ့ပတ်သက်ပြီး အဋ္ဌကထာဆရာက အကြောင်း ၄-မျိုး ပြထားပါတယ်။ အဲဒါတွေကတော့ (၁) နတ်များဟာ လူနံ့ကို စက်ဆုပ်ရွံရှာကြတယ်။ အကြောင်းကိစ္စ တစ်ခုခုကြောင့် လူ့ပြည်လာရပေမယ့် ကိစ္စပြီးရင် ချက်ချင်း ပြန်မှာဖြစ်လို့ မထိုင်တာဖြစ်တယ်။ (၂) ထိုင်တယ်ဆိုတာ အပန်းဖြေတဲ့ သဘောပဲ။ နတ်ပြဟ္မာများမှာ ကိုယ်ပင်ပန်းမှု မရှိဘူး၊ ဒါ့ကြောင့် မထိုင်တာဖြစ်တယ်။ (၃) ဘုရားအနားမှာ မဟာသာဝက ရဟန်းတော်တွေရှိလို့ ရိုသေတဲ့အနေနဲ့ မထိုင်တာဖြစ်တယ်။ (၄) ရပ်တာဟာ အရိုအသေပြုခြင်း တစ်မျိုးပဲ၊ ဒါ့ကြောင့် မထိုင်တာဖြစ်တယ်လို့ ဒီလို အကြောင်းလေးမျိုး ပြတယ်။ ဒီနေရာမှာတော့ ခဏတဖြုတ် လာတာဖြစ်လို့ မထိုင်တာ ဖြစ်နိုင်ပါတယ်။

## ချဉ်းကပ်အပ်စွာ သင့်တင့်ရာ

သင့်တင့်ရာအရပ် ဆိုတာကတော့ (၁) ဝေးလွန်းခြင်း၊ (၂) နီးလွန်းခြင်း၊ (၃) မြင့်တဲ့နေရာ၊ (၄)လေညာအရပ်၊ (၅) ရှေ့တည့်တည့်၊ (၆) နောက်ဘက်အရပ်တို့ ဆိုတဲ့ အပြစ်ရှိတဲ့အရပ် ၆-ပါး ကင်းလွတ်ရာအရပ်ဖြစ်တယ်။

ကြီးမြတ်သူထံ ချဉ်းကပ်နေထိုင်တဲ့အခါ အဲဒီအပြစ် ၆-ပါးလွတ်ရာအရပ်မှာ နေထိုင်ရပါတယ်။ ဓားလွယ်ခုတ်၊ မျက်စောင်းထိုးလို နေရာမျိုးမှာ နေရမယ်လို့ ဆိုလိုပါတယ်။ အဲဒီလို နေထိုင်တာကိုပဲ သင့်တင့်ရာအရပ်မှာ နေထိုင်တယ်လို့ ဆိုရပါတယ်။

http://www.dhammadownload.com



ဒါပေမယ့် လူအများနဲ့ ရောနှောပြီး ချဉ်းကပ်ရတဲ့ အခါမျိုးမှာတော့ ဒီလိုအပြစ်လွတ်ရာ အရပ်မျိုးကို ရနိုင်ဖို့ မလွယ်ဘူး။ အဲဒီလိုအခါမျိုးမှာတော့ ဖြစ်သလို နေရာယူ ချဉ်းကပ်ရမှာပါပဲ။

## ဗြဟ္မာနတ်သား တင်လျှောက်ကြား

အဲဒီလို သင့်တင့်ရာမှာ ရပ်နေပြီးတော့ မြတ်စွာဘုရားကို ဗြဟ္မာနတ်သားက ဒီလို တင်လျှောက်ထားတယ်တဲ့။

သတ္တိယာ ဝိယ သြမဋ္ဌော၊ ဍယှမာနောဝ မတ္ထကေ။
ကာမရာဂံ ပဟာနာယ၊ သတော ဘိက္ခု ပရိဗ္ဗဇေ။

ဘန္တေ၊ ဘုန်းတော်နေဝန်း ထွန်းလင်းတောက်ပတော်မူသော မြတ်စွာဘုရား။ သတ္တိယာ၊ လှံဖြင့်။ သြမဋ္ဌော၊ ရင်ဝလယ်၌ ထိုးစိုက်ခံရ နာကျင်လှတဲ့သူသည်။ တံ၊ ထိုစူးဝင်နေတဲ့ လှံကို။ ပဟာနာယ၊ ပယ်နုတ်ခြင်းငှာ။ အာရဘတိ ဝိယ စ၊ အားထုတ်ရာသကဲ့သို့လည်းကောင်း။ မတ္ထကေ၊ ဦးခေါင်းထက်၌။ ဍယှမာနော၊ ဟုန်းဟုန်းပြောင်ပြောင် မီးလောင်ခံရ ပူလောင်လှတဲ့သူသည်။ တံ၊ ထို ဟုန်းဟုန်းပြောင်ပြောင် တောက်လောင်၍နေသော မီးကို။ နိဗ္ဗာပေတုံ၊ ငြိမ်းစေခြင်းငှာ။ အာရဘတိကွာဝ စ၊ အားထုတ်ရာသကဲ့သို့လည်းကောင်း။ ဧဝမေဝ၊ အတူသာလျှင်။ ဘိက္ခု၊ ကာမဘုံ၌ ဖြစ်ရမည့်အရေးကို မျှော်တွေးရှုံ့ကြောက်လေ့ရှိသောသူသည်။ ကာမ

http://www.dhammadownload.com



ရာဂ၊ ငါးဖြာအာရုံ ကာမဂုဏ်ကို ခုံမင်တွယ်တာ သာယာတပ်မက်သည့် ကာမတဏှာကို။ ပဟာနာယ၊ သမထ စျာန်တရားဖြင့် ပယ်ရှားရန်အလို့ငှာ။ သတော၊ အမှတ်သတိ မပြတ်ရရှိသည်ဖြစ်၍။ ပရိဗ္ဗဇေ၊ သုတ်သုတ် လျင်စွာ အားထုတ်နေထိုင်ရာ၏။ ဝါ၊ ခေါင်းကမီးလျှံ ရင်ဝလှံကို ပယ်ငြိမ်းရန်သာ အားထုတ်ရာသကဲ့သို့ ကာမတဏှာကြမ်းကို သမထစျာန်အစွမ်းဖြင့် ကုန်ခန်းအောင် ပယ်ဖျောက်နိုင်ကြကုန်ရာသတည်း။

'ဘုန်းတော်ကြီးမြတ်သော မြတ်စွာဘုရား၊ ကာမဘုံသားတွေဟာ အသက်တမ်း တိုကြပါတယ်၊ ရောဂါ ဘယလည်း များကြပါတယ်၊ ရုပ်အဆင်းလည်း မလှကြပါ၊ ဗြဟ္မာများမှာတော့ အသက်တမ်းလည်း ရှည်ကြ ပါတယ်၊ ရောဂါဘယလည်း မရှိကြပါ၊ ရုပ်အဆင်းမှာလည်း ပိုပြီးလှကြပါတယ်၊ ဒါကြောင့် ကာမဘုံသားတွေ ဟာ ဗြဟ္မာဖြစ်အောင် အားထုတ်သင့်ကြပါတယ်၊ ဗြဟ္မာဖြစ်ချင်ရင် ကာမတဏှာကို အမြန်ပယ်ဖျောက်နိုင် အောင် အားထုတ်ရပါတယ်'

'ဥပမာနဲ့ ပြောရမယ်ဆိုရင် ရင်ဝမှာ လှံစူးခံနေရတဲ့သူဟာ အဲဒီစူးဝင်နေတဲ့လှံကို နုတ်ဖို့ အလျင် အမြန် အားထုတ်ရသလို ကာမဘုံသားတွေဟာလည်း ကာမတဏှာကို ပယ်ဖျောက်နိုင်အောင် အလျင်အမြန် အားထုတ်သင့်ပါတယ်၊ ဦးခေါင်းကဆံပင်ကို မီးလောင်ခံနေရတဲ့သူဟာ အဲဒီလောင်နေတဲ့ မီးကို ငြိမ်းသတ်ဖို့ အလျင်အမြန် အရေးတကြီးအားထုတ်ရသလို ကာမဘုံသားတွေဟာလည်း ကာမဘုံမှာ ဖြစ်စေတတ်တဲ့တဏှာ ကို ပယ်ဖျောက်ပြီး ဗြဟ္မာပြည်ရောက်အောင် အလျင်အမြန် အားထုတ်သင့်ပါတယ်ဘုရား' လို့ ဗြဟ္မာနတ် သားက မြတ်စွာဘုရားကို လျှောက်ထားတယ်တဲ့။

http://www.dhammadownload.com



ဒါပေမယ့် မြတ်စွာဘုရားက သူ့စကားကို လက်မခံဘဲ ပယ်ရှားတော်မူပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ သူဆိုလိုတဲ့ ကာမတဏှာပယ်ပုံပယ်နည်းက စိတ်မချရလို့ပါပဲ၊ သူဆိုလိုတဲ့ ပယ်ပုံပယ်နည်းက သမထ ဈာန်ဖြင့်ပယ်နည်း ဖြစ်တယ်။

## ကာမတဏှာ သိစရာ

ဒီနေရာမှာ ကာမတဏှာအကြောင်း နည်းနည်း ဆက်ပြောကြဦးစို့။ ကာမတဏှာဆိုတာ (၁) အဆင်းမျိုးစုံ ရူပါရုံ၊ (၂) အသံမျိုးစုံ သဒ္ဒါရုံ၊ (၃) အနံ့မျိုးစုံ ဂန္ဓာရုံ၊ (၄) အရသာမျိုးစုံ ရသာရုံနဲ့ (၅) အတွေ့အထိမျိုးစုံ ဖောဋ္ဌဗ္ဗာရုံလို့ဆိုတဲ့ အာရုံငါးပါးနဲ့ အဲဒီအာရုံတွေရဲ့ တည်ရာမှီရာဖြစ်တဲ့ သက်ရှိသက်မဲ့ အရာဝတ္ထုတွေကို နှစ်သက်တွယ်တာ သာယာတပ်မက်တဲ့ သဘောပါပဲ။

အဲဒါကို ဆောင်ပုဒ် စီထားပါတယ်၊ ကဲ. . ဆိုကြရအောင်။

အဆင်း၊ အသံ၊ အနံ့များနဲ့၊ ရသာအစား၊ တွေ့ထိဖွယ်။
ဤငါးပါးကို နှစ်သက်လှတော့၊ ကာမတဏှာလို့ ခေါ်ပါတယ်။

http://www.dhammadownload.com



## ပယ်နည်းနှစ်တန် ကွဲပြားဟန်

အဲဒီကာမတဏှာကို ပယ်ပုံပယ်နည်းက (၁) အနာဂါမိမဂ်ဖြင့် ပယ်နည်း၊ (၂) သမထစျာန်ဖြင့် ပယ်နည်းဆိုပြီး ၂-မျိုး ရှိပါတယ်။

အနာဂါမိမဂ်ဖြင့် ပယ်နည်းကို သမုစ္ဆေဒပဟာန်လို့ ခေါ်တယ်။ သမုစ္ဆေဒပဟာန်ဆိုတာ သစ်ပင်ကို အမြစ်ကဖြတ်ပြီး ပယ်သတ်သလို ကိလေသာကို အမြစ်ဖြတ် ပယ်သတ်နည်းဖြစ်တယ်။ အနာဂါမိမဂ်ဖြင့် ပယ်အပ်တဲ့ ကာမတဏှာဟာ ဘယ်တော့မှ ပြန်မပေါ်တော့ဘူး။ တစ်ခါတည်း အမြစ်ပြတ် ချုပ်ငြိမ်းသွားတယ်။

သမထစျာန်ဖြင့် ပယ်သတ်နည်းကိုတော့ ဝိက္ခမ္ဘနပဟာန်လို့ ခေါ်တယ်။ ဝိက္ခမ္ဘနပဟာန်ဆိုတာ သစ်ပင်ကို အမြစ်က မဖြတ်ဘဲ ပင်စည်ကိုသာ ပယ်ဖြတ်ပြီး သတ်သလို ကိလေသာကို အမြစ်ချန် ပယ်သတ်နည်းပါပဲ။ ဒီနည်းက စိတ်မချရဘူး။ အမြစ်မကုန်သေးတဲ့ သစ်ပင်ငုတ်ဟာ အကိုင်းအခက်ပေါက်ဖို့ အခြေအနေ ဖန်တီးလာရင် အကိုင်းအခက် ပြန်ထွက်နိုင်သလို စျာန်ဖြင့် ပယ်သတ်အပ်တဲ့ ကာမတဏှာဟာလည်း စျာန် ရခိုက်သာ ငြိမ်းပါတယ်။ စျာန်ကွယ်ပျောက်သွားမယ်၊ စျာန်ရဲ့ အရှိန်အဝါ ကုန်သွားမယ်ဆိုရင် ဒီကာမတဏှာ ဖြစ်ပေါ်နိုင်ပါတယ်။

---

[၃] မိန်းမဆိုလျှင် မကြည့်ချင်၊ မိန်းမနံ့ကိုပင် မခံချင်သူ အနိတ္ထိဂန္ဓမင်းသားအား မိန်းမများအလယ်၌ တွေ့မြင်ရပုံ။

http://www.dhammadownload.com



http://www.dhammadownload.com



## အမျိုးသမီးဆိုရင် မကြည့်ချင်သူ

ငါးရာ့ငါးဆယ် တိကနိပါတ်၊ စူဠပလောဘနဇာတ်မှာ ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းရဲ့ သားဖြစ်တဲ့ ဘုရားအလောင်းမင်းသားဟာ မွေးစအချိန်ကစပြီး သူ့ကို အမျိုးသမီးတွေ ကိုင်လို့မရဘူး၊ နို့တိုက်တဲ့အခါ မှာတောင် နို့ထိန်းအမျိုးသမီးဟာ ကန့်လန့်ကာအတွင်းမှာ ပုန်းကွယ်ပြီး တိုက်ရတယ်တဲ့။

ဒါကြောင့် သူ့ကို အနိတ္ထိဂန္ဓမင်းသားလို့ အမည်မှည့်ထားတယ်။ သူ့အမည်က 'မိန်းမနံ့ မခံနိုင်သူ' လို့ အဓိပ္ပါယ်ရတယ်။ သူဟာ ပြေးသွားနိုင်တဲ့အရွယ်မှာ မိန်းမဆိုရင် ကြည့်တောင် မကြည့်နိုင်လို့ ခမည်းတော် မင်းကြီးက ဈာန်အိမ်ကလေး သီးခြားဆောက်ပေးပြီး သူ့ကို သီးခြားထားရတယ်တဲ့။

အဲဒီမင်းသားဟာ မိန်းမဆိုရင် ကြည့်တောင်မကြည့်နိုင်လောက်အောင် ဖြစ်ရတာဟာ ဗြဟ္မာ့ပြည်က စုတေလာသူ ဖြစ်လို့ပါပဲ။ ဗြဟ္မာဆိုတာ အနည်းဆုံး အသင်္ချေယျကပ် သုံးပုံတစ်ပုံ အသက်ရှည်တယ်။ အများဆုံး မဟာကပ် ရှစ်သောင်းလေးထောင်အထိ အသက်ရှည်တယ်။

ကမ္ဘာဦးအခါက လူတွေဟာ အသင်္ချေတမ်းအထိ အသက်ရှည်ကြပါသတဲ့။ အသင်္ချေဆိုတာ တစ်နောက်မှာ သုညပေါင်း ၁၄၀-ရှိတယ်တဲ့။ အနှစ်တစ်ရာ ကြာတိုင်းကြာတိုင်း တစ်နှစ်ဆုတ်တဲ့ နည်းနဲ့ အသင်္ချေ တမ်းမှ ၁၀-နှစ်တမ်းအထိ ဆုတ်သွားတဲ့ကာလကို ဆုတ်ကပ်လို့ ခေါ်ပါတယ်။ ၁၀-နှစ်တမ်းမှ အသင်္ချေတမ်း

http://www.dhammadownload.com



အထိ ပြန်တက်သွားတဲ့ကာလကို တက်ကပ်လို့ခေါ်တယ်။ အဲဒီ ဆုတ်ကပ် တက်ကပ်တစ်စုံဟာ အန္တရကပ် တစ်ကပ်ဖြစ်တယ်။ အန္တရကပ် ၆၄-ကပ်ဟာ အသင်္ချေယျတစ်ကပ် ဖြစ်တယ်။ အသင်္ချေယျကပ် ၄-ကပ်ဟာ မဟာကပ်ခေါ် တစ်ကမ္ဘာကာလ ဖြစ်တယ်။

အချို့ ဗြဟ္မာတွေဟာ ဒီလို ကမ္ဘာပေါင်းထောင်နဲ့သောင်းနဲ့ချီပြီး အသက်ရှည်ကြလို့ သူတို့ကို သူတို့ ထာဝရဘုရားဖြစ်တယ်၊ အခြားသတ္တဝါတွေကိုလည်း သူတို့ကပဲ ဖန်ဆင်းတယ်၊ သူတို့ဟာ ဖန်ဆင်းရှင်တွေ ဖြစ်တယ်လို့တောင် အထင်ရောက်နေတာတွေ ရှိပါတယ်။ ဗြဟ္မာ့ပြည်မှာ မိန်းမသဏ္ဍာန်လည်း မရှိဘူး။ ရှည်လျားတဲ့ ဗြဟ္မာသက်တမ်းတစ်လျှောက်လုံးမှာ သမထစျာန်အစွမ်းကြောင့် ကာမတဏှာလည်း ငြိမ်းနေပါတယ်။

အဲဒီ အနိတ္ထိဂန္ဓမင်းသားဟာ အဲဒီလို သက်တမ်းရှည်တဲ့ ဗြဟ္မာ့ပြည်က စုတေလာတာဖြစ်လို့ မိန်းမနဲ့ပတ်သက်တဲ့ ကာမတဏှာဟာ လူ့ဘဝအထိ ထကြွသောင်းကျန်းမှုမရှိဘဲ ငြိမ်နေခြင်း ဖြစ်ပါတယ်။ ခမည်းတော်နဲ့ မယ်တော်များကတော့ အိမ်ထောင်ပြုပြီး ထီးမွေနန်းမွေ ဆက်ခံစေလိုတယ်။ သူကတော့ မိန်းမဆို အနံ့တောင် ခံလို့မရအောင်၊ မကြည့်နိုင်အောင် ဖြစ်နေတယ်။

ဒါပေမယ့် မကြာပါဘူး။ ကာမတဏှာ ပြန်ပေါ်လာဖို့ ကြုံတဲ့အခါ ပြန်ပေါ်လာတာ တွေ့ရပါတယ်။

တစ်နေ့မှာ ဗြဟ္မဒတ်မင်းကြီးက 'ငါရဲ့တစ်ဦးတည်းသော သားတော်ဟာ ထီးနန်းဆက်ခံပြီး ကာမဂုဏ်စည်းစိမ် ခံစားမည့်သူ မဟုတ်ဘူး၊ ငါ့မှာ ရှားရှားပါးပါး သားတော်တစ်ပါး ရထားပေမယ့် အလကားပဲ၊ ဘာမျှ အကျိုးမများဘူး' လို့ ညည်းညူပါတယ်။ အဲဒီအခါ ကချေသည် အမျိုးသမီးတစ်ဦးက အနိတ္ထိဂန္ဓမင်း

http://www.dhammadownload.com



သားကို မာတုဂါမတို့ရဲ့ အတွေ့အထိမှာ စွဲမက်သွားအောင် ဖြားယောင်းနိုင်ကြောင်း ခမည်းတော်မင်းကြီးအား လျှောက်ထားပါတယ်။ မင်းကြီးက အလွန်ဝမ်းသာသွားတယ်။ 'ငါ့သားကို ဖြားယောင်းနိုင်ရင် ငါ့သား ရှင်ဘုရင်ဖြစ်တဲ့အခါ သင် မိဖုရားကြီး ဖြစ်စေရမယ်' လို့ ကတိပြု အားပေးစကား ပြောကြားပြီး ဖြားယောင်းခိုင်းပါတယ်။

အဲဒီ ကချေသည်အမျိုးသမီးဟာ ယောက်ျားလေးလို ဖန်ဆင်းပြီး မင်းသားထံ ခစားတယ်။ စောင်းတီးပြ၊ သီချင်းဆိုပြပြီး မင်းသားလေးကို ဖျော်ဖြေတယ်။ ပခြုပ်ထဲမှာငြိမ်ပြီး အိပ်နေတဲ့ မြွေဟောက်ကို တုတ်ကလေးနဲ့ မထိတထိတို့ပြီး ပါးပျဉ်းထအောင် ဆွပေးသလို မင်းသားလေးရဲ့တဏှာကို ထကြွလာအောင် တဖြည်းဖြည်း ဆွဆွပေးတယ်။ ဒီလိုနဲ့ တဖြည်းဖြည်း ရင်းနှီးအောင်ပြုပြီး ဖြားယောင်းလာလိုက်တာ မကြာခင်မှာ ကချေသည်မရဲ့ အတွေ့ထောင်ချောက်ထဲ မင်းသားခမြာ ဝင်တိုးမိရက်သား ဖြစ်သွားပါတယ်။

အဲဒီအခါ ငြိမ်နေတဲ့ ကာမတဏှာတွေ ပြန်ပေါ်လာတယ်။ 'မိန်းမတွေမှန်သမျှ သူတစ်ယောက်တည်းသာ ယူမယ်၊ အခြားယောက်ျားတွေ မယူရ၊ ယောက်ျားတွေ မရှိရ' ဆိုပြီး ယောက်ျားမြင်တာနဲ့ သံလျက်ဆွဲပြီး သတ်ဖို့ အတင်းလိုက်ပါတော့တယ်။ ခမည်းတော်မင်းကြီးကလည်း သားတော်ကို ဘယ်လိုမှ မထိန်းနိုင်တော့တာနဲ့ အဲဒီ ကချေသည်မနဲ့ သားတော် မင်းသားတို့ကို တိုင်းပြည်မှ နှင်ထုတ်လိုက်ရတယ်တဲ့။

---

[၄] မိန်းမများကို မုန်းတီးနေသည့် မင်းသားငယ်အား ကချေသည်မတစ်ဦးက ယောက်ျားယောင်ဆောင်၍ မာယာဖြင့် ဖြားယောင်းနေပုံနှင့် မိမိမယားကို ကျူးလွန်သောရသေ့အား လိုက်လံရန်ပြုနေပုံ။

http://www.dhammadownload.com



အဲဒါနဲ့ သူတို့နှစ်ယောက်ဟာ ဂင်္ဂါမြစ်နဲ့ သမုဒ္ဒရာအကြားမှာ သစ်ရွက်တဲဆောက်ပြီး နေကြရတယ်။

တစ်နေ့မှာ ဘုရားအလောင်းမင်းသား သစ်သီးအရှာသွားခိုက် သမုဒ္ဒရာကျွန်းငယ်တစ်ခုမှ ဈာန်အဘိညာဉ်ရ ရသေ့တစ်ဦးဟာ ဘုရားအလောင်းနေရာသို့ ကောင်းကင်ခရီးဖြင့် ရောက်လာပါတယ်။

အဲဒီ ရသေ့ဟာ သမထဈာန်အစွမ်းဖြင့် ကာမတဏှာ ငြိမ်နေသူဖြစ်တယ်။ ဈာန်မလျှောဘဲ သေရင် ဗြဟ္မာပြည်ရောက်မှာ သေချာတယ်။ ဒါပေမယ့် ကချေသည်မနဲ့တွေ့တဲ့အခါ ငုပ်နေတဲ့ ကာမတဏှာတွေ ပြန်ပေါ်လာပြီး သူလည်း ဈာန်လျှောသွားတယ်။ အဲဒီ ကချေသည်မနဲ့ ဖောက်ပြားမိတဲ့အထိ ကာမတဏှာတွေ ပြန်လည် သောင်းကျန်းလာတယ်တဲ့။

အဲ . . ဘုရားအလောင်းမင်းသား သစ်သီးရှာက ပြန်လာလို့ သူ့အမျိုးသမီးအနားမှာ ရသေ့ကို တွေ့တယ်ဆိုရင်ပဲ သတ်ဖို့ ဓားကိုဆွဲပြီး အတင်းလိုက်တယ်။ ရသေ့လည်း ကြောက်အားလန့်အားနဲ့ ပြေးတယ်။

ဒါပေမယ့် ဈာန်လျှောနေတဲ့ ရသေ့ဆိုတော့ ကောင်းကင်က မပြေးနိုင်တော့ဘူး။ မြေပြင်မှာ ခြေလျင်ပဲ ပြေးရတော့တာပေါ့။ ဒီလို လိုက်သူကလိုက် ပြေးသူကပြေးနဲ့ နောက်ဆုံးမှာ သူတို့ဟာ သမုဒ္ဒရာကမ်းသို့ ဆိုက်ရောက်လာကြပါတယ်။ သမုဒ္ဒရာ ကာဆီးနေလို့ ဆက်မပြေးနိုင်တဲ့ ရသေ့ဟာ ကောင်းကင်သို့ ခုန်တက်ပါတယ်။ ဒါပေမယ့် သူ့မှာ ဈာန်လက်ကျန်က ဘာမျှမရှိလေတော့ မိုးပေါ်မရောက်ဘဲ ရေထဲလိမ့်ကျသွားပါတယ်။

http://www.dhammadownload.com



ဒီတော့မှ ဘုရားအလောင်းက စဉ်းစားတယ်။ 'ဒီရသေ့ဟာ ဈာန်ရ ရသေ့ဖြစ်ရမယ်၊ သူလာစဉ်က ကောင်းကင်မှ ဈာန်နဲ့လာတာ ဖြစ်ရမယ်၊ ကချေသည်မနဲ့ တွေ့မှ ဈာန်လျှောတာဖြစ်ရမယ်' လို့ တွေးမိပြီး ရသေ့ကို မေးပါတယ်။

ရသေ့က အကြောင်းစုံကို ပြန်ပြောပြတယ်။ ပျောက်ကွယ်သွားတဲ့ ဈာန်ကိုလည်း ရေထဲမှာနေရင်း ပြန်ရအောင် အားထုတ်ပြီး လိုရာအရပ်သို့ ကောင်းကင်ခရီးဖြင့် ကြွသွားပါတယ်။

ဘုရားအလောင်း မင်းသားလည်း ကချေသည်မကို နေပြည်တော်သို့ ပြန်ပို့ပြီး ရသေ့ရဟန်း ပြုသွားပါတယ်။

ဒီဝတ္ထုမှာပါတဲ့ ဘုရားအလောင်း အနိတ္ထိဂန္ဓမင်းသားနဲ့ ဈာန်အဘိညာဉ်ရ ရသေ့တို့ရဲ့ အဖြစ်ကို လေ့လာကြည့်ရင် သမထဈာန်အစွမ်းဖြင့် ပယ်အပ်တဲ့ ကာမတဏှာဟာ စိတ်မချရဘူး။ သမထဈာန်က ကာမတဏှာကို အမြစ်ပြတ်အောင် မပယ်သတ်နိုင်ဘူးဆိုတာ ထင်ရှားပါတယ်။

ဒါပေမယ့် မြတ်စွာဘုရားကို လျှောက်ထားလာတဲ့ ပြဿနာကတော့ သမထဈာန်ဖြင့် ပယ်အပ်တဲ့ ကာမတဏှာဟာ ပြန်ပေါ်နိုင်တယ်ဆိုတာကို မသိပါဘူး။ မြတ်စွာဘုရားကသာ သဗ္ဗညုဉာဏ်ရှင် ဖြစ်တော်မူတဲ့ အတိုင်း ဒီအခြေအနေတွေကို အကုန်အစင် သိမြင်တော်မူခြင်း ဖြစ်ပါတယ်။

http://www.dhammadownload.com



## မြတ်စွာဘုရား ပြန်မိန့်ကြား

ဒါကြောင့် ဗြဟ္မာရဲ့စကားကို လက်မခံဘဲ မြတ်စွာဘုရားက ဒီလို ပြန်လည်ဟောကြားတော်မူတယ်တဲ့။

သတ္တိယာ ဝိယ ဩမဋ္ဌော၊ ဒယှမာနောဝ မတ္ထကေ။
သက္ကာယဒိဋ္ဌိ ပဟာနာယ၊ သတော ဘိက္ခု ပရိဗ္ဗဇေ။ ။

မဟာဗြဟ္မေ၊ မိုးဖျားပျော်ကာ ငါ့ထံလာသည့် ဒကာမိုးနတ် ဗြဟ္မာမြတ်။ သတ္တိယာ၊ လှံဖြင့်။ ဩမဋ္ဌော၊ ရင်ဝလယ်၌ ထိုးစိုက်ခံရ နာကျင်လှတဲ့သူသည်။ တံ၊ ထိုစူးဝင်နေတဲ့ လှံကို။ ပဟာနာယ၊ ပယ်နုတ်ခြင်းငှာ။ အာရဘတိ ဝိယ စ၊ အားထုတ်ရာသကဲ့သို့လည်းကောင်း။ မတ္ထကေ၊ ဦးခေါင်းထက်၌။ ဒယှမာနော၊ ဟုန်းဟုန်း ပြောင်ပြောင် မီးလောင်ခံရ ပူလောင်လှတဲ့သူသည်။ တံ၊ ထိုဟုန်းဟုန်းပြောင်ပြောင် တောက်လောင်၍နေတဲ့ မီးကို။ နိဗ္ဗာပေတုံ၊ ငြိမ်းစေခြင်းငှာ။ အာရဘတိက္ကံ စ၊ အားထုတ်ရာသကဲ့သို့လည်းကောင်း။ ဧဝမေဝ၊ ဤ အတူသာလျှင်။ ဘိက္ခု၊ သံသရာဘေး လာမည့်ရေးကို မျှော်တွေးရှု့ကြောက်လေ့ရှိသောသူသည်။ သက္ကာယ ဒိဋ္ဌိ၊ ထင်ရှားရှိတဲ့ ရုပ်နာမ်အစဉ်မျှ၌ အတ္တအယောင် ငါကောင်အနေအားဖြင့် အထင်မှား၍နေတဲ့ သက္ကာယ ဒိဋ္ဌိကို။ ပဟာနာယ၊ အကြွင်းမဲ့ပယ်သတ်ခြင်းငှာ။ သတော၊ အမှတ်သတိ မပြတ်ရရှိသည်ဖြစ်၍။ ပရိဗ္ဗဇေ၊ သုတ်သုတ်လျင်စွာ အားထုတ်နိုင်ရာ၏။ ဝါ-ခေါင်းက မီးလှုံ ရင်ဝလှံကို ပယ်ငြိမ်းရန်သာ အားထုတ်ရာ သကဲ့သို့ သက္ကာယဒိဋ္ဌိကို အကြွင်းမဲ့ ပယ်သတ်နိုင်ကြကုန်ရာသတည်း။

သာဓု . . သာဓု . . သာဓု။

http://www.dhammadownload.com





'ကာမတဏှာကို သမထချာန်အစွမ်းဖြင့် ပယ်ခွာရေးကို အလေးပေးကာ လျှောက်ထားလာတဲ့ ဒကာ မိုးနတ်ပြဟ္မာမြတ်။ ရင်ဝမှာ လှံစူးခံနေရတဲ့သူဟာ အဲဒီလှံကို ပယ်နုတ်ဖို့ အရေးတကြီး အားထုတ်ရသလို၊ သံသရာကို ဘေးလို့ ရှုသူတိုင်းဟာ သက္ကာယဒိဋ္ဌိကို ပယ်သတ်နိုင်ရန် အလျင်အမြန် အားထုတ်ရမယ်။ ခေါင်းကို မီးလောင်ခံနေရတဲ့သူဟာ အဲဒီမီးကို ငြိမ်းသတ်နိုင်ရန် အလျင်အမြန် အရေးတကြီး အားထုတ်ရသလို သံသရာဘေးကို ရှုလေ့ရှိသူတိုင်းဟာ သက္ကာယဒိဋ္ဌိကို အကြွင်းမဲ့ ပယ်သတ်နိုင်ရန် အလျင်အမြန် အားထုတ်ရမယ်' လို့ မြတ်စွာဘုရားက ပြဟ္မာရဲ့ ပြောစကားထဲက ဥပမာပိုင်းကိုသာ ယူပြီး 'ကာမတဏှာ ပယ်ရမယ်' ဆိုတဲ့ ဥပမေယျပိုင်းကို ပယ်မြစ်တော်မူပါတယ်။

## ပြဟ္မာဖြစ်တော့ တဝင်းဝင်း

မှန်ပါတယ်။ သမထချာန်အစွမ်းဖြင့် ကာမတဏှာ ငြိမ်းရုံနဲ့တော့ အပါယ်လေးပါးဘေးက မကင်းဝေး မလွတ်မြောက်နိုင်သေးပါဘူး။ သက္ကာယဒိဋ္ဌိပြုတ်မှသာ အပါယ်ဘေးက လုံးဝ ကင်းဝေးလွတ်မြောက်နိုင်ပါတယ်။ သက္ကာယဒိဋ္ဌိ မကင်းသေးရင် ပြဟ္မာပဲဖြစ်ဖြစ်၊ ဘာပုဂ္ဂိုလ်ကြီးပဲဖြစ်ဖြစ် ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်ဆိုတဲ့ အပါယ်လေးပါးဘေးက မလွတ်မြောက်နိုင်သေးပါဘူး။

'ပြဟ္မာဖြစ်တော့ တဝင်းဝင်း၊ ဝက်စကျင်းမှာ တရှုံ့ရှုံ့' ဆိုတဲ့စကားဟာ သက္ကာယဒိဋ္ဌိ မကင်းသေးရင် ဘယ်သူမှ စိတ်မအေးရသေးဘူး။ ဒီနေ့ ပြဟ္မာကြီးဖြစ်နေရပေမယ့် တစ်ချိန်မှာ ပြဟ္မာ့ပြည်မှ စုတေ၊ ကာမ

http://www.dhammadownload.com



သုဂတိခေါ်တဲ့ လူ့ဘုံ နတ်ဘုံတွေမှာ တစ်ထောက်နားပြီး အပါယ်လေးပါးသို့လည်း ကျရောက်နိုင်သေးတယ် ဆိုတာကို မီးမောင်းထိုးပြနေတဲ့ အဖိုးတန် ဆိုရိုးစကားပါပဲ။ ဒီစကားဟာ ဓမ္မပဒ အဋ္ဌကထာလာ ဝက်ငယ်မလေးဝတ္ထုကို အကြောင်းပြုပြီး ပေါ်လာဟန်တူပါတယ်။

အခါတစ်ပါးမှာ မြတ်စွာဘုရားဟာ ရဟန်းတော်များနှင့်အတူ ရာဇဂြိုဟ်မြို့တွင်းမှာ ဆွမ်းခံလှည့်လည်တော်မူပါတယ်။ တစ်နေရာရောက်တော့ ရွှံ့အိုင်ထဲမှာ အစာစားနေတဲ့ ဝက်မလေးတစ်ကောင်ကို မြင်တော်မူပြီး မြတ်စွာဘုရား ပြုံးတော်မူပါတယ်။ မြတ်စွာဘုရား ပြုံးတော်မူတဲ့အခါ သွားတော် ၄၀၊ စွယ်တော် ၄-ဆူမှ ဖြူဖွေးသော ရောင်ခြည် ထွက်တော်မူမြဲ ဖြစ်ပါတယ်။ အဲဒီရောင်ခြည်တော်ကို ညီတော်အာနန္ဒာ ဖူးတွေ့ရတော့ မြတ်စွာဘုရားအား ပြုံးတော်မူရခြင်းရဲ့ အကြောင်းကို မေးလျှောက်ပါတယ်။

အဲဒီအခါ မြတ်စွာဘုရားက ရွှံ့အိုင်ထဲက ဝက်မလေးကို ညွှန်ပြတော်မူပြီး ဒီဝက်မလေးကို မြင်၍ ပြုံးတော်မူခြင်းဖြစ်ကြောင်း မိန့်ကြားတော်မူပါတယ်။ ဒါ့အပြင် အဲဒီ ဝက်မလေးရဲ့ အတိတ်ဇာတ်လမ်းကိုပါ မြတ်စွာဘုရားက ရဟန်းတော်များ သံဝေဂရလောက်အောင် ထပ်မံဟောကြားတော်မူပါတယ်။

အဲဒီ ဝက်မလေးဟာ ကကုသန် မြတ်စွာဘုရားလက်ထက်က တောကျောင်းတစ်ကျောင်းအနီးမှာ ကြက်မလေး ဖြစ်ခဲ့ပါတယ်။ ကြက်မလေးမဖြစ်ခင် လူဖြစ်ခဲ့သေးတယ်။ အဲဒီ ကြက်မလေးဟာ တောကျောင်း

---

[၅] မြတ်စွာဘုရားသခင်သည် ရဟန်းတော်များနှင့်အတူ ရာဇဂြိုဟ်မြို့တွင်း၌ ဆွမ်းခံလှည့်လည်တော်မူစဉ် ဝက်မလေး၏ အတိတ်ဇာတ်ကြောင်းကို မြင်တော်မူ၍ ပြုံးတော်မူပုံ။

http://www.dhammadownload.com



http://www.dhammadownload.com



ဘုန်းကြီး နေ့စဉ် ရွတ်ဖတ်သရဇ္ဈာယ်တဲ့ ကမ္မဋ္ဌာန်းတရားသံကို အမြဲတမ်းလိုလို ကြားနေရပါတယ်။ တစ်နေ့မှာ ကြက်မလေးဟာ ကမ္မဋ္ဌာန်းတရားသံကို အာရုံပြု ကြားနာနေရင်း စွန်ရဲ့ အသုတ်ခံရလို့ ခေါင်းပြတ်ပြီး ဇီဝိန်ချုပ်ခဲ့ရပါတယ်။

ကြက်ဘဝက သေတဲ့အခါ တရားနာခဲ့ရတဲ့ ကုသိုလ်ကံကြောင့် ဥပရိအမည်ဖြင့် မင်းသမီးသွားဖြစ်တယ်။ အရွယ်ရောက်တော့ ပရိဗိုဇ်မဝတ်တယ်။ တစ်နေ့မှာ ဥပရိပရိဗိုဇ်မဟာ အိမ်သာတက်ရင်း ပိုးလောက်တွေကို မြင်တွေ့ရာမှ ပုဠုဝက သမထ ကမ္မာဋ္ဌာန်းကို နှလုံးသွင်း စီးဖြန်းတာနဲ့ ပထမဈာန် ရပါတယ်။ အဲဒီဈာန် မလျှောဘဲ သေဆုံးတဲ့အခါ ဗြဟ္မာ့ပြည်မှာ ဗြဟ္မာ သွားဖြစ်တယ်တဲ့။

အဲဒီ ဗြဟ္မာ့ပြည်က စုတေတော့ လူ့ပြည်မှာ သူကြွယ်လာဖြစ်ပါတယ်။ အဲဒီ သူကြွယ်ဘဝက သေတော့ မြတ်စွာဘုရားရှေ့ (ရွှံ့ဗွက်ထဲ) မှာ အစာစားနေတဲ့ ဝက်ငယ်မလေး လာဖြစ်နေပြန်ပြီတဲ့။

ဒါနဲ့ များတောင် တချို့က လူသေရင် လူဖြစ်တယ်၊ နတ်ဘုံ ငရဲဘုံဆိုတာ မရှိဘူးလို့ ပြောဟောနေကြတယ်။ ဒီအယူအဆတွေကတော့ ဘုရားမပွင့်ခင်ကလည်း ရှိနေခဲ့တာပါပဲ။ ဘုရားလက်ထက်မှာလည်း ရှိဆဲပါပဲ။ ဒါကြောင့် ဒီခေတ်မှာပေါ်တာ မဆန်းပါဘူး။ အမှန်ကတော့ သက္ကာယဒိဋ္ဌိမကင်းသေးဘဲ ပုထုဇဉ်

---

[၆] ရှေးဘဝ ဘဝများက ကြက်မလေး, ပရိဗိုဇ်မ, ဗြဟ္မာ, သူကြွယ်ယောကျ်ား ဖြစ်ခဲ့ရဖူးသည့် ဝက်မလေးအားတွေ့မြင်ရပုံ။

http://www.dhammadownload.com



http://www.dhammadownload.com



ဘဝနဲ့သေရင် ဂတိမမြဲသေးဘူး။ (၁) လူသေရင် လူလည်း ပြန်ဖြစ်နိုင်တယ်၊ (၂) နတ်လည်း သွားဖြစ်နိုင်တယ်၊ (၃) တိရစ္ဆာန်လည်း သွားဖြစ်နိုင်တယ်၊ (၄) ပြိတ္တာလည်း ဖြစ်နိုင်တယ်၊ (၅) ငရဲကျရင်လည်း ကျနိုင်တယ်။ ဒီဂတိငါးပါးထဲက တစ်ပါးပါးတော့ လားကြရပါတယ်။

လူသေတိုင်း လူမဖြစ်ဘူးဆိုတာ သတိပြုကြဖို့ တရားဆောင်ပုဒ်လေးတွေ ဆိုကြဦးစို့။

ပုထုဇဉ်တွေ သေလွန်သွားတော့၊ လားရာဂတိ မမြဲဘူးကွယ်။
လူ နတ် တိရစ္ဆာန် ပြိတ္တာများနဲ့၊ ငရဲဘုံသား ဖြစ်နိုင်တယ်။
ရာဇဂြိုဟ်သူ ဝက်ငယ်မမှာ၊ လူ့ဘဝက ပြောင်းလာတယ်။
လူမဖြစ်မီ ဗြဟ္မာမင်းကွဲ့၊ ကိုယ်ရောင်းဝင်းဝင်း တောက်ခဲ့တယ်။
ငရဲ နတ်ဘုံ မယုံသူများတို့၊ သတိထားဖို့ ကောင်းပါတယ်။
မှတ်ကွယ်. . . မှတ်ကွယ်။

ဒီဝက်မလေးရဲ့အဖြစ်ကို ကြည့်ရင် ဗြဟ္မာဖြစ်အောင် ကာမတဏှာ ပယ်ခွာရေးထက် အပါယ်မကျအောင် သက္ကာယဒိဋ္ဌိ အပြုတ်ဖြုတ်ရေးက ပိုအရေးကြီးတယ်ဆိုတာ ထင်ရှားပါတယ်။

http://www.dhammadownload.com



ဒါကြောင့်လည်း မြတ်စွာဘုရားက ပြဟ္မာရဲ့စကားကို လက်မခံဘဲ 'သက္ကာယဒိဋ္ဌိ ပယ်သတ်ရေး' ကို အရေးတကြီး ဟောကြားတော်မူခြင်း ဖြစ်တယ်လို့ ဆိုနိုင်ပါတယ်။ ဒီလောက်ဆိုရင် သက္ကာယဒိဋ္ဌိပယ်ဖို့ အလွန် အရေးကြီးကြောင်း သိလောက်ပါပြီ။

## သက္ကာယဒိဋ္ဌိ ဝင်ပုံသိ

ယခု အချိန်ကစပြီး သက္ကာယဒိဋ္ဌိရဲ့ အဓိပ္ပါယ်၊ သက္ကာယဒိဋ္ဌိဝင်ပုံနှင့် ပယ်သတ်နည်းတွေကို သိသာရုံ ဟောကြားမယ်။

[**မှတ်ချက်။** ။ အကျယ် သိချင်ရင်တော့ ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီးရဲ့ တက္ကသိုလ် ဝိပဿနာတရားတော်မှာ ကြည့်ရှုလေ့လာကြပါ။]

သက္ကာယ ဆိုတာ သ + ကာယ - ဆိုတဲ့ ပါဠိ ၂-ပုဒ်ကို တွဲစပ်ထားတဲ့ စကားဖြစ်တယ်။ သ=ထင်ရှားရှိသော၊ ကာယ=ရုပ်နာမ် အပေါင်းတဲ့။

ဒီတော့ သက္ကာယဆိုတာ ထင်ရှားရှိတဲ့ ရုပ်နာမ်လို့ ဆိုလိုပါတယ်။ ဒိဋ္ဌိက အယူအဆ လွဲမှားမှုတဲ့။ ဒီတော့ သက္ကာယဒိဋ္ဌိဆိုတာ 'ထင်ရှားရှိတဲ့ ရုပ်နာမ်အပေါ်မှာ အယူအဆ အထင်အမြင် လွဲမှားမှု' လို့ ဆိုလိုပါတယ်။

http://www.dhammadownload.com



ရုပ်ဆိုတာ အရေအတွက်အနေနဲ့ ၂၈-ခုရှိပေမယ့် သဘောတရားအနေနဲ့ကတော့ မသိတတ်တဲ့ သဘောတစ်ခုပါပဲ။ (စွဲလမ်းနိုင်တဲ့) နာမ်ဟာလည်း လောကီစိတ် ၈၁-ခု၊ စေတသိက် ၅၂-ခုရှိပေမယ့် သဘောတရားအနေနဲ့ကတော့ သိတတ်တဲ့ သဘောတစ်ခုမျှသာ ဖြစ်ပါတယ်။

အဲဒီ ရုပ်နဲ့နာမ်ဟာ အာရုံနဲ့ဒွါရဆုံတွေ့တိုင်း ထင်ရှားရှိနေပါတယ်။ အဲဒီလို ထင်ရှားရှိလို့လည်း ဒီ ရုပ်နဲ့နာမ်ကို သက္ကာယလို့ နာမည်တစ်မျိုး ပြောင်းခေါ်ပါတယ်။

အဲဒီ သက္ကာယ ရုပ်နာမ်ကို ငါပဲ၊ သူပဲ၊ ယောက်ျားပဲ၊ မိန်းမပဲ စသည်ဖြင့် အထင်အမြင် အယူအဆ လွဲမှားတာဟာ သက္ကာယဒိဋ္ဌိ ဖြစ်ပါတယ်တဲ့။

ကဲ. . ဆောင်ပုဒ်လေးတွေ ဆိုကြရအောင်. . .

သိတတ်တာဟာ နာမ်သဘောကွယ့်၊ မသိတဲ့သဘော ရုပ်ဖြစ်တယ်။
ထင်ရှားရုပ်နာမ် တစ်မည်ရဖို့၊ သက္ကာယလို့ ခေါ်ကြတယ်။
သက္ကာယရုပ်နာမ် ငါထင်မိတော့၊ သက္ကာယဒိဋ္ဌိ စွဲငြိတယ်။

အခု ပြောခဲ့တာတွေကတော့ သက္ကာယဒိဋ္ဌိရဲ့ အဓိပ္ပါယ်နဲ့ သက္ကာယဒိဋ္ဌိဝင်ပုံ အကျဉ်းချုပ်ပါပဲ။ ဒါပေမယ့် ဒီလောက်နဲ့တော့ မသိသာသေးဘူး။ ဒါကြောင့် သိသာအောင် ဆက်ကြဦးစို့။

http://www.dhammadownload.com



## မြင်ဆဲမှာပင် သူ့စွဲဝင်

အဆင်းမျိုးစုံ ရူပါရုံက မျက်စိအကြည်မှာ လာထိခိုက်တဲ့အခါ မြင်သိစိတ် (စေတသိက်) ဖြစ်ပေါ်လာတယ်။ အဆင်းရယ်၊ မျက်စိအကြည်ရယ်၊ မြင်သိစိတ်ရယ် ဒီ ၃-မျိုးထဲမှာ အဆင်းနဲ့ မျက်စိအကြည်က ရုပ်တရား၊ မြင်သိစိတ်ကတော့ နာမ်တရား ဖြစ်တယ်။ ဒါကြောင့် မြင်ဆဲမှာ ရုပ်နဲ့နာမ်ဟာ တကယ် ထင်ရှားရှိနေတယ်။ အဲဒီ ထင်ရှားရှိနေတဲ့ ရုပ်နာမ်ကို သက္ကာယလို့ ခေါ်တယ်။

မြင်ဆဲမှာ ထင်ရှားရှိတဲ့ အဆင်းရုပ်ဟာ အမြင်ခံရတဲ့သဘောမျှ ဖြစ်တယ်။ သူက မမြင်တတ်ဘူး။ မျက်စိအကြည်ရုပ်ကလည်း မြင်စေတတ်တဲ့ အကြောင်းမျှသာ ဖြစ်တယ်။ သူလည်း မမြင်တတ်ဘူး။ မြင်တတ်တာဟာ မြင်သိစိတ်ရဲ့အလုပ် ဖြစ်ပါတယ်။ ဒီသဘောတွေကို မသိရင် မြင်ဆဲရုပ်နာမ်အပေါ်မှာ အထင်အမြင်လွဲမှားမှု သက္ကာယဒိဋ္ဌိ ဝင်လာပါတယ်။

ဘယ်လိုလဲဆိုရင် မြင်တာငါပဲ ဆိုတဲ့ 'မြင်သိစိတ်ကို ငါကောင်ထင်' တဲ့ သက္ကာယဒိဋ္ဌိ ဝင်ပါတယ်။ ငါဆိုတာ ပညတ်မျှ ဖြစ်ပါတယ်။ တကယ် မရှိပါဘူး။ ဒါကြောင့် မြင်သိစိတ်ကို ငါကောင်ထင်တာ မှားပါတယ်။

မျက်စိက မြင်တာပဲလို့ အယူအဆလွဲမှားရင်လည်း 'မျက်စိရုပ်ကို ငါကောင်ထင်တဲ့ သက္ကာယဒိဋ္ဌိ' ပါပဲ။

http://www.dhammadownload.com



တကယ်မြင်ရတာဟာ အဆင်းရုပ်သက်သက်မျှသာ ဖြစ်ပါတယ်။ ဒါကိုမသိရင် အကောင်အထည်ကို မြင်တယ်၊ ယောကျ်ားကိုမြင်တယ်၊ မိန်းမကို မြင်တယ် စသည်ဖြင့် အထင်အမြင် လွဲမှားမှု ဖြစ်ပါတယ်။ ဒါဟာ အဆင်းရုပ်ကို အကောင်အထည်ထင်တဲ့ သက္ကာယဒိဋ္ဌိဖြစ်ပါတယ်။

ဒီလို မြင်ဆဲရုပ်နာမ်အပေါ် အယူအဆလွဲမှားတဲ့ သက္ကာယဒိဋ္ဌိဟာ အပါယ်ချနိုင်ပါတယ်တဲ့။ ကဲ. . . တရားဆောင်ပုဒ်လေးတွေ ဆိုကြဦးစို့. . .

အဆင်းအာရုံ မျက်စိထိတော့၊ မြင်သိစိတ်ခဏ ပေါ်လာတယ်။
မြင်တက်တာဟာ မြင်သိစိတ်ကွယ့်၊ ငါ မမှတ်နဲ့ မှားပါတယ်။
မြင်သိစိတ်ကို ငါ ထင်မိတော့၊ သက္ကာယဒိဋ္ဌိ စွဲငြိတယ်။
မျက်စိရုပ်ကို ငါ ထင်လွဲလဲ၊ ဒိဋ္ဌိစွဲပဲ ဖြစ်ပါတယ်။
အပါယ်ချတာ သူပါပဲကွယ့်၊ မဝင်ရဲအောင် တားရမယ်။
တားကွယ်. . . တားကွယ်။

## မြင်ဆဲရှုရင် ကိလေစင်

မြင်ခိုက်မှာ အဲဒီ သက္ကာယဒိဋ္ဌိ ဝင်လာတာဟာ ဝိပဿနာ မရှုလို့ ဖြစ်ပါတယ်။ ဝိပဿနာမရှုရင် သက္ကာယဒိဋ္ဌိမှ မဟုတ်ပါဘူး။ လောဘ၊ ဒေါသ-စတဲ့ ကိလေသာတွေလည်း အလျဉ်းသင့်သလို ဝင်တာပါပဲ။

မြင်ရတဲ့အဆင်းက ကောင်းတဲ့အဆင်းဖြစ်ရင် လောဘဝင်မယ်။ မကောင်းတဲ့အဆင်း၊ အလိုမရှိအပ်တဲ့အဆင်း ဖြစ်မယ်ဆိုရင် ဒေါသဝင်ပါမယ်။ စောစောကပြောခဲ့တဲ့အတိုင်း မြင်ဆဲရုပ်နာမ်ကို အကောင်အထည်ထင်ရင်လည်း အပါယ်ချနိုင်တဲ့ သက္ကာယဒိဋ္ဌိ ဝင်မယ်တဲ့။

ဒါကြောင့် ယောဂီပုဂ္ဂိုလ်ဟာ မြင်တိုင်းမြင်တိုင်း သက္ကာယဒိဋ္ဌိ စတဲ့ ကိလေသာတွေ မဝင်နိုင်အောင် 'မြင်တယ်၊ မြင်တယ်' လို့ မပြတ် ရှုမှတ်သွားရပါတယ်။

ဒီနေရာမှာ 'မြင်တယ်၊ မြင်တယ်' လို့ မှတ်တာဟာ 'အခေါ်အဝေါ်' စကားလုံးကို သိရုံမှတ်နေတာ မဟုတ်ဘူး။ မြင်ဆဲမှာ တကယ်ထင်ရှားရှိတဲ့ 'အခေါ်ခံ' သဘော ရုပ်နာမ်စစ်စစ်တွေကို အမှန်အတိုင်း သိအောင် မှတ်နေတာ ဖြစ်တယ်ဆိုတာကိုတော့ သတိပြုစေလိုပါတယ်။ ဒါကို သတိမပြုမိရင် 'မြင်တယ်၊ မြင်တယ်' မှတ်လို့ တရားမရနိုင်ဘူးလို့ အထင်မှားတတ်ပါတယ်။

အဲဒီလို မြင်တိုင်း မြင်တိုင်း၊ မြင်တယ် မြင်တယ်လို့ မပြတ်ရှုမှတ်သွားရင် သက္ကာယဒိဋ္ဌိစတဲ့ ကိလေသာတွေဟာ အခိုက်အတန့်အားဖြင့် ငြိမ်းငြိမ်းသွားမယ်။ ဒီအတိုင်း ဆက်မှတ်သွားလို့ ဝိပဿနာဉာဏ်စဉ် အဆင့်ဆင့်တက်ပြီး သောတာပတ္တိမဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို သိမြင်ဆိုက်ရောက် မျက်မှောက်ပြုနိုင်သည်အထိ ဆိုက်ရောက်သွားမယ်ဆိုရင် သက္ကာယဒိဋ္ဌိ အမြစ်ပြတ်ချုပ်ငြိမ်းပြီး အပါယ်ဘေးက လုံးဝ ကင်းဝေးလွတ်မြောက်သွားနိုင်တယ်တဲ့။

http://www.dhammadownload.com



ကဲ. . တရားဆောင်ပုဒ်လေးတွေ ဆိုကြရအောင်. . .

မြင်ဆဲရုပ်နာမ် မရှုမှတ်လို့၊ လော, ဒေါ, အတ္တ ဝင်ပါတယ်။
မြင်ဆဲရုပ်နာမ် မပြတ်မှတ်တော့၊ လော, ဒေါ, အတ္တ ကင်းပါတယ်။
ဆက်၍သာပင် တွင်တွင်မှတ်ကွယ့်၊ ဉာဏ်စဉ်မြတ်နဲ့ မဂ်ဆိုက်မယ်။
မဂ်ဖိုလ်ဆိုက်အောင် ရှုမှတ်ပွားတော့၊ အပါယ်တံခါး ပိတ်ပါတယ်။
မှတ်ကွယ်. . . မှတ်ကွယ်။

## ကြားဆဲမှာလည်း သူ့ဝင်စွဲ

အသံမျိုးစုံ သဒ္ဒါရုံက နားအကြည်ရုပ်ကို လာထိခိုက်တဲ့အခါကျတော့ ကြားသိစိတ်နဲ့ (ယှဉ်ဘက်စေတသိက်တွေ) ဖြစ်ပေါ်လာတယ်တဲ့။

(၁) အသံရယ်၊ (၂) နားအကြည်ရယ်၊ (၃) ကြားသိစိတ်ရယ်၊ ဒီသုံးမျိုး ရှိတဲ့အထဲက အသံနဲ့ နားအကြည်က ရုပ်တရား၊ ကြားသိစိတ်ကတော့ နာမ်တရားဖြစ်တယ်၊ ဒါကြောင့် ကြားဆဲမှာ ရုပ်နဲ့ နာမ်ဟာ တကယ် ထင်ရှားရှိနေပါတယ်။ အဲဒီ ထင်ရှားရှိတဲ့ ရုပ်နာမ်ကိုပဲ သက္ကာယလို့ ခေါ်ပါတယ်။

ကြားဆဲမှာ ထင်ရှားရှိတဲ့ အသံဟာ အကြားခံရတဲ့သဘောမျှ ဖြစ်တယ်။ သူက မကြားတတ် မသိတတ်ဘူး။ နားအကြည်ရုပ်က ကြားစေတတ်တဲ့ အကြောင်းအပံ့မျှသာ ဖြစ်တယ်။ သူကလည်း မကြားတတ်၊

http://www.dhammadownload.com



မသိတတ်ပါဘူး။ ကြားတတ်တာဟာ ကြားသိစိတ်ရဲ့ အလုပ်ဖြစ်ပါတယ်။ ဒီသဘောတွေကို မသိရင် ကြားဆဲ ရုပ်နာမ်အပေါ် အထင်အမြင်လွဲမှားမှု သက္ကာယဒိဋ္ဌိ ဝင်လာပါတယ်။

ဘယ်လိုလဲဆိုရင် ကြားတာ ငါပဲဆိုတဲ့ 'ကြားသိစိတ်ကို ငါကောင်ထင်တဲ့ သက္ကာယဒိဋ္ဌိ' ဝင်ပါတယ်။ ငါဆိုတာ အပြောမှန်မှုသာ ဖြစ်ပါတယ်။ တကယ် မရှိပါဘူး။ ဒါကြောင့် ကြားသိစိတ်ကို ငါကောင်ထင်တာ မှားပါတယ်။

တကယ် ကြားရတာဟာ အသံသက်သက်မျှသာ ဖြစ်ပါတယ်။ ဒါကို မသိရင် ခွေးသံ ကြားတယ်၊ ကြောင်သံ ကြားတယ်၊ မိန်းမသံ ကြားတယ်၊ ယောကျ်ားသံ ကြားတယ် စသည်ဖြင့် အထင်အမြင် လွဲမှားမှု ဖြစ်လာပါတယ်။

ဒါဟာ အသံရုပ်ကို အကောင်အထည်ထင်တဲ့ သက္ကာယဒိဋ္ဌိဖြစ်ပါတယ်။ ဒီလို ကြားဆဲရုပ်နာမ်အပေါ် အထင်အမြင်လွဲမှားမှု သက္ကာယဒိဋ္ဌိဟာလည်း အပါယ်ချနိုင်ပါတယ်။

ကဲ. . တရားဆောင်ပုဒ်လေးတွေ ဆိုကြဦးစို့. . .

အသံအာရုံ နားရုပ်ထိတော့၊ ကြားသိစိတ်ခာတ် ပေါ်လာတယ်။
ကြားတတ်တာဟာ ကြားသိစိတ်ကွယ့်၊ ငါ မမှတ်နဲ့ မှားပါတယ်။
ကြားသိစိတ်ကို ငါ ထင်မိတော့၊ သက္ကာယဒိဋ္ဌိ စွဲငြိတယ်။

http://www.dhammadownload.com



နားရုပ်ကိုပင် ငါ ထင်လွဲလဲ၊ ဒိဋ္ဌိစွဲပဲ ဖြစ်ပါတယ်။
အသံရုပ်ကို အထင်လွဲလဲ၊ ဒိဋ္ဌိစွဲပဲ ဖြစ်ပါတယ်။
အပါယ်ချတာ သူပါပဲကွယ့်၊ မဝင်ရဲအောင် တားရမယ်။
တားကွယ်. . . တားကွယ်။

## ကြားဆဲရှုရင် ကိလေစင်

ကြားခိုက်မှာ အဲဒီ သက္ကာယဒိဋ္ဌိ ဝင်တာဟာ ဝိပဿနာ မရှုလို့ ဖြစ်ပါတယ်။ ဝိပဿနာ မရှုရင် သက္ကာယဒိဋ္ဌိမှ မဟုတ်ပါဘူး။ လောဘ၊ ဒေါသ-စတဲ့ ကိလေသာတွေလည်း အလျဉ်းသင့်သလို ဝင်တာပါပဲ။

ကြားရတဲ့အသံက ကောင်းတဲ့အသံ၊ သာယာတဲ့အသံဖြစ်ရင် လောဘဝင်မယ်။ မကောင်းတဲ့ အသံ၊ အလိုမရှိအပ်တဲ့ အသံဖြစ်မယ်ဆိုရင် ဒေါသဝင်မယ်။ စောစောက ပြောခဲ့တဲ့အတိုင်း ကြားဆဲ ရုပ်နာမ်ကို အကောင်အထည် ထင်ပြန်တော့လည်း အပါယ်ချနိုင်တဲ့ သက္ကာယဒိဋ္ဌိ ဝင်မယ်တဲ့။

ဒါကြောင့် ယောဂီပုဂ္ဂိုလ်ဟာ ကြားတိုင်းကြားတိုင်း သက္ကာယဒိဋ္ဌိ စတဲ့ ကိလေသာတွေ မဝင်နိုင်အောင် 'ကြားတယ်၊ ကြားတယ်' လို့ မပြတ် ရှုမှတ်သွားရပါတယ်။

http://www.dhammadownload.com



ဒီနေရာမှာလည်း 'ကြားတယ်၊ ကြားတယ်' လို့ မှတ်တာဟာ အခေါ်အဝေါ်စကားလုံးလောက်ကိုသာ သိရုံ မှတ်ရတာ မဟုတ်ပါဘူး။ ကြားဆဲမှာ တကယ်ထင်ရှားရှိတဲ့ အခေါ်ခံသဘော ရုပ်နာမ်စစ်စစ်တွေကို အမှန် အတိုင်းသိအောင် ရှုမှတ်ရတာ ဖြစ်ပါတယ်။ ဒါကို သတိမပြုမိရင် 'ကြားတယ်၊ ကြားတယ်' မှတ်လို့ တရား ရနိုင်ပါ့မလားလို့ သံသယ ဖြစ်တတ်တယ်။

ဒီလို ကြားတိုင်း ကြားတိုင်း၊ ကြားတယ် ကြားတယ်လို့ မပြတ်ရှုမှတ်သွားရင် သက္ကာယဒိဋ္ဌိ စတဲ့ ကိလေသာတွေဟာ အခိုက်အတန့်အားဖြင့် ငြိမ်းငြိမ်းသွားမယ်။

ဒီအတိုင်း ဆက်မှတ်သွားလို့ ဝိပဿနာဉာဏ်စဉ် အဆင့်ဆင့်တက်ပြီး သောတာပတ္တိ မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို သိမြင်ဆိုက်ရောက် မျက်မှောက်ပြုနိုင်တဲ့အထိ ရောက်သွားမယ်ဆိုရင် သက္ကာယဒိဋ္ဌိ အမြစ်ပြတ် ချုပ်ငြိမ်းသွားမယ်။ အပါယ်ဘေးက လုံးဝ ကင်းဝေး လွတ်မြောက်သွားနိုင်တယ်တဲ့။

ကဲ. . တရားဆောင်ပုဒ်လေးတွေ ဆိုကြဦးစို့. . .

ကြားဆဲရုပ်နာမ် မရှုမှတ်လို့၊ လော, ဒေါ, အတ္တ ဝင်လာတယ်။
ကြားဆဲရုပ်နာမ် မပြတ်မှတ်တော့၊ လော, ဒေါ, အတ္တ ကင်းပါတယ်။
ဆက်၍သာပင် တွင်တွင်မှတ်ကွယ့်၊ ဉာဏ်စဉ်မြတ်နဲ့ မဂ်ဆိုက်မယ်။
မဂ်ဖိုလ်ဆိုက်အောင် ရှုမှတ်ပွားတော့၊ အပါယ်တံခါး ပိတ်ပါတယ်။
မှတ်ကွယ်. . . မှတ်ကွယ်။

http://www.dhammadownload.com


## နံ့ဆဲမှာလည်း သူဝင်စွဲ

အနံ့မျိုးစုံ ဂန္ဓာရုံက နှာခေါင်းအကြည်မှာ လာထိခိုက်တဲ့အခါ နံသိစိတ် (စေတသိက်) ဖြစ်ပေါ်လာတယ်။ အနံ့ရယ်၊ နှာခေါင်းအကြည်ရယ်၊ နံသိစိတ်ရယ်၊ ဒီ သုံးမျိုးထဲမှာ အနံ့နဲ့ နှာခေါင်းအကြည်က ရုပ်တရား၊ နံသိစိတ်ကတော့ နာမ်တရားဖြစ်တယ်။ ဒါကြောင့် နံ့ဆဲမှာ ရုပ်နဲ့နာမ်ဟာ တကယ်ထင်ရှား ရှိနေတယ်။ အဲဒီ ထင်ရှားရှိတဲ့ ရုပ်နာမ်ကိုပဲ သက္ကာယလို့ နာမည်တစ်မျိုး ပြောင်းခေါ်ပါတယ်။

နံ့ဆဲမှာ ထင်ရှားရှိတဲ့ အနံ့ရုပ်ဟာ အနမ်းခံ၊ အသိခံရတဲ့ သဘောသက်သက်မျှ ဖြစ်တယ်။ သူက မသိတတ်ဘူး။ နှာခေါင်းအကြည်ရုပ်ကလည်း အနံ့ရစေတတ်တဲ့အကြောင်း အထောက်အပံ့မျှသာ ဖြစ်တယ်။ သူလည်း မနံတတ် မသိတတ်ဘူး။ အနံ့ကို သိတာဟာ နံသိစိတ်ရဲ့အလုပ် ဖြစ်ပါတယ်။ ဒီသဘောတွေကို မသိရင် နံ့ဆဲ ရုပ်နာမ်အပေါ်မှာ အထင်အမြင်လွဲမှားမှု သက္ကာယဒိဋ္ဌိ ဝင်လာပါတယ်။

ဘယ်လိုလဲဆိုရင် အနံ့ကိုသိတာ ငါပဲဆိုတဲ့ နံသိစိတ်ကို ငါကောင်ထင်တဲ့ သက္ကာယဒိဋ္ဌိ ဝင်ပါတယ်။ ငါဆိုတာ ပညတ်မျှသာ ဖြစ်ပါတယ်။ တကယ် မရှိပါဘူး။ ဒါကြောင့် နံသိစိတ်ကို ငါကောင်ထင်တာ မှားပါတယ်။ နှာခေါင်းက နံတာပဲလို့ အယူအဆ လွဲမှားရင်လည်း နှာခေါင်းရုပ်ကို ငါကောင်ထင်တဲ့ သက္ကာယဒိဋ္ဌိပါပဲ။

http://www.dhammadownload.com



နှာခေါင်းအကြည်ရုပ်မှာ လာထိခိုက်တာဟာ အနံ့ရုပ်သက်သက်မျှသာ ဖြစ်တယ်။ အကောင်အထည် အစိုင်အခဲ မဟုတ်ဘူး။ ဒါကို မသိရင် ခွေးနံ့ နံတယ်၊ ကြောင်နံ့ နံတယ်၊ ယောကျ်ားနံ့ နံတယ်၊ မိန်းမနံ့ နံတယ် စသည်ဖြင့် အထင်အမြင် လွဲမှားမှု ဖြစ်တတ်တယ်။ ဒါဟာ အနံ့ရုပ်ကို အကောင်အထည် ထင်တဲ့ သက္ကာယဒိဋ္ဌိပါပဲ။

ဒီလို နံ့ဆဲ ရုပ်နာမ်အပေါ်မှာ အယူအဆ လွဲမှားတဲ့ သက္ကာယဒိဋ္ဌိဟာလည်း အပါယ်ချနိုင်ပါတယ် တဲ့။

ကဲ. . ဟောပြီးခဲ့တာလေးတွေ မှတ်မိသွားအောင် တရားဆောင်ပုဒ်လေးတွေ ဆိုကြဦးစို့. . .

အနံ့အာရုံ နှာရုပ်ထိတော့၊ နံ့သိစိတ်ဓာတ် ပေါ်လာတယ်။
နံ့တတ်တာဟာ နံ့သိစိတ်ကွယ့်၊ ငါ မမှတ်နဲ့ မှားပါတယ်။
နံ့သိစိတ်ကို ငါ ထင်မိတော့၊ သက္ကာယဒိဋ္ဌိ စွဲငြိတယ်။
နှာအကြည်ကို ငါ ထင်လွဲလဲ၊ ဒိဋ္ဌိစွဲပဲ ဖြစ်ပါတယ်။
အနံ့ရုပ်ကို အထင်လွဲလဲ၊ ဒိဋ္ဌိစွဲပဲ ဖြစ်ပါတယ်။
အပါယ်ချတာ သူပါပဲကွယ့်၊ မဝင်ရဲအောင် တားရမယ်။
တားကွယ်. . . တားကွယ်။

http://www.dhammadownload.com



## နံ့ဆဲရှုရင် ကိလေစင်

နမ်းရှုခိုက်မှာ အဲဒီသက္ကာယဒိဋ္ဌိ ဝင်လာတာဟာ ဝိပဿနာ မရှုလို့ဖြစ်ပါတယ်။ ဝိပဿနာ မရှုရင် သက္ကာယဒိဋ္ဌိမှ မဟုတ်ပါဘူး။ လောဘ-ဒေါသ-စတဲ့ ကိလေသာတွေလည်း အလျဉ်းသင့်သလို ဝင်တာပါပဲ။

ဘယ်လိုလဲဆိုရင် နမ်းရှုရတဲ့အနံ့က ကောင်းတဲ့အနံ့ အလိုရှိအပ်တဲ့ အနံ့ဆိုရင် လောဘဝင်မယ်။ မကောင်းတဲ့အနံ့၊ အလိုမရှိအပ်တဲ့ အနံ့ဆိုရင် ဒေါသဝင်မယ်။ စောစောက ပြောခဲ့တဲ့အတိုင်း နံ့ဆဲရုပ်နာမ်ကို အကောင်အထည် ထင်ပြန်တော့လည်း အပါယ်ချနိုင်တဲ့ သက္ကာယဒိဋ္ဌိ ဝင်မယ်တဲ့။ ဒါကြောင့် ယောဂီပုဂ္ဂိုလ်ဟာ နမ်းတိုင်း ရှုတိုင်း 'နမ်းတယ်၊ ရှုတယ်၊ နံ့တယ်၊ မွှေးတယ်' စသည်ဖြင့် မပြတ်ရှုမှတ်သွားရပါတယ်။

ဒီနေရာမှာလည်း 'နံ့တယ်၊ မွှေးတယ်' စသည်ဖြင့် မှတ်တာဟာ အခေါ်အဝေါ် စကားလုံးကို သိအောင်မှတ်တာ မဟုတ်ဘူး။ နံ့ဆဲ ရှုဆဲမှာ တကယ် အထင်အရှားရှိတဲ့ အခေါ်ခံသဘော ရုပ်နာမ်စစ်စစ်တွေကို အမှန်အတိုင်း သိအောင် ရှုမှတ်တာသာ ဖြစ်ပါတယ်။ အဲဒီလို နမ်းတိုင်း ရှုတိုင်း 'နံ့တယ်၊ မွှေးတယ်' စသည်ဖြင့် မပြတ် ရှုမှတ်သွားရင် သက္ကာယဒိဋ္ဌိစတဲ့ ကိလေသာတွေဟာ အခိုက်အတန့်အားဖြင့် ငြိမ်းငြိမ်းသွားပါမယ်။

ဒီအတိုင်း ဆက်မှတ်သွားလို့ ဝိပဿနာဉာဏ်စဉ် အဆင့်ဆင့်တက်ပြီး သောတာပတ္တိ မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို သိမြင်ဆိုက်ရောက် မျက်မှောက်ပြုနိုင်တဲ့အထိ ပေါက်မြောက်သွားမယ်ဆိုရင် သက္ကာယဒိဋ္ဌိ အမြစ်ပြတ်ချုပ်ငြိမ်းသွားမယ်။ အပါယ်ဘေးကလည်း လုံးဝ ကင်းဝေး လွတ်မြောက်သွားနိုင်မယ်တဲ့။

http://www.dhammadownload.com



ကဲ. . တရားဆောင်ပုဒ်လေးတွေ ဆိုကြဦးစို့. . .

နံ့ဆဲရုပ်နာမ် မရှုမှတ်လို့၊ လော-ဒေါ-အတ္တ ဝင်လာတယ်။
နံ့ဆဲရုပ်နာမ် မပြတ်ရှုတော့၊ လော-ဒေါ-အတ္တ ကင်းပါတယ်။
ဆက်၍သာပင် တွင်တွင်မှတ်ကွယ်၊ ဉာဏ်စဉ်မြတ်နဲ့ မဂ်ဆိုက်မယ်။
မဂ်ဖိုလ်ဆိုက်အောင် ရှုမှတ်ပွားတော့၊ အပါယ်တံခါး ပိတ်ပါတယ်။
မှတ်ကွယ်. . . မှတ်ကွယ်။

## စားဆဲမှာလည်း သူဝင်စွဲ

အရသာမျိုးစုံ ရသာရုံက လျှာအကြည်မှာ လာထိခိုက်တဲ့အခါ စားသိစိတ် (စေတသိက်) ဖြစ်ပေါ်လာတယ်။

အရသာရယ်၊ လျှာအကြည်ရယ်၊ အရသာသိစိတ်ရယ်၊ ဒီ ၃-မျိုး ရှိတဲ့အထဲမှာ အရသာနဲ့ လျှာအကြည်က ရုပ်တရား၊ မသိတတ်တဲ့ သဘောပဲ။ အရသာသိစိတ်ကတော့ နာမ်တရား၊ သိတတ်တဲ့သဘော ဖြစ်တယ်။

ဒါကြောင့် စားဆဲမှာ ရုပ်နဲ့နာမ်ဟာ တကယ် ထင်ရှားရှိနေပါတယ်။ အဲဒီ ထင်ရှားရှိတဲ့ ရုပ်နာမ်ကိုပဲ သက္ကာယလို့ နာမည်တစ်မျိုး ပြောင်းခေါ်ပါတယ်။

http://www.dhammadownload.com



စားဆဲမှာ ထင်ရှားရှိတဲ့ အရသာအမျိုးမျိုးဟာ အသိခံရတဲ့ သဘောသက်သက်မျှ ဖြစ်တယ်။ သူက လည်း မသိတတ်ဘူး။ လျှာအကြည်ရုပ်ကလည်း အရသာကို သိစေတတ်တဲ့အကြောင်း အထောက်အပံ့မျှသာ ဖြစ်တယ်။ သူကလည်း အရသာကို သိတတ်တာမဟုတ်ဘူး။ အရသာကို တကယ်သိတတ်တာဟာ အရသာ သိစိတ်၊ သို့မဟုတ် စားသိစိတ်ရဲ့အလုပ် ဖြစ်တယ်။

ဒီသဘောတွေကို မသိရင် စားဆဲရုပ်နာမ်အပေါ်မှာ အထင်အမြင်လွဲမှားမှု သက္ကာယဒိဋ္ဌိ ဝင်လာပါ တယ်။

ဘယ်လိုလဲဆိုရင် အရသာကိုသိတာ ငါပဲဆိုတဲ့ အရသာသိစိတ်ကို ငါကောင်ထင်တဲ့ သက္ကာယဒိဋ္ဌိ ဝင်ပါတယ်။ ငါဆိုတာ ပညတ်မျှသာ ဖြစ်ပါတယ်။ တကယ် မရှိပါဘူး။ ဒါ့ကြောင့် အရသာ သိစိတ်ကို ငါ ကောင်ထင်တာ မှားပါတယ်။

လျှာက အရသာကို သိတာပဲလို့ အထင်အမြင် လွဲမှားရင်လည်း လျှာအကြည်ရုပ်ကို ငါကောင် ထင်တဲ့ သက္ကာယဒိဋ္ဌိပါပဲ။

လျှာအကြည်ရုပ်မှာ တကယ်လာထိတဲ့ အရသာအမျိုးမျိုးဟာ သဘောသက်သက်မျှသာ ဖြစ်တယ်။ အကောင်အထည် အစိုင်အခဲ ပုဂ္ဂိုလ် သတ္တဝါ ဘာတစ်ခုမှ မဟုတ်ဘူး။ ဒါကိုမသိရင် 'ကြက်သားဟင်း စား တယ်၊ အမဲသားဟင်း စားတယ်' စသည်ဖြင့် အရသာကို အကောင်အထည် အစိုင်အခဲထင်တဲ့ အထင်အမြင်

http://www.dhammadownload.com



လွဲမှားမှု ဖြစ်ပါတယ်။ ဒါဟာ အရသာရုပ်ကို အကောင်အထည်ထင်တဲ့ သက္ကာယဒိဋ္ဌိပါပဲ။ ဒီလို စားဆဲ ရုပ်နာမ်အပေါ်မှာ အယူအဆလွဲမှားတဲ့ သက္ကာယဒိဋ္ဌိကလည်း အပါယ်ချနိုင်တာပဲတဲ့။

ကဲ. . ဟောပြီးခဲ့တဲ့ သဘောတရားလေးတွေ မှတ်မိသွားအောင် ဆောင်ပုဒ်ကဗျာလေးတွေ ဆိုကြဦးစို့. . .

ရသာအာရုံ လျှာရုပ်ထိတော့၊ ရသာသိစိတ် ဖြစ်လာတယ်။
အရသာသိတာ စားသိစိတ်ကွယ့်၊ ငါ မမှတ်နဲ့ မှားပါတယ်။
စားသိစိတ်ကို ငါ ထင်မိတော့၊ သက္ကာယဒိဋ္ဌိ စွဲငြိတယ်။
လျှာအကြည်ကို အထင်လွဲလဲ၊ ဒိဋ္ဌိစွဲပဲ ဖြစ်ပါတယ်။
အရသာကို အထင်လွဲလဲ၊ ဒိဋ္ဌိစွဲပဲ ဖြစ်ပါတယ်။
အပါယ်ချတာ သူပါပဲကွယ့်၊ မဝင်ရဲအောင် တားရမယ်။
တားကွယ်. . . တားကွယ်။

## စားဆဲရှုရင် ကိလေစင်

စားဆဲမှာ အဲဒီသက္ကာယဒိဋ္ဌိ ဝင်တာဟာ ဝိပဿနာ မရှုလို့ဖြစ်ပါတယ်။ ဝိပဿနာ မရှုရင် သက္ကာယဒိဋ္ဌိမှ မဟုတ်ပါဘူး။ လောဘ၊ ဒေါသစတဲ့ ကိလေသာတွေလည်း အလျဉ်းသင့်သလို ဝင်တာပါပဲ။

http://www.dhammadownload.com



ဘယ်လိုလဲဆိုရင် စားရတဲ့ အစားအစာ အရသာတွေက အလိုရှိအပ် ကောင်းမြတ်တဲ့ အရသာတွေ ဖြစ်မယ်ဆိုရင် လောဘဝင်မယ်။ အလိုမရှိအပ် မနှစ်သက်အပ်တဲ့ အစားအစာ အရသာတွေဖြစ်မယ်ဆိုရင် ဒေါသဝင်မယ်။ စောစောက ပြောခဲ့တဲ့အတိုင်း စားဆဲရုပ်နာမ်ကို အကောင်အထည် ထင်ပြန်တော့လည်း အပါယ်ချနိုင်တဲ့ သက္ကာယဒိဋ္ဌိ ဝင်မယ်တဲ့။

ဒါကြောင့် ယောဂီပုဂ္ဂိုလ်ဟာ စားတိုင်း ဝါးတိုင်း မျိုတိုင်း 'စားတယ်၊ ဝါးတယ်၊ မျိုတယ်' စသည်ဖြင့် မပြတ်ရှုမှတ်သွားရပါတယ်။ ဒီလို စားတယ်၊ ဝါးတယ်စသည်ဖြင့် ရှုမှတ်တာဟာ အခေါ်အဝေါ် စကားလုံး သက်သက်ကို သိရုံမှတ်တာတော့ မဟုတ်ဘူး။ စားဆဲမှာ တကယ် ထင်ရှားရှိတဲ့ အခေါ်ခံသဘော ရုပ်နာမ် စစ်စစ်တွေကို အမှန်အတိုင်းသိအောင် မှတ်တာသာ ဖြစ်တယ်။

အဲဒီလို စားတိုင်း၊ ဝါးတိုင်း၊ မျိုတိုင်း၊ စားတယ်၊ ဝါးတယ်၊ ချိုတယ်၊ ဆိမ့်တယ် စသည်ဖြင့် မပြတ် ရှုမှတ်သွားရင် သက္ကာယဒိဋ္ဌိ စတဲ့ ကိလေသာတွေဟာ အခိုက်အတန့်အားဖြင့် ငြိမ်းငြိမ်းသွားမယ်။ အမြဲတမ်း တော့ မငြိမ်းသေးဘူး။

ဒီအတိုင်း ဆက်မှတ်သွားလို့ ဝိပဿနာဉာဏ်စဉ် အဆင့်ဆင့်တက်ပြီးတော့ စားဆဲမှာ အထင်အရှား ရှိတဲ့ ရုပ်တရား နာမ်တရားတို့ရဲ့ ချုပ်ငြိမ်းရာနိဗ္ဗာန်ကို သောတာပတ္တိမဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ဖြင့် သိမြင်ဆိုက် ရောက် မျက်မှောက်ပြုသွားမယ်ဆိုရင် သက္ကာယဒိဋ္ဌိ အမြစ်ပြတ် ချုပ်ငြိမ်းသွားမယ်။ အပါယ်ဘေးကလည်း လုံးဝ ကင်းဝေး လွတ်မြောက်သွားမယ်တဲ့။

http://www.dhammadownload.com



ကဲ. . ဟောပြီးခဲ့တာနဲ့ ပတ်သက်တဲ့ ဆောင်ပုဒ်ကဗျာလေးတွေ ဆိုကြဦးစို့. . .
စားဆဲရုပ်နာမ် မရှုမှတ်လို့၊ လော, ဒေါ, အတ္တ ဝင်လာတယ်။
စားဆဲရုပ်နာမ် မပြတ်မှတ်တော့၊ လော, ဒေါ, အတ္တ ကင်းပါတယ်။
ဆက်၍သာပင် တွင်တွင်မှတ်ကွယ့်၊ ဉာဏ်စဉ်မြတ်နဲ့ မင်္ဂဆိုက်မယ်။
မဂ်ဖိုလ်ဆိုက်အောင် ရှုမှတ်ပွားတော့၊ အပါယ်တံခါး ပိတ်ပါတယ်။
မှတ်ကွယ်. . . မှတ်ကွယ်။

## ထိဆဲမှာလည်း သူ့ဝင်စွဲ

အတွေ့အထိမျိုးစုံ ဖောဋ္ဌဗ္ဗာရုံက ကိုယ်အကြည်ရုပ်ကို လာထိခိုက်တဲ့အခါ ထိသိစိတ် (စေတသိက်) ဖြစ်ပေါ်လာတယ်တဲ့။.

ဒီနေရာမှာ ဖောဋ္ဌဗ္ဗာရုံဆိုတာက (၁) ပျော့မာသဘော ပထဝီရုပ်ရယ်၊ (၂) ပူအေးသဘော တေဇော ရုပ်ရယ်၊ (၃) လှုပ်ရှားတွန်းကန် ထောက်ခံသဘော ဝါယောရုပ်ရယ်လို့ သုံးမျိုးရှိတယ်။ ဒီရုပ်သုံးမျိုးကို တွေ့ထိရုပ်လို့လည်း ခေါ်ပါတယ်။

အတွေ့အထိ ဖောဋ္ဌဗ္ဗာရုံရယ်၊ ကိုယ်အကြည်ရယ်၊ ထိသိစိတ်ရယ်၊ ဒီသုံးမျိုးရှိတဲ့အထဲမှာ ဖောဋ္ဌဗ္ဗာရုံနဲ့ ကိုယ်အကြည်က ရုပ်တရား၊ မသိတတ်တဲ့ သဘောဖြစ်တယ်။ ထိသိစိတ်ကတော့ နာမ်တရား၊ သိတတ်တဲ့

http://www.dhammadownload.com



သဘောပါပဲ။ ဒါကြောင့် ထိဆဲမှာ ရုပ်နဲ့နာမ်ဟာ တကယ်ထင်ရှား ရှိနေပါတယ်။ အဲဒီ ထင်ရှားရှိတဲ့ ရုပ်နာမ်ကိုပဲ သက္ကာယလို့ နာမည်တစ်မျိုး ပြောင်းခေါ်ပါတယ်။

ထိဆဲမှာ ထင်ရှားရှိတဲ့ 'ပျော့မှု၊ မာမှု' သဘောဟာ ပထဝီရုပ်သက်သက်မျှ ဖြစ်တယ်။ အကောင်အထည် အစိုင်အခဲ ပုဂ္ဂိုလ် သတ္တဝါ ဘာတစ်ခုမှ မဟုတ်ဘူး။ ဒါကိုမသိရင် 'အသား ပျော့တယ်၊ အရိုး မာတယ်' စတဲ့ အထင်အမြင် လွဲမှားမှုတွေ ဖြစ်ပေါ်လာပါတယ်။ ဒါဟာ 'ပျော့မာ' သဘော ပထဝီရုပ်ကို အကောင်အထည်ထင်တဲ့ သက္ကာယဒိဋ္ဌိပါပဲ။

ထိဆဲမှာ ထင်ရှားရှိတဲ့ 'ပူမှု အေးမှု' သဘောဟာ တေဇောရုပ်သက်သက်မျှသာ ဖြစ်တယ်။ ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါ အကောင်အထည် အစိုင်အခဲ ဘာတစ်ခုမှ ဟုတ်တာမဟုတ်ဘူး။

ဒါကို မသိရင် 'ခေါင်းပူတယ်၊ ကိုယ်အေးတယ်၊ ပူတာ ငါပဲ၊ အေးတာ ငါပဲ' စတဲ့ အထင်အမြင် လွဲမှားမှုတွေ ဖြစ်လာပါတယ်။ ဒါဟာ 'ပူမှုအေးမှုသဘော တေဇောရုပ်' ကို အကောင်အထည် ထင်တဲ့ သက္ကာယဒိဋ္ဌိ ဖြစ်ပါတယ်။

'သွားတာ၊ ရပ်တာ၊ ထိုင်တာ၊ အိပ်တာ၊ ကွေးတာ၊ ဆန့်တာ၊ လှည့်တာ၊ ဖောင်းတာ၊ ပိန်တာ' တွေဟာ လှုပ်ရှားတွန်းကန် ထောက်ခံမှုသဘော ဝါယောရုပ်ရဲ့ အလုပ်တွေဖြစ်တယ်။

http://www.dhammadownload.com



ဒါကိုမသိရင် ‘ငါသွားတာပဲ၊ ရပ်တာငါပဲ၊ ထိုင်တာငါပဲ၊ အိပ်တာငါပဲ၊ ကွေးတာငါပဲ၊ ဆန့်တာငါပဲ၊ လှည့်တာငါပဲ၊ ဗိုက်က ဖောင်းတာပဲ၊ ပိန်တာလည်း ဗိုက်ပဲ’ စတဲ့ အထင်အမြင် လွဲမှားမှုတွေ ဖြစ်ပေါ်လာပါတယ်။ ဒါဟာ ဝါယောရုပ်ကို အကောင်အထည်ထင်တဲ့ သက္ကာယဒိဋ္ဌိ ဖြစ်ပါတယ်။

တွေ့ထိရုပ်ရဲ့ ထိခိုက်ရာက ကိုယ်အကြည်ရုပ် ဖြစ်ပါတယ်။ ဒီရုပ်ကတော့ တစ်ကိုယ်လုံးကို အပ်ဖျားလို ချွန်ထက်တဲ့ အရာဝတ္ထုမျိုးနဲ့ လိုက်လံထောက်ကြည့်လို့ နာတဲ့နေရာတိုင်းမှာ ပျံ့နှံ့တည်တယ်တဲ့။ အဲဒီကိုယ်အကြည်ရုပ်ဟာ အထိခံစရာသဘောသက်သက်မျှ ဖြစ်ပါတယ်။ သူလည်း အကောင်အထည် အစိုင်အခဲ ယောကျ်ား-မိန်းမ ဘာတစ်ခုမှ မဟုတ်ပါဘူး။

ဒါကိုမသိရင် ‘ခေါင်းကို လာထိတယ်၊ ကိုယ်ကို လာထိတယ်၊ ငါ့ကို ထိတယ်’ စတဲ့ အထင်အမြင် လွဲမှားမှုတွေ ဖြစ်ပေါ်လာပါတယ်။ ဒါဟာ ကိုယ်အကြည်ရုပ်ကို အကောင်အထည်ထင်တဲ့ သက္ကာယဒိဋ္ဌိပါပဲ။

ကိုယ်အကြည်ရုပ်မှာ တကယ်လာထိတာဟာ ‘ပျော့၊ မာ၊ ပူအေး၊ လှုပ်ရှား၊ တွန်းကန်၊ ထောက်ခံ’ ဆိုတဲ့ တွေ့ထိရုပ် သဘောသက်သက်မျှသာ ဖြစ်တယ်။ ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါ ဘာတစ်ခုမှ မဟုတ်ဘူးဆိုတာကို မသိရင် ‘ယောကျ်ားက လာထိတယ်၊ မိန်းမကလာထိတယ်’စတဲ့ အထင်အမြင် လွဲမှားမှုတွေ ဖြစ်ပေါ်လာတယ်။ ဒါဟာလည်း တွေ့ထိရုပ်ကို အကောင်အထည်ထင်တဲ့ သက္ကာယဒိဋ္ဌိပါပဲ။

http://www.dhammadownload.com



တွေ့ထိရုပ် ဖောဋ္ဌဗ္ဗာရုံက ကိုယ်အကြည်မှာ လာထိတိုင်းထိတိုင်း ပျော့ရင် ပျော့မှန်းသိတာ၊ မာရင် မာမှန်းသိတာ၊ ပူရင် ပူမှန်းသိတာ၊ အေးရင် အေးမှန်းသိတာဟာ ထိသိစိတ်ရဲ့အလုပ် ဖြစ်တယ်။

ဒီသဘောကို မသိရင် 'ပျော့တာမာတာကို သိတာ ငါပဲ' 'ပူတာကို သိတာလည်း ငါပဲ' 'အေးတာကို သိတာလည်း ငါပဲ' စတဲ့ အထင်အမြင်လွဲမှားမှုတွေ ဖြစ်ပေါ်လာပါတယ်။ ဒါဟာ ထိသိစိတ်ကို ငါကောင် ထင်တဲ့ သက္ကာယဒိဋ္ဌိ ဖြစ်ပါတယ်။

သွားရင် သွားမှန်းသိတာ၊ ရပ်ရင် ရပ်မှန်းသိတာ၊ ထိုင်ရင် ထိုင်မှန်းသိတာ၊ အိပ်ရင် အိပ်မှန်းသိတာ၊ ကွေးရင် ကွေးမှန်းသိတာ၊ ဆန့်ရင် ဆန့်မှန်းသိတာ၊ လှည့်ရင် လှည့်မှန်းသိတာ၊ ဖောင်းရင် ဖောင်းမှန်းသိတာ၊ ပိန်ရင် ပိန်မှန်းသိတာ၊ ဒီလို လှုပ်ရှားမှုမှန်သမျှကို သိတာဟာလည်း ထိသိစိတ်ရဲ့အလုပ် ဖြစ်တယ်။

ဒီသဘောတွေကို မသိရင်လည်း သွားတာ၊ ရပ်တာ၊ ထိုင်တာ၊ အိပ်တာ၊ ဖောင်းတာ၊ ပိန်တာ စတဲ့ လှုပ်ရှားမှုမှန်သမျှကို ငါကောင်က သိနေတာပဲဆိုတဲ့ အထင်အမြင်လွဲမှားမှုတွေ ဖြစ်ပေါ်လာတယ်။ ဒါဟာလည်း ထိသိစိတ်ကို ငါကောင်ထင်တဲ့ သက္ကာယဒိဋ္ဌိပါပဲ။ ဒီလို ထိဆဲ ရုပ်နာမ်အပေါ် အထင်အမြင်လွဲမှားမှု သက္ကာယ ဒိဋ္ဌိဟာလည်း အပါယ်ချနိုင်တာပါပဲတဲ့။

http://www.dhammadownload.com



ကဲ. . သဘောတရားတွေ ပြောလာလိုက်တာ တော်တော်တောင် ကြာသွားပြီ။ ဟောပြီးခဲ့တာလေးတွေ ပြန်မှတ်မိသွားအောင် ဆောင်ပုဒ်ကဗျာလေးတွေ ဆိုကြဦးစို့. . .

တွေ့ထိအာရုံ ကိုယ်ရုပ်ထိတော့၊ ထိသိစိတ်ခေတ် ပေါ်လာတယ်။
ထိတိုင်းသိတာ ထိသိစိတ်ကွယ့်၊ ငါ မမှတ်နဲ့ မှားပါတယ်။
ထိသိစိတ်ကို ငါ ထင်မိတော့၊ သက္ကာယဒိဋ္ဌိ စွဲငြိတယ်။
ကိုယ်အကြည်ကို အထင်လွဲလဲ၊ ဒိဋ္ဌိစွဲပဲ ဖြစ်ပါတယ်။
တွေ့ထိရုပ်ကို အထင်လွဲလဲ၊ ဒိဋ္ဌိစွဲပဲ ဖြစ်ပါတယ်။
အပါယ်ချတာ သူပါပဲကွယ့်၊ မဝင်ရဲအောင် တားရမယ်။
တားကွယ်. . . တားကွယ်။

## ထိဆဲရှုရင် ကိလေစင်

ထိဆဲမှာ အဲဒီသက္ကာယဒိဋ္ဌိဝင်တာဟာ ဝိပဿနာမရှုလို့ ဖြစ်ပါတယ်။ ဝိပဿနာ မရှုရင် သက္ကာယဒိဋ္ဌိမှ မဟုတ်ပါဘူး။ လောဘ၊ ဒေါသစတဲ့ ကိလေသာတွေလည်း အလျဉ်းသင့်သလို ဝင်တာပါပဲ။

ဘယ်လိုလဲဆိုရင် တွေ့ထိရတဲ့ အာရုံက နူးညံ့တဲ့အာရုံ၊ ကောင်းတဲ့အာရုံ ဖြစ်မယ်ဆိုရင် လောဘ

http://www.dhammadownload.com



ဝင်မယ်။ ကြမ်းတမ်းတဲ့ အာရုံ၊ မကောင်းတဲ့ အာရုံ ဖြစ်မယ်ဆိုရင် ဒေါသဝင်မယ်။ စောစောက ပြောခဲ့တဲ့ ထိဆဲရုပ်နာမ်ကို အကောင်အထည် ထင်ပြန်တော့လည်း အပါယ်ချနိုင်တဲ့ သက္ကာယဒိဋ္ဌိ ဝင်မယ်တဲ့။

ဒါကြောင့် ယောဂီပုဂ္ဂိုလ်ဟာ ဖောဋ္ဌဗ္ဗာရုံနဲ့ ကိုယ်အကြည် ဆုံတွေ့တိုင်း ဆုံတွေ့တိုင်း ထင်ရှားရှိတဲ့ ရုပ်တရား နာမ်တရားတွေကို မပြတ်ရှုမှတ်သွားရပါတယ်။ ဘယ်လို ရှုမှတ်သွားရမလဲ ဆိုရင် 'မာရင် မာတယ်၊ ပျော့ရင် ပျော့တယ်၊ ပူရင် ပူတယ်၊ အေးရင် အေးတယ်၊ သွားရင် သွားတယ်၊ ရပ်ရင် ရပ်တယ်၊ ထိုင်ရင် ထိုင်တယ်၊ အိပ်ရင် အိပ်တယ်၊ ကွေးရင် ကွေးတယ်၊ ဆန့်ရင် ဆန့်တယ်၊ လှည့်ရင် လှည့်တယ်၊ ဖောင်းရင် ဖောင်းတယ်၊ ပိန်ရင် ပိန်တယ်၊ နာရင် နာတယ်၊ ကျင်ရင် ကျင်တယ်' စသည်ဖြင့် အရပ်သုံးအတိုင်း လိုက်မှတ်သွားရပါတယ်။

မှတ်တဲ့အခါ စိတ်နဲ့သာ မှတ်ရပါတယ်။ နှုတ်က လိုက်ဆိုစရာ မလိုပါဘူး။ ဒီနေရာမှာ 'ဖောင်းတယ်၊ ပိန်တယ်၊ ပူတယ်၊ အေးတယ်' စသည်ဖြင့် မှတ်တာဟာ အခေါ်အဝေါ် စကားလုံးသက်သက်ကိုသာ သိရုံမှတ်တာတော့ မဟုတ်ဘူး။ အဲဒီစကားလုံးတွေနဲ့ ခေါ်ဝေါ်အပ်တဲ့ အခေါ်ခံ ပရမတ်သဘော ရုပ်နာမ်စစ်စစ်တွေကို အမှန်အတိုင်း သိအောင် မှတ်တာသာ ဖြစ်တယ်။

ဝိပဿနာရှုတဲ့အခါ အခေါ်အဝေါ် စကားလုံးက အဓိကမဟုတ်ဘူး။ အဲဒီ စကားလုံးများနဲ့ ခေါ်ဆိုအပ်တဲ့ အခေါ်ခံသဘော ရုပ်နာမ်စစ်စစ်ကို အမှန်အတိုင်း သိဖို့သာ အဓိက ဖြစ်ပါတယ်။

ဒါပေမယ့် အဲဒီလိုသိနိုင်အောင် အခေါ်အဝေါ် (ပညတ်) စကားလုံးကိုတော့ မသုံးမဖြစ်လို့ အသုံးပြုရသေးတယ်။

မြစ်တစ်ဘက်ကမ်းသို့ ရောက်ချင်လို့ လှေ၊ သင်္ဘောနဲ့ ကူးမယ့်သူရဲ့ အဓိက ရည်မှန်းချက်ဟာ တစ်ဘက်ကမ်း ရောက်ဖို့သာ ဖြစ်တယ်။ ဒါပေတဲ့ အဲဒီကို ရောက်နိုင်ဖို့ လှေ၊ သင်္ဘောကိုတော့ မသုံးမဖြစ်လို့ အသုံးပြုရပါတယ်။ ဒီလိုပါပဲ။ ဝိပဿနာယောဂီဟာလည်း ကမ်းတစ်ဘက်နဲ့တူတဲ့ သဘော ရုပ်နာမ်စစ်စစ်ကို အမှန်အတိုင်းသိအောင် နှလုံးသွင်း ရှုမှတ်ရတာ ဖြစ်ပေမယ့် လှေ၊ သင်္ဘောနဲ့တူတဲ့ အခေါ်အဝေါ် (ပညတ်) စကားလုံးကိုတော့ မသုံးမဖြစ်လို့ သုံးရတာဖြစ်တယ်။ ဒါကို အထူးသတိပြုသင့်တယ်။

အဲ. . အထက်က ပြောခဲ့တဲ့အတိုင်း ဖောဋ္ဌဗ္ဗာရုံနဲ့ ကိုယ်အကြည် ဆုံတွေ့တိုင်း၊ ဆုံတွေ့တိုင်း ထင်ရှားရှိတဲ့ ရုပ်တရား၊ နာမ်တရားတွေကို 'ပျော့တယ်၊ မာတယ်၊ ပူတယ်၊ အေးတယ်၊ ဖောင်းတယ်၊ ပိန်တယ်' စသည်ဖြင့် မပြတ်ရှုမှတ်သွားရင် သက္ကာယဒိဋ္ဌိစတဲ့ ကိလေသာတွေဟာ အခိုက်အတန့်အားဖြင့် ငြိမ်းငြိမ်းသွားမယ်။ အမြဲတမ်းတော့ မငြိမ်းသေးဘူးတဲ့။

ဒီအတိုင်း ဆက်မှတ်သွားလို့ ဝိပဿနာဉာဏ်စဉ် အဆင့်ဆင့်တက်ပြီးတော့ နောက်ဆုံးမှာ ရုပ်တရား၊ နာမ်တရားတို့ရဲ့ ချုပ်ငြိမ်းရာ နိဗ္ဗာန်ကို သောတာပတ္တိ မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် သိမြင်ဆိုက်ရောက် မျက်မှောက်ပြုသွားမယ်ဆိုရင် သက္ကာယဒိဋ္ဌိ အမြစ်ပြတ် ချုပ်ငြိမ်းသွားမယ်။ အပါယ်ဘေးကလည်း လုံးဝ ကင်းဝေးလွတ်မြောက်သွားမယ်တဲ့။

http://www.dhammadownload.com


ကဲ. . ဟောပြီးခဲ့တာလေးတွေ ပြန်မှတ်မိသွားအောင် ဆောင်ပုဒ်ကဗျာလေးတွေ ဆိုကြဦးစို့. . .

ထိဆဲရုပ်နာမ် မရှုမှတ်လို့၊ လော-ဒေါ-အတ္တ ဝင်လာတယ်။
ထိဆဲရုပ်နာမ် မပြတ်မှတ်တော့၊ လော-ဒေါ-အတ္တ ကင်းပါတယ်။
ဆက်၍သာပင် တွင်တွင်မှတ်ကွယ်၊ ဉာဏ်စဉ်မြတ်နဲ့ မဂ်ဆိုက်မယ်။
မဂ်ဖိုလ်ဆိုက်အောင် ရှုမှတ်ပွားတော့၊ အပါယ်တံခါး ပိတ်ပါတယ်။
မှတ်ကွယ်. . . မှတ်ကွယ်။

## တွေးဆဲမှာလည်း သူဝင်စွဲ

တွေးစရာမျိုးစုံ ဓမ္မာရုံက မနောအကြည်လို့ခေါ်တဲ့ ဘဝင်စိတ်မှာ လာထိခိုက်တဲ့အခါ မနောဝိညာဏ် ခေါ် တွေးသိစိတ် (စေတသိက်) ဖြစ်ပေါ်လာတယ်။

ဒီနေရာမှာ ဓမ္မာရုံက ၆-မျိုးရှိတယ်။ အဲဒီ ဓမ္မာရုံ ၆-မျိုးအကြောင်းကို နောက်ပိုင်းတရားဖြစ်တဲ့ 'တကျောကင်းကွာ ရဟန္တာ တရားတော်' ဓမ္မတကျောအခန်းမှာ ဖော်ပြမှာဖြစ်လို့ ဒီမှာ မပြတော့ဘဲ ချန်ထားလိုက်ပါတယ်။

http://www.dhammadownload.com


(လောကီရုပ်နာမ်) တွေးစရာမျိုးစုံ ဓမ္မာရုံရယ်၊ မနောအကြည်ရယ်၊ တွေးသိစိတ်ရယ်၊ ဒီ ၃-မျိုး ရှိတဲ့အထဲက ဒီမှာ လိုအပ်တဲ့ တွေးစရာမျိုးစုံ ဓမ္မာရုံက ရုပ်နဲ့နာမ် ၂-မျိုးစလုံး ဖြစ်တယ်။ မနောအကြည်နဲ့ တွေးသိစိတ်ကတော့ နာမ်တရားဖြစ်တယ်တဲ့။ သူတို့ရဲ့ တည်ရာမှီရာဖြစ်တဲ့ ဟဒယဝတ္ထုကတော့ ရုပ်သဘော ဖြစ်တယ်။

ဒါကြောင့် တွေးဆဲမှာ ရုပ်နဲ့နာမ်ဟာ တကယ်ထင်ရှား ရှိနေပါတယ်။ အဲဒီ ထင်ရှားရှိတဲ့ ရုပ်နာမ်ကို ပဲ 'သက္ကာယ' လို့ နာမည်တစ်မျိုး ပြောင်းခေါ်ပါတယ်။ အဲဒီ သက္ကာယရုပ်နာမ်ကို 'ငါပဲ၊ သူပဲ၊ ယောကျ်ားပဲ၊ မိန်းမပဲ' စသည်ဖြင့် အထင်အမြင်လွဲမှားရင် သက္ကာယဒိဋ္ဌိ ဝင်ပါတယ်။

ဘယ်လိုလဲဆိုရင် တွေးစရာမျိုးစုံကို သိတတ်၊ တွေးတတ်တာဟာ မနောဝိညာဏ်ခေါ် တွေးသိစိတ် ဖြစ်ပါတယ်။ ဒါကိုမသိရင် 'တွေးတာ ငါပဲ၊ ငါကောင်က တွေးနေတာပဲ' စတဲ့ အထင်အမြင်လွဲမှားမှု ဝင်လာ ပါတယ်။

ငါဆိုတာ အပြောမှန်ပညတ်မျှသာ ဖြစ်တယ်။ တကယ် မရှိပါဘူး။ တွေးသိစိတ်ကတော့ တွေးဆဲမှာ အမှန်တကယ် ရှိနေတဲ့ ပရမတ်သဘောဖြစ်တယ်။ ဒါကြောင့် တွေးသိစိတ်ကို ငါကောင်ထင်တာ မှားပါတယ်။

မနောအကြည်ခေါ် ဘဝင်စိတ်မှာ တကယ် ထင်လာတာဟာ ဓမ္မာရုံသဘောသက်သက်မျှသာ ဖြစ် တယ်။ ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါ၊ အစိုင်အခဲ ဘာတစ်ခုမှ မဟုတ်ပါဘူး။ ဒီသဘော ကို မသိရင် 'သူ့မျက်နှာလေးကို တရေးရေးမြင်နေတယ်၊ သူ့ကို သတိရတယ်' စတဲ့ အထင်အမြင်လွဲမှားမှုတွေ

ဝင်လာပါတယ်။ ဒါဟာ တွေးစရာမျိုးစုံ မမွာရုံ၊ ရုပ်နာမ်သဘောကို ငါကောင်ထင်တဲ့ သက္ကာယဒိဋ္ဌိပါပဲ။

တွေးစရာမျိုးစုံရဲ့ ထိခိုက်ရာ ထင်ရာဟာ မနောအကြည်ခေါ် ဘဝင်စိတ်ဖြစ်တယ်။ ဒီဘဝင်စိတ်ဆိုတာဟာ လူတွေ အိပ်ပျော်တဲ့အခါမှာ ဖြစ်တဲ့ စိတ်မျိုးပါပဲ။ သူက စိတ်ဆိုပေမယ့် တွေးစရာအာရုံကိုတော့ မသိတတ်ပါဘူး။ သူ့ရဲ့မှီရာဖြစ်တဲ့ ဟဒယဝတ္ထုကလည်း မသိတတ်တဲ့ ရုပ်သဘောသက်သက်မျှသာ ဖြစ်ပါတယ်။

ဒီသဘောတွေကို မသိရင် 'စိတ်'(ဘဝင်စိတ်) ထဲ နှလုံးထဲက အလိုလိုသိတယ်၊ ငါ့မနော (ဘဝင်စိတ်) က အလိုလိုသိတယ်' စတဲ့ အထင်အမြင်လွဲမှားမှုတွေ ဖြစ်လာတယ်။ ဒါဟာ ဘဝင်စိတ်နဲ့ သူ့ရဲ့မှီရာ ဟဒယဝတ္ထုရုပ်ကို အကောင်အထည်ထင်တဲ့ သက္ကာယဒိဋ္ဌိပါပဲ။ ဒီလိုတွေးဆဲ ရုပ်နာမ်အပေါ် အထင်အမြင်လွဲမှားမှု သက္ကာယဒိဋ္ဌိဟာလည်း အပါယ်ချနိုင်တယ်တဲ့။

ကဲ. . ဟောပြီးခဲ့တဲ့ တရားသဘောလေးတွေ ပြန်မှတ်မိသွားအောင် ဆောင်ပုဒ်ကဗျာလေးတွေ ဆိုကြဦးစို့. . .

တွေးစရာအာရုံ မနောအကြည်ထိတော့၊ တွေးသိစိတ်ခေတ် ပေါ်လာတယ်။
တွေးတတ်တာဟာ တွေးသိစိတ်ကွယ့်၊ ငါ မမှတ်နဲ့ မှားပါတယ်။
တွေးသိစိတ်ကို ငါ ထင်မိတော့၊ သက္ကာယဒိဋ္ဌိ စွဲငြိတယ်။
မနောအကြည်ကို အထင်လွဲလဲ၊ ဒိဋ္ဌိစွဲပဲ ဖြစ်ပါတယ်။

http://www.dhammadownload.com



တွေးစရာကို အထင်လွဲလဲ၊ ဒိဋ္ဌိစွဲပဲ ဖြစ်ပါတယ်။
အပါယ်ချတာ သူပါပဲကွယ့်၊ မဝင်ရဲအောင် တားရမယ်။
တားကွယ်. . . တားကွယ်။

## တွေးဆဲရှုရင် ကိလေစင်

တွေးဆဲမှာ အဲဒီ သက္ကာယဒိဋ္ဌိ ဝင်လာတာဟာ ဝိပဿနာ မရှုလို့ ဖြစ်တယ်။ ဝိပဿနာမရှုရင် သက္ကာယဒိဋ္ဌိမှ မဟုတ်ပါဘူး။ လောဘ၊ ဒေါသစတဲ့ ကိလေသာတွေလည်း အလျဉ်းသင့်သလို ဝင်တာပါပဲ။

ဘယ်လိုလဲဆိုရင် တွေးစရာအာရုံက ကောင်းတဲ့အာရုံ ဖြစ်မယ်ဆိုရင် လောဘဝင်မယ်။ တွေးစရာအာရုံက မကောင်းတဲ့အာရုံ ဖြစ်မယ်ဆိုရင် ဒေါသဝင်မယ်။ စောစောက ပြောခဲ့တဲ့အတိုင်း တွေးဆဲရုပ်နာမ်ကို အကောင်အထည် ထင်ပြန်တော့လည်း အပါယ်ချနိုင်တဲ့ သက္ကာယဒိဋ္ဌိ ဝင်မယ်တဲ့။

ဒါကြောင့် ယောဂီပုဂ္ဂိုလ်ဟာ တွေးတိုင်း၊ ကြံတိုင်း၊ စိတ်ကူးတိုင်း၊ စဉ်းစားတိုင်း၊ တွေးတယ်၊ ကြံတယ်၊ စိတ်ကူးတယ်၊ စဉ်းစားတယ် စသည်ဖြင့် မပြတ် ရှုမှတ်ရပါတယ်။

ဒီနေရာမှာလည်း 'တွေးတယ်၊ ကြံတယ်' စသည်ဖြင့် မှတ်တာဟာ အခေါ်အဝေါ် (ပညတ်) စကားလုံးကို သိရုံမှတ်တာတော့ မဟုတ်ဘူး။ အဲဒီစကားလုံးများနဲ့ ခေါ်ဆိုအပ်တဲ့သဘော ရုပ်နာမ်စစ်စစ်တွေကို အမှန်အတိုင်းသိအောင် ရှုမှတ်တာသာ ဖြစ်တယ်။

http://www.dhammadownload.com



ဒါကို အထူးသတိပြုသင့်တယ်။ မဟုတ်ရင် 'တွေးတယ်၊ ကြံတယ်' စတဲ့ အခေါ်အဝေါ် စကားလုံးလောက်သာ အပေါ်ယံ လျှံကြည့်ပြီး သဘောတရားထိအောင် မိမိဉာဏ်က မသက်ဝင်မိရင် 'ဒီလိုမှတ်လို့ တရားမရနိုင်ဘူး။ ဒီလိုမှတ်တာတွေဟာ တရားမဟုတ်ဘူး' စတဲ့ ပြောမှားဆိုမှား အရေးမှားတွေ ကျူးလွန်မိတတ်ကြတယ်။ ဒီလိုမဖြစ်ရအောင် စေတနာကောင်းနဲ့ သတိပေးခြင်းပါပဲ။

အဲ . . အထက်က ပြောခဲ့တဲ့အတိုင်း တွေးတယ်၊ ကြံတယ်၊ စိတ်ကူးတယ်၊ စဉ်းစားတယ် စသည်ဖြင့် ယုံယုံကြည်ကြည် မပြတ်ရှုမှတ်သွားရင် မှတ်တိုင်းမှတ်တိုင်း သက္ကာယဒိဋ္ဌိစတဲ့ ကိလေသာတွေဟာ အခိုက်အတန့်အားဖြင့် ငြိမ်းငြိမ်းသွားမယ်။ အမြဲတမ်းတော့ မငြိမ်းသေးဘူး။ ဝိပဿနာဉာဏ်က ကိလေသာကို ငြိမ်းစေနိုင်တယ်ဆိုတာကတော့ မှတ်ခိုက်မှာသာ ငြိမ်းစေနိုင်တယ်၊ မမှတ်ရင် မငြိမ်းဘူး။

ဒါပေမယ့် ဒီအတိုင်း ဆက်မှတ်သွားလို့ ဝိပဿနာဉာဏ်စဉ် အဆင့်ဆင့်တက်ပြီးတော့ ရုပ်တရား နာမ်တရားတို့ရဲ့ ချုပ်ငြိမ်းရာနိဗ္ဗာန်ကို သောတာပတ္တိ မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် သိမြင်ဆိုက်ရောက် မျက်မှောက်ပြုသွားမယ်ဆိုရင် သက္ကာယဒိဋ္ဌိ အမြစ်ပြတ် ချုပ်ငြိမ်းသွားမယ်။ အပါယ်ဘေးကလည်း လုံးဝ ကင်းဝေး လွတ်မြောက်သွားမယ်တဲ့။

http://www.dhammadownload.com



ကဲ. . ဟောပြီးခဲ့တာလေးတွေ ပြန်မှတ်မိသွားအောင် ဆောင်ပုဒ်ကဗျာလေးတွေ ဆိုကြဦးစို့. . .

တွေးဆဲရုပ်နာမ် မရှုမှတ်လို့၊ လော, ဒေါ, အတ္တ ဝင်လာတယ်။
တွေးဆဲရုပ်နာမ် မပြတ်မှတ်တော့၊ လော, ဒေါ, အတ္တ ကင်းပါတယ်။
ဆက်၍သာပင် တွင်တွင်မှတ်ကွယ်၊ ဉာဏ်စဉ်မြတ်နဲ့ မဂ်ဆိုက်မယ်။
မဂ်ဖိုလ်ဆိုက်အောင် ရှုမှတ်ပွားတော့၊ အပါယ်တံခါး ပိတ်ပါတယ်။
မှတ်ကွယ်. . . မှတ်ကွယ်။

အထက်ကဟောခဲ့တဲ့ သက္ကာယဒိဋ္ဌိဖြုတ်နည်းတွေကို အကျဉ်းချုပ်ကြည့်လိုက်ရင် မြင်တိုင်း၊ ကြားတိုင်း၊ နံတိုင်း၊ စားတိုင်း၊ ထိတိုင်း၊ တွေးတိုင်း၊ ဒီလို အာရုံနဲ့ ဒွါရ ဆုံတိုင်းဆုံတိုင်း ထင်ရှားရှိတဲ့ ရုပ်တရား နာမ်တရားတွေကို မပြတ် ရှုမှတ်သွားရမယ်ဆိုတာ ထင်ရှားတွေ့ရပါလိမ့်မယ်။

ဒါပေမယ့် မြင်တိုင်း၊ ကြားတိုင်း၊ နံတိုင်း၊ စားတိုင်း၊ ထိတိုင်း၊ တွေးတိုင်း ရှုမှတ်ရမယ်ဆိုတော့ အားထုတ်စ ပုဂ္ဂိုလ်များအတွက် ဘယ်က စ, ရှုမှတ်ရမလဲ၊ မြင်တာကိုပဲ စ, မှတ်ရမလား၊ ကြားတာကိုပဲ စ, မှတ်ရမလား စတဲ့ မေးစရာတွေ ဖြစ်လာပါတယ်။

ဒါကြောင့် အားထုတ်စ ပုဂ္ဂိုလ်များအတွက် အခြေခံကစပြီး ရှုမှတ်ပုံ ရှုမှတ်နည်းတွေကို ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီးက လူတိုင်းနားလည်တဲ့ ရပ်သုံးရွာသုံး စကားနဲ့ လွယ်လွယ်ကူကူ ညွှန်ပြထားပါတယ်။

http://www.dhammadownload.com



အဲဒီ ရှုမှတ်ပုံ ရှုမှတ်နည်းတွေကို 'တဏှာကင်းကွာ ရဟန္တာတရားတော်' မှာ မကျဉ်းမကျယ် ဖော်ပြထားပါတယ်။ အကျယ် သိလိုရင်တော့ ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီးရဲ့ ဝိပဿနာအလုပ်ပေးတရားတော် စာအုပ်ကို ဖတ်ရှုလေ့လာကြပါ။

ကဲ... အခု ဟောပြီးခဲ့တဲ့ 'ဒိဋ္ဌိပြုတ်ရေး ဝိပဿနာအလုပ်ပေးတရားတော်' တစ်ခုလုံးကို နိဂုံးချုပ်တဲ့ အနေနဲ့ ဆောင်ပုဒ်ကဗျာလေးတွေဆိုပြီး တရားသိမ်းကြပါစို့။

## နိဂုံးကဗျာ

သာဝတ္ထိပြည် ဇေတဝန်ကျောင်းမှာ၊ ရှင်တော်ကိန်းအောင် စံစဉ်ဝယ်။
မိုးရပ်မှလာ ဗြဟ္မာနတ်က၊ ရှင်တော်မြတ်ကို လျှောက်ထားတယ်။
ကာမဘုံသူ ရောဂါရလို့၊ အဆင်းမလှ သက်တိုတယ်။
ကာမတဏှာကို ဈာန်ဖြင့်သတ်လို့၊ ထက်ဗြဟ္မာရပ် ရောက်သင့်တယ် (တဲ့)။
ဗြဟ္မာ့စကားကို အမြန်ပယ်ရှားလို့၊ မြတ်ဘုရားက ပြန်ကြားတယ်။
ဒိဋ္ဌိသက္ကာ အမြစ်ဖြတ်မှ၊ အပါယ်ရပ်က လွတ်မြောက်မယ် (တဲ့)။
ဒိဋ္ဌိသက္ကာ ပြုတ်ကွာသွားအောင်၊ ဘယ်တရားကို ရှုရမယ်။

http://www.dhammadownload.com



ဝိပဿနာခေါ် မြတ်တရားကို၊ မပြတ်ကြိုးစား ရှုရတယ်။
သိတတ်တာဟာ နာမ်သဘောကွယ့်၊ မသိတဲ့သဘော ရုပ်ဖြစ်တယ်။
ဖြစ်ပျက်ရုပ်နာမ် သိအောင်မှတ်တော့၊ ဝိပဿနာ ဖြစ်ပါတယ်။
မဂ်ဖိုလ်ဆိုက်အောင် ရှုမှတ်ပွားတော့၊ အပါယ်တံခါး ပိတ်ပါတယ်။
မှတ်ကွယ်. . . မှတ်ကွယ်။

## နိဂုံးအနေ ဆုမွန်ခြွေ

ဒီနေ့ 'ဒိဋ္ဌိပြုတ်ရေး ဝိပဿနာအလုပ်ပေး တရားတော်ကြီး' ကို ရိုသေစွာ နာကြားရတဲ့ ဓမ္မဿဝန ကုသိုလ်ကံစေတနာကြောင့် ယောဂီအပေါင်း သူတော်ကောင်းတို့သည် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ ချမ်းသာကြပါစေ။ မြတ်စွာဘုရားရဲ့ သာသနာတော်မြတ်ကြီးကိုလည်း ပစ္စယာနုဂ္ဂဟ ဓမ္မာနုဂ္ဂဟတို့ဖြင့် ချီးမြှောက်ထောက်ပင့်နိုင်ကြပါစေ။ အပါယ်လေးပါးဘေးက ကင်းဝေးလွတ်မြောက်နိုင်သည်အထိ ဝိပဿနာတရား အလုပ် ကြိုးစားအားထုတ်နိုင်ကြပါစေကုန်သတည်း။ ။

ဒိဋ္ဌိပြုတ်ရေး ဝိပဿနာ အလုပ်ပေး တရားတော်
ပြီး၏။

http://www.dhammadownload.com

# " တရားကင်းကွာ ရဟန္တာတရားတော် "

## အာသီသ - ပဏာမ

လောကဇေဋ္ဌံ နရာသဘံ၊ သုဂတံ စ နမာမဟံ။
တေန ဓမ္မံ သုဘာသိတံ၊ သံယံ စ တဿ ဩရသံ။ ။

လောကဇေဋ္ဌံ၊ ဗြဟ္မာနတ်လူ သုံးဘုံသူတို့ရဲ့ အကြီးအမှူးဖြစ်တော်မူပေထသော။ နရာသဘံ၊ ဗြဟ္မာနတ်လူ သုံးဘုံသူတို့နဲ့ မနှိုင်းယှဉ်အပ် မြင့်မြတ်တော်မူပေထသော။ သုဂတံ စ၊ ကောင်းသော စကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရားကိုလည်းကောင်း။ သုဂတံ စ၊ ကောင်းသော နိဗ္ဗာန်သို့လည်း ကြွတော်မူ, ရှေးဘုရားတို့ကဲ့သို့ လာခြင်းလည်း ကောင်းတော်မူသော မြတ်စွာဘုရားကိုလည်းကောင်း။

http://www.dhammadownload.com



တောန၊ ထို သုံးလောကယွတ် [illegible]ား သဗ္ဗညု မြတ်စွာဘုရားသည်။ သုဘာသိတံ၊ ပြဟ္မာနတ်လူ သုံးဘုံသူတို့ရဲ့ အကျိုးငှာ ကောင်းစွာ ဟောကြားတော်မူအပ်သော။ ဓမ္မံ စ၊ မဂ်လေးတန် ဖိုလ်လေးတန် နိဗ္ဗာန်ပရိယတ္တိဟု ဆိုအပ်သော ၁၀-ပါးသော တရားတော်မြတ်ကိုလည်းကောင်း။ တဿ၊ ပြဟ္မာနတ်လူ သုံးဘုံသူတို့ရဲ့ ဆရာတော်တစ်ဆူ ဖြစ်တော်မူပေသော ထိုမြတ်စွာဘုရား၏။ ဩရသံ၊ ရင်သွေးရင်နှစ် အမှန်ပင် ဖြစ်ပေသော။ သံဃံ စ၊ မဂ္ဂဋ္ဌာန်လေးယောက် ဖလဋ္ဌာန်လေးယောက်ဟု ဆိုအပ်သော ရှစ်ယောက်သော အရိယာသံဃာတော်မြတ် အပေါင်းကိုလည်းကောင်း။ (အာစေရံ စ၊ နှစ်ဆယ်ရာစု ဒီနောက်ပိုင်းမှာဖြင့် ပရိယတ္တိအရာမှာလည်း တိုင်းကမ္ဘာကျော်, ပဋိပတ္တိအရာမှာလည်း နှိုင်းစရာမပေါ် အောင် ထင်ရှားပေသည့် ဆဋ္ဌသင်္ဂီတိ ပုစ္ဆိက အဂ္ဂမဟာပဏ္ဍိတ ဂန္ထကာရက ကမ္မဋ္ဌာနာစရိယ ဖြစ်တော်မူပေသော ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီးကိုလည်းကောင်း။) အဟံ၊ နှစ်ရာ့နှစ်ဆယ် ခုနစ်သွယ်ကို ကိုယ်ဝယ်ဆင်မြန်း ရဟန်းမှည့်ခေါ် တပည့်တော်သည်။ အဟံ၊ ဇာတိရပ်ဌာန် စွဲခေါ်ပြန်သော် ပွှန်တန်ဆာ သုန္ဒရ နာမမှည့်ခေါ် တပည့်တော်သည်။ နမာမိ၊ ဂုဏ်တော်ရွယ်ကိုး အားတော်ကိုး၍ ရှိခိုးကန်တော့လိုက်ပါသည်ဘုရား။ နမာမိ၊ တရားဟော တရားနာ များစွာသော ပရိသတ်အပေါင်း သူတော်ကောင်းတို့၏ ကိုယ်တွင်းကိုယ်ပ၊ အိမ်တွင်းအိမ်ပ၊ ရွာတွင်းရွာပ၊ မြို့တွင်းမြို့ပပါမကျန် ဘေးအတန်တန် ရန်အသွယ်သွယ် အန္တရာယ်ဟူသမျှ ကင်းပစေကြောင်း ဆုမွန်တောင်းကာ ရှိခိုးကန်တော့လိုက်ပါတော့သည်ဘုရား။ ။

သာဓု. . . သာဓု. . . သာဓု. . . ။

http://www.dhammadownload.com

# " တဏှာကင်းကွာ ရဟန္တာတရားတော် "

ဒီနေ့ ဟောမယ့် တရားခေါင်းစဉ်ကတော့ 'တဏှာကင်းကွာ ရဟန္တာ' ဖြစ်ပါတယ်။ ဒီလို ခေါင်းစဉ် တပ်ထားပေမယ်လို့ အကြောင်းအရာကတော့ သဠာယတနသံယုတ် ယောဂက္ခေမိဝဂ်၊ ဒုက္ခသမုဒယသုတ် ပါဠိတော်များ၊ ဓမ္မစက္ကပဝတ္တနသုတ် သမုဒယသစ္စာအခန်း 'ယာယံတဏှာ ပေါနောဘဝိကာ၊ နန္ဒီရာဂ သဟ ဂတာ၊ တတြတတြာဘိနန္ဒိနီ' စတဲ့ တဏှာနဲ့ပတ်သက်တဲ့ ပါဠိတော်များ၊ သဠာယတနသံယုတ် သဠာဝဂ် မလုက်ျပုတ္တသုတ်လာ အချို့ပါဠိတော်များနဲ့ ဓမ္မပဒ အဋ္ဌကထာမှာလာတဲ့ ဇာဋိလဝတ္ထုတို့ကို အမာခံကျောရိုး ပြုပြီးတော့ ဟောကြားမှာပါပဲ။

ဒီတော့ တရားခေါင်းစဉ်မှာပါတဲ့ 'တဏှာဆိုတာ ဘာလဲ၊ အဲဒီတဏှာ ဘယ်လိုဖြစ်ပေါ်လာသလဲ၊ ဒီတဏှာက ဘာတွေ လုပ်တတ်သလဲ၊ တဏှာမဖြစ်အောင် ဘယ့်နှယ်လုပ်မလဲ' လို့ ဆိုတာတွေကို အရင်ဆုံး ရှင်းလင်းဟောကြားရလိမ့်မယ်။

## တဏှာ ဆိုတာ

တဏှာဆိုတာ အာရုံကို ဆာလောင်တဲ့သဘော၊ ခင်တွယ်တဲ့သဘော၊ နှစ်သက်တဲ့သဘော၊ တွယ်တာ တဲ့သဘောပါပဲ။

## အာရုံ ၆-ပါး၊ အတိုက်ခာတ် ၆-ပါး

အဲဒီတကျောရဲ့ ဆာလောင် ခင်တွယ် နှစ်သက်ခြင်းကိုခံရတဲ့ အာရုံရဲ့ အဓိပ္ပါယ်ကတော့ စိတ်စေတသိက်တို့ရဲ့ ပျော်မွေ့ရာလို့ ဆိုလိုပါတယ်။ ဒီအာရုံက ဘာတွေလဲဆိုရင်. . .

(၁) အဆင်းမျိုးစုံ ရူပါရုံရယ်၊
(၂) အသံမျိုးစုံ သဒ္ဒါရုံရယ်၊
(၃) အနံ့မျိုးစုံ ဂန္ဓာရုံရယ်၊
(၄) အရသာမျိုးစုံ ရသာရုံရယ်၊
(၅) အတွေ့အထိမျိုးစုံ ဖောဋ္ဌဗ္ဗာရုံရယ်၊
(၆) တွေးစရာမျိုးစုံ ဓမ္မာရုံရယ်လို့ ဒီခြောက်မျိုးပါပဲ။

လွယ်လွယ်ပြောရရင်တော့ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိနဲ့ တွေးစရာတို့ပါပဲ။ သူတို့ကို အတိုက်ခာတ် ၆-ပါးလို့လည်း ခေါ်နိုင်ပါသေးတယ်။ ကဲ. . လိုက်ဆိုကြပါ။

အဆင်း, အသံ, အနံ့များနဲ့၊ ရသာအစား, ထိ, တွေးဖွယ်။
ခြောက်ပါးအာရုံ သူတို့ပဲကွယ့်၊ အတိုက်ခာတ်လို့လည်း ခေါ်ပါတယ်။

http://www.dhammadownload.com



## ဒွါရခြောက်တန် အခံဓာတ်ခြောက်ပါး

ဒီအာရုံခြောက်ပါးခေါ်တဲ့ အတိုက်ခံဓာတ်တွေက ဘာတွေကို တိုက်ခိုက်သလဲလို့ ဆိုတော့ ဒွါရခြောက်ပါးလို့ ခေါ်တဲ့ အခံဓာတ်တွေကို တိုက်ခိုက်တယ်တဲ့။ အဲဒီ ဒွါရရဲ့ အဓိပ္ပါယ်ကတော့ စိတ်စေတသိက်တို့ရဲ့ ဝင်ထွက်ရာ တံခါးပေါက်ပါပဲတဲ့။

သူတို့က ဘာတွေလဲလို့ ဆိုရင်. . .

(၁) စက္ခုပသာဒလို့ ခေါ်တဲ့ မျက်စိအကြည်ရုပ်ရယ်။
(၂) သောတပသာဒလို့ ခေါ်တဲ့ နားအကြည်ရုပ်ရယ်။
(၃) ဃာနပသာဒ လို့ ခေါ်တဲ့ နှာခေါင်းအကြည်ရုပ်ရယ်။
(၄) ဇိဝှာပသာဒ လို့ ခေါ်တဲ့ လျှာအကြည်ရုပ်ရယ်။
(၅) ကာယပသာဒ လို့ ခေါ်တဲ့ ကိုယ်အကြည်ရုပ်ရယ်။
(၆) မနောအကြည်လို့ ခေါ်တဲ့ အိပ်ပျော်တဲ့အခါမှာဖြစ်တဲ့ ဘဝင်စိတ်မျိုးရယ်၊ ဒီခြောက်မျိုးပါပဲ။

လွယ်လွယ်ပြောရရင် 'မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်နဲ့ ဘဝင်စိတ်' တို့ပါပဲ။ ကဲ. . လိုက်ဆိုကြပါ။

မျက်စိ, နား, နှာ, လျှာ, ကာယနဲ့၊ မနောအကြည်ဓာတ် ခြောက်ပါးကွယ်။
ဒွါရဆိုတာ သူတို့ပဲကွယ့်၊ အခံဓာတ်လို့လည်း ခေါ်ပါတယ်။

http://www.dhammadownload.com



## ဝိညာဏ် ၆-ရပ် အပွင့်ခါတ် ၆-ပါး

စောစောကပြောခဲ့တဲ့ အာရုံ ၆-ပါး အတိုက်ခါတ်တွေက ဒီဒွါရခြောက်ပါးဆိုတဲ့ အခံခါတ်တွေကို လာထိခိုက်တဲ့အခါကျတော့ ဝိညာဏ်ခြောက်ပါးဆိုတဲ့ အသိစိတ်တွေ ဖြစ်ပေါ်လာတယ်တဲ့။

သူတို့က ဘာတွေလဲလို့ ဆိုတော့. . .

(၁) စက္ခုဝိညာဏ် လို့ ခေါ်တဲ့ မြင်သိစိတ်ရယ်၊
(၂) သောတဝိညာဏ် လို့ ခေါ်တဲ့ ကြားသိစိတ်ရယ်၊
(၃) ဃာနဝိညာဏ် လို့ ခေါ်တဲ့ နံသိစိတ်ရယ်၊
(၄) ဇိဝှာဝိညာဏ် လို့ ခေါ်တဲ့ အရသာသိစိတ်၊ ဒါမှမဟုတ် စားသိစိတ်ရယ်၊
(၅) ကာယဝိညာဏ် လို့ ခေါ်တဲ့ ထိသိစိတ်ရယ်၊
(၆) မနောဝိညာဏ် လို့ ခေါ်တဲ့ တွေးသိစိတ်ရယ်၊ ဒီခြောက်မျိုးပါပဲ။ သူတို့ကို အပွင့်ခါတ်လို့လည်း ခေါ်နိုင်ပါသေးတယ်။

ကဲ. . ဒါကို ဆိုကြရအောင်. . .

မြင်စိတ်, ကြားစိတ်, နံသိစိတ်နဲ့၊ စားသိ, ထိစိတ်, တွေးစိတ်ကွယ်။
ခြောက်ပါးဝိညာဏ် သူတို့ပဲကွယ့်၊ အပွင့်ခါတ်လဲ ခေါ်ပါတယ်။

## တဏှာဖြစ်ပုံ သဘောအချုပ်

အဲ . . အထက်က ပြောခဲ့တဲ့ 'အာရုံ၊ ဒွါရ၊ ဝိညာဏ်' လို့ သုံးမျိုးရှိတဲ့အထဲက အာရုံနဲ့ ဒွါရတို့က အကြောင်းတရားပါပဲ။ ဝိညာဏ်ကတော့ အကျိုးတရားတဲ့။ ဒီသုံးမျိုး ပေါင်းဆုံမှုကိုတော့ ဖဿလို့ ခေါ်ပါတယ်။ အတိုက်ခာတ် အာရုံတွေက ကောင်းတဲ့အာရုံတွေ၊ နှစ်သက်ဖွယ်အာရုံတွေ ဖြစ်ကြမယ်ဆိုရင် ကောင်းသော ခံစားမှုဝေဒနာ ဖြစ်ပေါ်လာတော့တာပါပဲ။ 'ဖဿ ပစ္စယာ ဝေဒနာ' ဖဿကြောင့် ဝေဒနာဖြစ်တယ်လို့ ဆိုရပါတယ်။ အဲ . . ကောင်းတဲ့ ခံစားမှုဝေဒနာဖြစ်လာရင် 'ဝေဒနာ ပစ္စယာ တဏှာ' ဆိုတဲ့အတိုင်း အာရုံကို ဆာလောင်ခင်မင် နှစ်သက်တွယ်တာတဲ့ တဏှာ ဖြစ်ပေါ်လာတော့တာပါပဲ။ ကဲ . . လိုက်ဆို -

ခြောက်ပါးအာရုံ ဒွါရထိတော့၊ အသိစိတ်များ ပေါ်လာတယ်။
ကောင်းတဲ့အာရုံ ခံစားမိတော့၊ တဏှာကပ်ငြိ စွဲပါတယ်။

အဲ . . အခု ပြောတာတွေကတော့ 'တဏှာဆိုတာ ဘာလဲ၊ တဏှာ ဘယ်လို ဖြစ်ပေါ်လာသလဲ' လို့ ဆိုတဲ့ အမေးနဲ့ပတ်သက်တဲ့ အကြမ်းဖျင်း အဖြေတွေပါပဲ။

အခုအချိန်ကစပြီးတော့ တဏှာဖြစ်ပေါ်လာပုံ အသေးစိတ်နဲ့ တဏှာက ဘာလုပ်တတ်တယ်၊ တဏှာ မဖြစ်အောင် ဘယ့်နှယ် လုပ်ရမယ်ဆိုတာတွေကို ဆက်ပြီးဟောပါ့မယ်။ အခု ရူပတဏှာဖြစ်ပေါ်ပုံက စ, ဟောမယ်။

http://www.dhammadownload.com

## ၆၆ ရူပတဏှာ ဖြစ်ပုံ ၇၇

[၁] စက္ခုံ စ ပဋိစ္စ ရူပေ စ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ၊ တိဏ္ဏံ သင်္ဂတိ ဖဿော၊ ဖဿ ပစ္စယာ ဝေဒနာ၊ ဝေဒနာ ပစ္စယာ တဏှာ။

စက္ခုံ စ၊ စက္ခုပသာဒလို့ ခေါ်တဲ့ မျက်စိအကြည်ရုပ်ကိုလည်းကောင်း။ ရူပေ စ၊ အဆင်းမျိုးစုံ ရူပါရုံ အတိုက်ခာတ်ကိုလည်းကောင်း။ ပဋိစ္စ၊ အကြောင်းပြု၍။ စက္ခုဝိညာဏံ၊ စက္ခုဝိညာဏ်ခေါ်တဲ့ မြင်သိစိတ်သည်။ ဥပ္ပဇ္ဇတိ၊ ထင်ရှားမသေ့ ဖြစ်ပေါ်လာရပေ၏။ တိဏ္ဏံ၊ အဆင်းမျိုးစုံနဲ့ မျက်စိအကြည် မြင်သိစိတ် ဤသုံးခုတို့၏။ သင်္ဂတိ၊ ပေါင်းဆုံမိခြင်းသည်။ ဖဿော၊ ဖဿ မည်၏။ ဖဿပစ္စယာ၊ အာရုံကို တွေ့တတ်တဲ့ ဖဿဟူသော အကြောင်းကြောင့်။ ဝေဒနာ၊ ကောင်းမကောင်းနဲ့ မဆိုးမကောင်း ခံစားတတ်တဲ့ ဝေဒနာသဘောသည်။ ဥပ္ပဇ္ဇတိ၊ ထင်ရှားမသေ့ ဖြစ်ပေါ်၍ လာရပါပေ၏။ ဝေဒနာပစ္စယာ၊ ကောင်းသောအာရုံ ခံစားမိတဲ့ ဝေဒနာ

http://www.dhammadownload.com



ဟူသော အကြောင်းကြောင့်။ တဏှာ၊ မြင်ရတဲ့အအဆင်းမျိုးစုံ ရူပါရုံကို နှစ်သက်တွယ်တာ သာယာတပ်မက်တဲ့ ရူပတဏှာသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်ပေါ်၍ လာရပါပေ၏။ ဥပ္ပဇ္ဇတိ၊ ဘယ်သိကြား ဘယ်ဗြဟ္မာကမှလည်း ဖန်ဆင်းတာမဟုတ်ပါဘဲ၊ ကောင်းသောခံစားမှု ဝေဒနာဟူသော အကြောင်းကြောင့် ရူပတဏှာ ပေါ်ပေါက်ခြင်းမျှ ဖြစ်ပါပေသတည်း။

ဒီ. . အဆင်းမျိုးစုံ ရူပါရုံ အတိုက်ခံတ်က စက္ခုဒွါရလို့ခေါ်တဲ့ မျက်စိအကြည်ရုပ် အခံခံတ်ကိုလာပြီး ထိခိုက်တဲ့အခါကျတော့ စက္ခုဝိညာဏ်လို့ခေါ်တဲ့ မြင်သိစိတ် အပွင့်ခံတ် ဖြစ်ပေါ်လာပါတယ်။

'အဆင်းရယ်၊ မျက်စိအကြည်ရယ်၊ မြင်သိစိတ်ရယ်' ဒီသုံးမျိုးရှိတဲ့အထဲမှာ အဆင်းနဲ့ မျက်စိအကြည်က ရုပ်အကြောင်းတရားပါပဲ။ မြင်သိစိတ်ကတော့ နာမ်အကျိုးတရားတဲ့။ သူတို့သုံးခု ပေါင်းဆုံမှုကိုတော့ ဖဿလို့ ခေါ်ပါတယ်။ အဲဒီ မြင်ရတဲ့အဆင်းက အလိုရှိအပ် နှစ်သက်အပ်တဲ့ အဆင်းဖြစ်မယ်ဆိုရင် ကောင်းတဲ့ ခံစားမှုဝေဒနာ ဖြစ်ပေါ်လာတော့တာပါပဲ။

အဲဒီအခါ မြင်ရတဲ့ နှစ်သက်စရာအဆင်းက နှစ်သက်တွယ်တာ ခင်မင်တတ်တဲ့ ရူပတဏှာ ဖြစ်ပေါ်လာတယ်။ အဲဒီ ရူပတဏှာဟာ စက္ခုဒွါရမှာ မှီပြီးတော့ဖြစ်တယ်တဲ့။ သူက အဆင်းသက်သက်ကိုသာ နှစ်သက်တတ်တာ မဟုတ်သေးပါဘူး။ အဆင်းရဲ့ တည်ရာမှီရာဖြစ်တဲ့ သက်ရှိသက်မဲ့ အရာဝတ္ထုတွေကိုပါ တစ်ပါတည်း နှစ်သက်သွားတော့တာပါပဲ။ ဒါတင်လားလို့ဆိုတော့ မကသေးပါဘူး။ လူ၊ နတ်စတဲ့ သတ္တဝါတွေဟာ ရောက်ရာဘဝ၊ ရရာအာရုံတွေမှာ ပျော်မွေ့ပြီး နေနိုင်ကြတာဟာလည်း ဒီတဏှာရဲ့ လက်ချက်ပါပဲတဲ့။

သူဌေးသမီး ကျွန်ရဲ့နောက် လိုက်လာတာလဲ ဒီရူပတဏှာက စတာပဲ

မြတ်စွာဘုရားလက်ထက်တော်က အားလုံး အသိများကြတဲ့ သာဝတ္ထိပြည်က သူဌေးသမီး ပဋာစာရီ ဟာ ဆိုရင် ဟို. . ပဒုမုတ္တရ ဘုရားရှင်လက်ထက်တော်မှစ၍ ကမ္ဘာတစ်သိန်းတိုင်တိုင် ပါရမီဖြည့်လာခဲ့လို့ ဝိနည်းအရာမှာ ဧတဒဂ်ရတော့မယ့် ရဟန္တာမဖြစ်တော့မယ့် ပါရမီရှင် အမျိုးသမီးပါပဲ။

ဒါပေမယ့် ၁၆-နှစ်လောက်အရွယ်မှာ နေ့စဉ် မြင်တွေ့နေရတဲ့ အစေခံ ဒါသကို စွဲမက်မိတဲ့တဏှာ ကြောင့် ဒါသနဲ့ ခိုးရာလိုက်ပြေးပြီးတော့ သုံးယူဇနာလောက် အကွာမှာရှိတဲ့ တောရွာကလေးတစ်ရွာမှာ သွား နေကြပါတယ်။

ခင်ပွန်းဖြစ်သူက တောထဲသွားပြီး ထင်းခုတ်ရောင်းရတယ်။ ပဋာစာရီဟာ သူဌေးသမီးဘဝတုန်းက ခြေမွေးမီးမလောင် လက်မွေးမီးမလောင်ဘဲ ချမ်းချမ်းသာသာ ရွှေပေါ်မြတင်နေခဲ့ရပေမယ့် အခုတော့ ဆင်း ရဲရဲ နေရရှာတယ်။ ကိုယ်တိုင်ရေခပ်လို့ ကိုယ်တိုင်ပဲ ထင်းခွဲလို့ ကိုယ်တိုင်မောင်းထောင်း ဆန်ဖွပ်ပြီးတော့ ကိုယ်တိုင်ပဲ ထမင်းဟင်း ချက်ရတယ်။

ဘေးက လူတွေအနေနဲ့ ကြည့်လိုက်မယ်ဆိုရင်တော့ တော်တော်စိတ်ဆင်းရဲစရာပါပဲ။ ဒါပေမယ့် ပဋာစာရီကိုယ်တိုင်ကတော့ ပျော်လို့ ရွှင်လို့ပါပဲတဲ့။ အဲဒီလို သူဌေးသမီးဘဝကနေပြီးတော့ ဆင်းရဲသူမလေး

[၇] သူဌေးသမီး ပဋာစာရီသည် ကျွန်ယောကျ်ား၏နောက်သို့ လိုက်ပါ၍ ပင်ပန်းကြီးစွာ လုပ်ကိုင်ရသော်လည်း ပင်ပန်း ဆင်းရဲသည်မထင်ဘဲ ပျော်ရွှင်နေပုံ။

http://www.dhammadownload.com



http://www.dhammadownload.com


ဖြစ်သွားရပေမယ့် ပျော်နိုင်ရွှင်နိုင်တာဟာ ဘယ်သူ့လက်ချက်လဲဆိုရင် တဏှာရဲ့လက်ချက်ပါပဲတဲ့။

ဒီခေတ်မှာ သုံးနာရီကျော် လေးနာရီကြာအောင် အညောင်းခံထိုင်ပြီးတော့ ရုပ်ရှင်ကြည့်နိုင်တာတွေ၊ တစ်ညလုံး ဇာတ်ပွဲထိုင်ကြည့်နိုင်ကြတာတွေဟာလည်း ဒီတဏှာရဲ့လက်ချက်ပါပဲ။

ဒါကြောင့်လည်း မြတ်စွာဘုရားက 'တတြတတြာဘိနန္ဒိနီ' တဏှာဆိုတာဟာ ရောက်ရာဘဝ ရရာ အာရုံမှာ ပျော်မွေ့တယ်လို့ ဟောတော်မူခဲ့တာပေါ့။ နောက်ပြီးတော့ ဒီတဏှာက 'ပေါနောဘဝိကာ' ဘဝ အသစ်အသစ်တွေကိုလည်း ဖြစ်စေတတ်ပါတယ်တဲ့။ ဘဝအသစ် ဖြစ်ပေါ်စေပုံ သာဓကဝတ္ထုတွေကိုတော့ ဒီမှာ မပြသေးဘဲ နောက်ပိုင်းကျမှဖော်ပြပါ့မယ်။ ဘဝအသစ် ဖြစ်တယ်ဆိုတာ ဒုက္ခအသစ်ဖြစ်တယ်လို့ ဆိုလို ပါတယ်။

## ရူပတဏှာကို ပယ်ပုံ

ဒါကြောင့် ဘဝအသစ် မဖြစ်ရေးအတွက် တဏှာကို အပြတ်ရှင်းရမယ်။ မြင်တိုင်းမြင်တိုင်း မြင်ရာကို အကြောင်းပြုပြီးတော့ တဏှာမဖြစ်ချင်ရင် 'မြင်တယ် မြင်တယ်' လို့ မပြတ်ရှုမှတ်ရပါတယ်။ ဒီလို ရှုမှတ်ရင် မြင်ရတဲ့ အဆင်းမျိုးစုံ ရူပါရုံကို နှစ်သက်တွယ်တာ သာယာတပ်မက်တဲ့ ရူပတဏှာဟာ အခိုက်အတန့်အားဖြင့် ငြိမ်းငြိမ်းလို့ သွားပါတယ်။ ဒါပေမယ့် အမြဲတမ်း ငြိမ်းတာမျိုး၊ အကြွင်းမဲ့ ငြိမ်းတာမျိုးတော့ မဟုတ်သေး

http://www.dhammadownload.com



ဘူး။ အမြဲတမ်းငြိမ်းဖို့ အကြွင်းမဲ့ငြိမ်းဖို့ ဆိုတာကတော့ ဆိုင်ရာဆိုင်ရာ မဂ်ဉာဏ်တွေ ဆိုက်ရောက်တဲ့အထိ ဆက်မှတ်သွားပါမှ ဆိုင်ရာမဂ်ဉာဏ်က ဆိုင်ရာတဏှာကို အပြတ်ရှင်းသွားပါလိမ့်မယ်တဲ့။

န သော ရဇ္ဇတိ ရူပေသု၊ ရူပံ ဒိသွာ ပဋိဿတော၊
ဝိရတ္တ စိတ္တော ဝေဒေတိ၊ တဉ္စ နဇ္ဈောသတိဋ္ဌတိ။

ယောပုဂ္ဂလော၊ ကျားမ မဟူ မည်သူမဆို ဝိပဿနာ ရှုမှတ်နေတဲ့ အကြင်ယောဂီပုဂ္ဂိုလ်သည်။ ရူပံ၊ အဆင်းမျိုးစုံ ရူပါရုံကို။ ဒိသွာ၊ တွေ့မြင်ရသည်ရှိသော်။ ပဋိဿတော၊ 'မြင်တယ် မြင်တယ်' ဟု တဖန် အမှတ်သတိ ရရှိသည်။ ဟောတိ၊ စင်စစ်မသွေ ဖြစ်ပါပေ၏။ သော၊ မြင်တိုင်းမြင်တိုင်း 'မြင်တယ် မြင်တယ်' ဟု အမှတ်သတိ ရရှိတဲ့ ထိုယောဂီပုဂ္ဂိုလ်သည်။ ရူပေသု၊ အဆင်းမျိုးစုံ နှစ်သက်ဖွယ် ရူပါရုံတို့၌။ န ရဇ္ဇတိ၊ တပ်နှစ်သက်ခြင်း အလျှင်းမရှိတော့ချေ။ ဝိရတ္တစိတ္တော၊ တပ်နှစ်သက်ခြင်း ကင်းသောစိတ် ရှိသည်ဖြစ်၍။ ဝေဒေတိ၊ ခံစား၏။ တဉ္စ၊ ထိုအဆင်းမျိုးစုံ ရူပါရုံကိုလည်း။ နဇ္ဈော သတိဋ္ဌတိ၊ မသိမ်းပိုက်မူ၍တည်၏။ (ဝါ) မြင်တိုင်းမြင်တိုင်း 'မြင်တယ် မြင်တယ်' ဟု မပြတ်ရှုမှတ်သည်ရှိသော် မြင်ရတဲ့အဆင်းမျိုးစုံ ရူပါရုံကို နှစ်သက်တွယ်တာ သာယာတပ်မက်တဲ့ ရူပတဏှာသည် မှတ်တိုင်းမှတ်တိုင်း ကင်းငြိမ်းလွင့်ပျောက်ရလေတော့သတည်း။

သာဓု. . . သာဓု. . . သာဓု. . . ။

http://www.dhammadownload.com



တဏှာက ဘဝသစ်ကို ဖြစ်စေပုံနဲ့ တဏှာရှင်းပုံနည်းတွေကိုတော့ တဏှာခြောက်ပါး စုံသွားတော့မှပဲ ဆက်ဟောမယ်။ အခုတော့ ဟောခဲ့ပြီးတာလေးတွေ ပြန်မှတ်မိသွားအောင် တရားကဗျာလေးတွေ လိုက်ဆိုကြရမယ်။

## ရူပတဏှာဖြစ်လျှင် ဖြတ်ပယ်နှင် ဆောင်ပုဒ်

အဆင်းအာရုံ မျက်စိထိတော့၊ မြင်သိစိတ်ခါတ် ပေါ်လာတယ်။
မြင်ရတာကို သဘောကျတော့၊ ရူပတဏှာ ဖြစ်ပါတယ်။
ရရာအာရုံ ရောက်ရာဘဝမှာ၊ ပျော်မွေ့တာလဲ သူပဲဖြစ်တယ်။
ဘဝသစ်ကို ဖြစ်စေတတ်လို့၊ တဏှာပြတ်အောင် ရှင်းရမယ်။
မြင်တဲ့အခါ မြင်တယ်မှတ်တော့၊ တဏှာကင်းပြတ် ငြိမ်းပါတယ်။
ဆက်၍သာပင် တွင်တွင်မှတ်ကွယ့်၊ ဉာဏ်စဉ်မြတ်နဲ့ မဂ်ဆိုက်မယ်။
မှတ်ကွယ်. . . မှတ်ကွယ်။

http://www.dhammadownload.com

# " သဒ္ဒါ တဏှာ ဖြစ်ပုံ "

[၂] သောတဉ္စ ပဋိစ္စ သဒ္ဒေ စ ဥပ္ပဇ္ဇတိ သောတဝိညာဏံ၊ တိဏ္ဏံ သင်္ဂတိ ဖဿော၊ ဖဿ ပစ္စယာ ဝေဒနာ၊ ဝေဒနာ ပစ္စယာ တဏှာ။

သောတဉ္စ၊ သောတပသာဒလို့ခေါ်တဲ့ နားအကြည်ရုပ်ကိုလည်းကောင်း။ သဒ္ဒေ စ၊ အသံမျိုးစုံ သဒ္ဒါရုံ အတိုက်ခံတတ်တို့ကိုလည်းကောင်း။ ပဋိစ္စ၊ အကြောင်းပြု၍။ သောတဝိညာဏံ၊ သောတဝိညာဏ်လို့ ခေါ်တဲ့ ကြားသိစိတ်သည်။ ဥပ္ပဇ္ဇတိ၊ ထင်ရှားမသေ့ ဖြစ်ပေါ်၍လာရပါပေ၏။ တိဏ္ဏံ၊ အသံမျိုးစုံနဲ့ နားအကြည့် ကြားသိစိတ် ဤသုံးခုတို့၏။ သင်္ဂတိ၊ ပေါင်းဆုံမိခြင်းသည်။ ဖဿော၊ ဖဿ မည်၏။ ဖဿ ပစ္စယာ၊ အာရုံကို တွေ့တတ်တဲ့ ဖဿဟူသောအကြောင်းကြောင့်။ ဝေဒနာ၊ ကောင်း, မကောင်းနဲ့ မဆိုးမကောင်း ခံစားတတ်တဲ့ ဝေဒနာသဘောသည်။ ဥပ္ပဇ္ဇတိ၊ ထင်ရှားမသေ့ ဖြစ်ပေါ်၍ လာရပါပေ၏။ ဝေဒနာပစ္စယာ၊ ကောင်းသော အာရုံ ခံစားမိတဲ့ ဝေဒနာဟူသော အကြောင်းကြောင့်။ တဏှာ၊ ကြားရတဲ့ အသံမျိုးစုံ သဒ္ဒါရုံကို နှစ်သက် တွယ်တာ သာယာတပ်မက်တဲ့ သဒ္ဒတဏှာသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်ပေါ်၍ လာရပါပေ၏။ ဥပ္ပဇ္ဇတိ၊ ဘယ်သိကြား, ဘယ်ဗြဟ္မာကမှလည်း ဖန်ဆင်းတာမဟုတ်ပါဘဲ၊ ကောင်းသောခံစားမှု ဝေဒနာဟူသော အကြောင်းကြောင့် သဒ္ဒတဏှာ ပေါ်ပေါက်ခြင်းမျှ ဖြစ်ပါပေသတည်း။

http://www.dhammadownload.com



အသံမျိုးစုံ သဒ္ဒါရုံအတိုက်ခံတာက သောတဒွါရလို့ခေါ်တဲ့ နားအကြည်ရုပ် အခံဓာတ်ကို လာပြီး ထိခိုက်တဲ့အခါကျတော့ သောတဝိညာဏ်လို့ခေါ်တဲ့ ကြားသိစိတ် ဖြစ်ပေါ်လာတယ်။

'အသံရယ်၊ နားအကြည်ရယ်၊ ကြားသိစိတ်ရယ်' ဒီသုံးမျိုးရှိတဲ့အထဲက အသံနဲ့ နားအကြည်က ရုပ်အကြောင်းတရားပါပဲ၊ ကြားသိစိတ်ကတော့ နာမ်အကျိုးတရားတဲ့။ သူတို့သုံးခု ပေါင်းဆုံမှုကိုတော့ 'ဖဿ' လို့ခေါ်ပါတယ်။ ကြားရတဲ့အသံက သာယာတဲ့အသံ ကောင်းတဲ့အသံ ဖြစ်မယ်ဆိုရင် 'သာယာလိုက်တာ၊ ကောင်းလိုက်တာ၊ ကရုဏာအသံလေးဟဲ့' စသည်ဖြင့် ကောင်းသောခံစားမှု ဝေဒနာတရား ထင်ရှားဖြစ်ပေါ်လာတော့တာပဲ။ အဲဒီအခါ 'ဝေဒနာ ပစ္စယာ တဏှာ' ဆိုတဲ့အတိုင်း အသံကို နှစ်သက်တွယ်တာ သာယာတပ်မက်တဲ့ သဒ္ဒတဏှာ ဖြစ်ပေါ်လာတယ်။ ဒီ သဒ္ဒတဏှာကတော့ သောတဒွါရကို မှီပြီးဖြစ်တယ်တဲ့။

သူကလည်းပဲ အသံသက်သက်ကိုသာ နှစ်သက်တတ်တာ မဟုတ်ပါဘူး။ အသံရဲ့တည်ရာမှီရာဖြစ်တဲ့ သက်ရှိသက်မဲ့ အရာဝတ္ထုတွေကိုပါ တစ်ပါတည်း နှစ်သက်သွားတော့တာပါပဲ။ ဒါတင်လားလို့ဆိုတော့ မကသေးပါဘူးတဲ့။ လူ၊ နတ်စတဲ့ သတ္တဝါတွေဟာ ရောက်ရာဘဝ ရရာအာရုံတွေမှာ ပျော်မွေ့ပြီး နေနိုင်ကြတာတွေဟာ ဒီတဏှာရဲ့ လက်ချက်ပါပဲ။

---

[၈] **ဆရာဘုန်းတော်ကြီးက ဈာန်ကစားသည့် ကိုရင်လေးအား 'ကိုရင်လေး၊ ဈာန်သိပ်မကစားနဲ့၊ ကိုရင်လေး ဈာန်ကစားရင် အကန်းမနဲ့ ညားတတ်တယ်' ဟု ဆုံးမစကား ပြောကြားနေပုံ။**

http://www.dhammadownload.com



http://www.dhammadownload.com


ဒီခေတ်မှာ ပေါ်ပေါက်လာတဲ့ ဆံရှည်ကိုယ်တော် လမ်းသရဲလေးတွေဟာ လျှပ်စစ်ဂစ်တာကြီးတွေကို ဒေါင်ဒေါင်ဒင်ဒင် တီး၊ သရုပ်ပျက်သီချင်းတွေကို အသံသေးအသံကြောင် အမျိုးမျိုးနဲ့ ဆိုကြတဲ့အခါ ကြားရတဲ့ လူကြီးတွေက နှာခေါင်းရှုံ့ကြ၊ မေးငေါ့ကြ၊ အပြစ်တင်ကြတယ်။ ဒါပေမယ့် ကာယကံရှင်တွေကိုယ်တိုင်ကတော့ သူတို့အာရုံနဲ့သူတို့ ပျော်လို့ရွှင်လို့ပါပဲ။ ဒါလည်းပဲ တရားသဘောနဲ့ ကြည့်လိုက်မယ်ဆိုရင် သဒ္ဒတဏှာရဲ့လက်ချက်လို့ ဆိုရမှာပါပဲ။

## စျာန်ရ ကိုရင်လေး အကန်းမနဲ့ ညားတာလဲ ဒီသဒ္ဒတဏှာက အစပဲ

ဟို . . ရှေးရှေးတုန်းက တောကျောင်းတစ်ကျောင်းမှာ ဆရာဘုန်းတော်ကြီးနဲ့ တပည့်ကိုရင်လေးတစ်ပါးတို့ သီတင်းသုံးနေထိုင်ကြသတဲ့။ အဲဒီ ကိုရင်လေးက လောကီစျာန် အဘိညာဉ်ရတဲ့ ကိုရင်လေးတဲ့။ မြေလျှိုးမိုးပျံနိုင်တယ်။ အဲဒီ ကိုရင်လေးဟာ ဘယ်ကိုပဲသွားသွား ကုန်းကြောင်းသွားတယ်လို့ မရှိလှဘူးတဲ့။ ကောင်းကင်ကချည်း စျာန်နဲ့ကြွလေ့ရှိတယ်။ ဒီတော့ ဆရာဘုန်းတော်ကြီးက 'ကိုရင်လေး စျာန်သိပ်မကစားနဲ့၊ ကိုရင်လေး စျာန်ကစားရင် အကန်းမနဲ့ ညားတတ်တယ်' လို့ ဆုံးမ သတိပေးလေ့ရှိတယ်။ ဒါပေမယ့်

[၉] ရေအိုင်တစ်ခုတွင် ကြာပန်းခူးရင်း သီချင်းဆိုနေသူ လုံမပျိုကလေး၏ သီချင်းသံကို ကြားသဖြင့် လောကီစျာန်ရ ကိုရင်လေး နှစ်သက်စွာ နားထောင်နေမိပုံ။

http://www.dhammadownload.com



http://www.dhammadownload.com



ကိုရင်လေးကတော့ နားမထောင်ဘူး။ ဆွမ်းခံသွားလည်း ဈာန်နဲ့။ ဘုရားပန်းတင်ဖို့ ပန်းခူးသွားလည်း ဈာန်နဲ့ပဲတဲ့။

ဒါနဲ့ တစ်နေ့ကျတော့ အဲဒီကိုရင်လေးဟာ ကောင်းကင်ခရီးကနေပြီးတော့ ပဒုမ္မာကြာကန်တစ်ခုကို ဖြတ်ကျော်သွားတဲ့အခါ ရေကန်ထဲမှာ ကြာပန်းခူးနေတဲ့ ယက်ကန်းသည် အမျိုးသမီးငယ်တစ်ဦးရဲ့ သီချင်းသံကို ကြားရပါရောတဲ့။ အဲဒီအခါ အသံကို နှစ်သက်ရာကနေ အသံရှင်ဖြစ်တဲ့ အမျိုးသမီးကိုပါ နှစ်သက်တဲ့ တဏှာဖြစ်ပေါ်လာတယ်တဲ့။ အဲဒီနောက် လောကီဈာန်လျှောပြီး လူထွက်တယ်။ အဲဒီမိန်းကလေးနဲ့ ညားသွားတယ်။

မိန်းကလေးနဲ့ အိမ်ထောင်ကျပြီးတဲ့အခါ ယက်ကန်းယက်ပြီး လုပ်ကိုင်စားသောက်ရတယ်။ တစ်နေ့မှာ ဇနီးလုပ်သူက ထမင်းပို့ နောက်ကျလို့ စိတ်ဆိုးပြီး ရက်ဖောက်နဲ့ ကောက်ပေါက်လိုက်မိတယ်။ အဲဒီအခါ မိန်းကလေးရဲ့မျက်စိတစ်ဖက်ကို ရက်ဖောက်စွန်းမှန်ပြီး မျက်စိကန်းသွားရှာတယ်။ သူ့ဆရာ ဘုန်းတော်ကြီး ပြောတဲ့အတိုင်းပါပဲ။ ဈာန်ကစားမိတဲ့ ကိုရင်လေးဟာ နောက်ဆုံးမှာ အကန်းမလေးရဲ့ ယောကျ်ား ဖြစ်လာရတယ်။

အဲဒီလို လောကီဈာန်ရ ကိုရင်လေးဘဝကနေပြီးတော့ အကန်းမလေးရဲ့ ခင်ပွန်းဖြစ်လာရပေမယ့် ရောက်ရာဘဝ ရရာအာရုံကို လက်မလွှတ်နိုင်ရှာဘူး။ အဲဒါ ဘာကြောင့်လဲလို့ဆိုရင် တဏှာကြောင့်ပါပဲ။ ဒီဝတ္ထုကလေးကတော့ မဇ္ဈိမပဏ္ဏာသ အဋ္ဌကထာ မဟာသကုလုဒါယီသုတ်အဖွင့်မှာလာတဲ့ ဝတ္ထုပါပဲ။

http://www.dhammadownload.com



တဲ့. . ရှေ့ဆက်ကြဦးစို့။ ဒီတဏှာကလည်း ဘဝသစ်ကို ဖြစ်စေနိုင်တာပဲ။

## သဒ္ဒတဏှာကို ပယ်ပုံ

ဒါကြောင့် ကြားရတာကို အကြောင်းပြုပြီးတော့ တဏှာမဖြစ်ချင်ရင် ကြားတိုင်းကြားတိုင်း၊ ကြားရတဲ့အသံကို အာရုံပြုပြီးတော့ 'ကြားတယ်၊ ကြားတယ်' လို့ ရှုမှတ်ရပါတယ်။ အဲဒီလို ရှုမှတ်မယ်ဆိုရင် မှတ်တိုင်းမှတ်တိုင်း ကြားရတဲ့အသံကို နှစ်သက်တဲ့ သဒ္ဒတဏှာဟာ ငြိမ်းငြိမ်းသွားပါတယ်တဲ့။

န သော ရဇ္ဇတိ သဒ္ဒေသု၊ သဒ္ဒံ သုတွာ ပဋိဿတော၊
ဝိရတ္တစိတ္တော ဝေဒေတိ၊ တဉ္စ နာဇ္ဈောသတိဋ္ဌတိ။

ယော ပုဂ္ဂလော၊ ကျားမ မဟူ မည်သူမဆို ဝိပဿနာရှုမှတ်နေတဲ့ ယောဂီပုဂ္ဂိုလ်သည်။ သဒ္ဒံ၊ အသံမျိုးစုံ သဒ္ဒါရုံကို။ သုတွာ၊ ကြားရသည်ရှိသော်။ ပဋိဿတော၊ 'ကြားတယ် ကြားတယ်' ဟု တဖန် အမှတ်သတိ ရရှိသည်။ ဟောတိ၊ စင်စစ်မသွေ ဖြစ်ပါပေ၏။ သော၊ ကြားတိုင်း ကြားတိုင်း 'ကြားတယ် ကြားတယ်' ဟု အမှတ်သတိ ရရှိတဲ့ ထိုယောဂီပုဂ္ဂိုလ်သည်။ သဒ္ဒေသု၊ အသံမျိုးစုံ သဒ္ဒါရုံတို့၌။ န ရဇ္ဇတိ၊ တပ်နှစ်သက်ခြင်း အလျှင်းမရှိတော့ချေ။ ဝိရတ္တစိတ္တော၊ တပ်နှစ်သက်ခြင်း ကင်းသောစိတ် ရှိသည်ဖြစ်၍။ ဝေဒေတိ၊ ခံစား၏။ တဉ္စ၊ ထိုအသံမျိုးစုံ သဒ္ဒါရုံကိုလည်း။ နာဇ္ဈောသတိဋ္ဌတိ၊ မသိမ်းပိုက်မူ၍ တည်၏။ ဝါ-ကြားတိုင်း ကြားတိုင်း 'ကြားတယ် ကြားတယ်' ဟု မပြတ်ရှုမှတ်သည်ရှိသော် ကြားရတဲ့ အသံမျိုးစုံ သဒ္ဒါရုံကို နှစ်သက်တွယ်တာ

http://www.dhammadownload.com



သာယာတပ်မက်တဲ့ သဒ္ဒတဏှာသည် မှတ်တိုင်းမှတ်တိုင်း ကင်းငြိမ်း လွင့်ပျောက်ရလေတော့သတည်း။

သာဓု. . . သာဓု. . . သာဓု. . .။

ဒါပေမယ့် ဝိပဿနာရှုလို့ သဒ္ဒတဏှာ ငြိမ်းတာကတော့ အမြဲတမ်းငြိမ်းတာမျိုး အကြွင်းမဲ့ ငြိမ်းတာမျိုး မဟုတ်သေးဘူး။ အကြွင်းမဲ့ ငြိမ်းစေနိုင်တာကတော့ ဆိုင်ရာဆိုင်ရာ မဂ်ဉာဏ်တွေကသာ ဆိုင်ရာဆိုင်ရာ တဏှာတွေကို ငြိမ်းစေနိုင်ပါတယ်။ ကဲ. . သဒ္ဒတဏှာနဲ့ဆိုင်တဲ့ တရားကဗျာလေးတွေ ဆိုကြဦးစို့။

## သဒ္ဒတဏှာဖြစ်လျှင် ဖြတ်ပယ်နှင့် ဆောင်ပုဒ်

အသံအာရုံ နားရုပ်ထိတော့၊ ကြားသိစိတ်ခေတ် ပေါ်လာတယ်။
ကြားရတာကို သဘောကျတော့၊ သဒ္ဒတဏှာ ဖြစ်ပါတယ်။
ရရာအာရုံ ရောက်ရာဘဝမှာ၊ ပျော်မွေ့တာလဲ သူပဲဖြစ်တယ်။
ဘဝသစ်ကို ဖြစ်စေတတ်လို့၊ တဏှာပြတ်အောင် ရှင်းရမယ်။
ကြားတဲ့အခါ ကြားတယ်မှတ်တော့၊ တဏှာကင်းပြတ် ငြိမ်းပါတယ်။
ဆက်၍သာပင် တွင်တွင်မှတ်ကွယ်၊ ဉာဏ်စဉ်မြတ်နဲ့ မဂ်ဆိုက်မယ်။
မှတ်ကွယ်. . . မှတ်ကွယ်။

http://www.dhammadownload.com

# " ဂန္ထတကျော ဖြစ်ပုံ "

ကဲ. . သဒ္ဒတကျော ပြီးတော့ ဂန္ထတကျောရဲ့အလှည့် ရောက်လာပြီ။

[၃] ဃာနဉ္စ ပဋိစ္စ ဂန္ဓေ စ ဥပ္ပဇ္ဇတိ ဃာနဝိညာဏံ၊ တိဏ္ဏံ သင်္ဂတိ ဖဿော၊
ဖဿ ပစ္စယာ ဝေဒနာ၊ ဝေဒနာ ပစ္စယာ တဏှာ။

ဃာနဉ္စ၊ ဃာနပသာဒလို့ခေါ်တဲ့ နှာခေါင်းအကြည်ရုပ်ကိုလည်းကောင်း။ ဂန္ဓေ စ၊ အနံ့မျိုးစုံ ဂန္ဓာရုံအတိုက်ခာတ်တို့ကိုလည်းကောင်း။ ပဋိစ္စ၊ အကြောင်းပြု၍။ ဃာနဝိညာဏံ၊ ဃာနဝိညာဏ်ခေါ်တဲ့ နံသိစိတ်သည်။ ဥပ္ပဇ္ဇတိ၊ ထင်ရှားမသွေ ဖြစ်ပေါ်၍ လာရပေ၏။ တိဏ္ဏံ၊ အနံ့မျိုးစုံနဲ့ နှာခေါင်းအကြည် နံသိစိတ် - ဤသုံးခုတို့၏။ သင်္ဂတိ၊ ပေါင်းဆုံမိခြင်းသည်။ ဖဿော၊ ဖဿ မည်၏။ ဖဿပစ္စယာ၊ အာရုံကို တွေ့တတ်တဲ့ ဖဿဟူသော အကြောင်းကြောင့်။ ဝေဒနာ၊ ကောင်း, မကောင်းနဲ့ မဆိုးမကောင်း ခံစားတတ်တဲ့ ဝေဒနာသဘောသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်ပေါ်၍ လာရပေ၏။ ဝေဒနာပစ္စယာ၊ ကောင်းသောအာရုံကို ခံစားမိတဲ့ ဝေဒနာ

http://www.dhammadownload.com



ဟူသော အကြောင်းကြောင့်။ တဏှာ၊ နမ်းရှူရတဲ့ အနံ့မျိုးစုံ ဂန္ဓာရုံကို နှစ်သက်တွယ်တာ သာယာတပ်မက်တဲ့ ဂန္ဓတဏှာသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်ပေါ်၍ လာရပါပေ၏။ ဥပ္ပဇ္ဇတိ၊ ဘယ်သိကြား ဘယ်ဗြဟ္မာကမှလည်း ဖန်ဆင်းတာ မဟုတ်ပါဘဲ၊ ကောင်းသောခံစားမှု ဝေဒနာဟူသော အကြောင်းကြောင့် ဂန္ဓတဏှာ ပေါ်ပေါက်လာခြင်းမျှ ဖြစ်ပါပေသတည်း။

အနံ့မျိုးစုံ ဂန္ဓာရုံအတိုက်ဓာတ်က ဃာနဒွါရလို့ခေါ်တဲ့ နှာခေါင်းအကြည်ရုပ် အခံဓာတ်ကို လာထိခိုက်တဲ့ အခါကျတော့ ဃာနဝိညာဏ်လို့ခေါ်တဲ့ နံသိစိတ် အပွင့်ဓာတ် ဖြစ်လာတယ်တဲ့။ 'အနံ့ရယ်၊ နှာခေါင်းအကြည်ရယ်၊ နံသိစိတ်ရယ်' သုံးမျိုးရှိတဲ့အထဲက အနံ့နဲ့ နှာခေါင်းအကြည်က ရုပ်အကြောင်းတရားပါပဲ။ နံသိစိတ်ကတော့ နာမ်အကျိုးတရားတဲ့။ သူတို့သုံးခု ပေါင်းဆုံမှုကတော့ ဖဿဖြစ်တယ်။ နမ်းရှူရတဲ့ အနံ့က ကောင်းတဲ့အနံ့ ဖြစ်မယ်ဆိုရင် 'မွှေးလိုက်တာ၊ ကောင်းလိုက်တာ၊ ကြိုင်နေတာပဲ၊ ခပ်သင်းသင်းလေးဟဲ့' စသည်ဖြင့် ကောင်းတဲ့ ခံစားမှုဝေဒနာ ဖြစ်ပေါ်လာတယ်။ အဲဒီအခါ 'ဝေဒနာ ပစ္စယာ တဏှာ' ဆိုတဲ့အတိုင်းပဲ၊ နမ်းရှူရတဲ့ အနံ့ကို နှစ်သက်တဲ့ ဂန္ဓတဏှာ ဖြစ်ပေါ်လာတော့တာပါပဲ။

ဒီ ဂန္ဓတဏှာက ဃာန ဒွါရမှာ မှီပြီးဖြစ်တယ်တဲ့။ သူကလည်း ကောင်းတဲ့ အနံ့သက်သက်ကိုသာ နှစ်သက်တာ မဟုတ်ပါဘူး။ အနံ့ရဲ့ တည်ရာမှီရာဖြစ်တဲ့ သက်ရှိသက်မဲ့ အရာဝတ္ထုတွေကိုပါ တစ်ပါတည်း နှစ်သက်သွားတော့တာပါပဲ။ ဒီ ဂန္ဓတဏှာကလည်း သတ္တဝါတွေကို ရောက်ရာဘဝ၊ ရရာအာရုံတွေမှာ ပျော်မွေ့အောင် လုပ်နိုင်ပါတယ်။

http://www.dhammadownload.com



တစ်သိန်းတန် ထမင်းတစ်နပ်အတွက် ၃–နှစ် ကျွန်ခံတာလည်း ဒီ ဂန္ဓတဏှာက စတာပဲ

ဟို . . ရှေးရှေးတုန်းက ဗာရာဏသီပြည်မှာ ဂန္ဓသူဌေးသားဆိုတာ ရှိတယ်။ သူ့ဖခင် သေဆုံးသွားတဲ့အခါ ရှင်ဘုရင်က သူ့ကို သူဌေးရာထူး ခန့်တယ်။ ဒီဂန္ဓသူဌေးသားဟာ သူဌေးဖြစ်တဲ့အချိန်က စပြီးတော့ နေ့စဉ် နံနက်စာအတွက် အသပြာတစ်ထောင်ဖိုး၊ ညစာအတွက် အသပြာတစ်ထောင်ဖိုး စားသုံးလေ့ရှိတယ်။ လပြည့်နေ့တိုင်း လပြည့်နေ့တိုင်းမှာလည်း ထမင်းစားပွဲကြီးကို အကြီးအကျယ် ကျင်းပလေ့ရှိတယ်တဲ့။ လူထုပရိသတ်တွေကိုလည်း လာကြည့်ဖို့ မောင်းလှည့်ခတ်ပြီးတော့ ဖိတ်ကြားလေ့ရှိတယ်။

ထမင်းစားပွဲကလည်း အင်မတန်မှ ကြီးကျယ်ခမ်းနားတယ်ဆိုပဲ။ ထမင်းမစားခင် ရေချိုးဖို့ ရေချိုးခန်းက တစ်သိန်းတန်တယ်။ ရေချိုးခုံက တစ်သိန်းတန်တယ်။ နှစ်ခုလုံးကို ဖန်ထည်ပစ္စည်းများနဲ့ လုပ်စေတယ်။

ထမင်းစားမဏ္ဍပ်ကလည်း တစ်သိန်းတန်၊ ထိုင်စရာ ပလ္လင်ကလည်း တစ်သိန်းတန်၊ ထမင်းစားပွဲကလည်း တစ်သိန်းတန်၊ ထမင်း၊ ဟင်း၊ ထည့်စရာ ပန်းကန်ခွက်ယောက်ကလည်း တစ်သိန်းတန်၊ ထမင်းဟင်းကလည်း တစ်သိန်းတန်၊ ဒီလို တစ်သိန်းတန်ပစ္စည်းတွေချည်း သုံးပြီးတော့ တစ်သိန်းတန် ထမင်းဟင်းတွေကို စားတဲ့အခါမှာ ကချေသည်တွေက ဝိုင်းရံပြီးတော့ ကပြ ဖျော်ဖြေကြရတယ်။ လူတွေကလည်း ကုလားထိုင်တွေ၊ ဖျာတွေ ခင်းပြီးတော့ ဇာတ်ပွဲ၊ အငြိမ့်ပွဲကြည့်သလို ကြိတ်ကြိတ်တိုး လာကြည့်ကြတယ်ဆိုပဲ။

http://www.dhammadownload.com



အဲ. . လပြည့်နေ့တစ်နေ့မှာ သုခသာမဏောအလောင်းဖြစ်တဲ့ တောသားလေးတစ်ယောက်ဟာ ထင်းရောင်းဖို့ဆိုပြီးတော့ ထင်းလှည်းကလေးနဲ့ မြို့ကိုရောက်လာတယ်။ မြို့ရောက်တော့ မိတ်ဆွေတစ်ယောက်ရဲ့အိမ်မှာ တည်းခိုတယ်။ အဲဒီ တောသားလေးဟာ မြို့သားမိတ်ဆွေရဲ့ ခေါ်ဆောင်ချက်အရ ဂန္ဓသူဌေးရဲ့ ထမင်းစားပွဲကို သွားကြည့်သတဲ့။ မြင်လောက်တဲ့နေရာရောက်လို့ ရပ်လိုက်တယ်ဆိုရင်ပဲ တစ်သိန်းတန် ထမင်း, ဟင်းတွေရဲ့ မွှေးကြိုင်တဲ့ အနံ့တွေဟာ တောသားလေးရဲ့ နှာဝကို လာပြီး တိုးတော့တာပါပဲ။

အဲ. . အနံ့က ကောင်းတဲ့အနံ့ဖြစ်လေတော့ အနံ့ကို နှစ်သက်မိရာက အနံ့ရဲ့ တည်ရာမှီရာဖြစ်တဲ့ ထမင်း, ဟင်းတွေကိုပါ မစားရရင် မနေနိုင်လောက်အောင် ဖြစ်လာတယ်တဲ့။

ဒါနဲ့ တိုတိုပြောရရင် မိတ်ဆွေမြို့သားရဲ့ အကူအညီနဲ့ ထမင်းတစ်လုတ်စာလောက် ပေးပါမယ့် [illegible]ကြောင်း မရမက အတင်းတောင်းတယ်တဲ့။ အဲဒီအခါ ဂန္ဓသူဌေးက သူ့ထံမှာ သုံးနှစ်သုံးမိုး ကျွန်ခံရင် [illegible]စ်သိန်းတန် ထမင်းတစ်နပ်စာကို သူစားသလို စားရစေမယ်လို့ ပြောတာနဲ့ အဲဒီ တောသားလေးဟာ [illegible]င်မတန် ချစ်လှပါတယ်ဆိုတဲ့ သားမယားတွေကိုတောင် ပစ်ထားခဲ့ပြီးတော့ ဂန္ဓသူဌေးထံမှာ ကျွန်ခံပြီး ခိုင်းသမျှ လုပ်ပေးတယ်။

---

[၁၀] ဂန္ဓသူဌေးသား၏ တစ်သိန်းတန် ထမင်းပွဲကြီးအနီးတွင် ထမင်းတစ်လုတ်အတွက် သုံးနှစ်ကျွန်ခံပါမည်ဟူသော ကတိဖြင့် သုခ သာမဏေလောင်း တောသားကလေးက တောင်းရမ်းနေပုံ။

http://www.dhammadownload.com



သုံးနှစ်သုံးမိုးဆိုတာ နည်းတဲ့အချိန် မဟုတ်ပါဘူး။ ဒါပေမယ့် သူကတော့ ယနေ့ နက်ဖြန် စားရတော့မလို ပျော်လို့ရွှင်လို့ပါပဲတဲ့။ ဒီလို သုံးနှစ်သုံးမိုးကြီးများတောင် ကျွန်ခံနိုင်တာဟာ ဘာကြောင့်လဲဆိုရင် တဏှာကြောင့်ပါပဲတဲ့။

ဒီဂန္ဓတဏှာကလည်း မသိမသာနဲ့ တော်တော်ပဲ ဆွဲအားရှိပါတယ်။ ဟင်းဆိုလည်း မဆလာ စတဲ့ အမွှေးအကြိုင်တွေပါမှ စားချင်ကြတယ်။ ဆပ်ပြာတောင် အမွှေးတုံးလေးမှ တိုက်ချင်ကြတယ်။ အမွှေးတုံးချင်း တူတာတောင် ပိုပြီးမွှေးတဲ့ နိုင်ငံခြားဖြစ် အမွှေးတုံးလေးမှ တိုက်ချင်ကြတယ်။ ဒါတွေဟာလည်း ဒီ ဂန္ဓတဏှာ ရဲ့လက်ချက်တွေပါပဲ။ နောက်ပြီး 'ယာယံတဏှာ ပေါနောဘဝိကာ' ဆိုတဲ့ အတိုင်းပဲ။ ဒီတဏှာက ဘဝအသစ် တွေကိုလည်း ဖြစ်စေနိုင်ပါသေးတယ်။

## ဂန္ဓတဏှာ ပယ်ပုံ

ဒါကြောင့် နမ်းရရှူရတာကို အကြောင်းပြုပြီးတော့ တဏှာမဖြစ်ချင်ရင်၊ နမ်းတိုင်း ရှူတိုင်း 'နံတယ် မွှေးတယ်' စသည်ဖြင့် မပြတ် ရှုမှတ်ရပါတယ်။ အဲဒီလို ရှုမှတ်ရင် နမ်းရှူစရာ အာရုံကို နှစ်သက်တွယ်တာ သာယာတပ်မက်တဲ့ ဂန္ဓတဏှာဟာ မှတ်တိုင်းမှတ်တိုင်း တဒင်္ဂပဟာန်အားဖြင့် ငြိမ်းငြိမ်းလို့ သွားပါတယ်တဲ့။

http://www.dhammadownload.com



န သော ရဇ္ဇတိ ဂန္ဓေသု၊ ဂန္ဓံ ဃတွာ ပဋိဿတော၊
ဝိရတ္တစိတ္တော ဝေဒေတိ၊ တဉ္စ နဇ္ဈောသတိဋ္ဌတိ။

မည်သူမဆို ဝိပဿနာရှုမှတ်နေတဲ့ အကြင် ယောဂီပုဂ္ဂိုလ်သည်။
ယော ပုဂ္ဂလော။ ကျားမ မဟူ မည်သူမဆို ဝိပဿနာရှုမှတ်နေတဲ့ အကြင် ယောဂီပုဂ္ဂိုလ်သည်။ ပဋိဿတော၊ 'နံ့တယ် မွှေးတယ်' စသည်ဖြင့်
ဂန္ဓံ၊ အနံ့မျိုးစုံ ဂန္ဓာရုံကို။ ဃတွာ၊ နမ်းရှူရသည်ရှိသော်။ ပဋိဿတော၊ 'နံ့တယ် မွှေးတယ်' စသည်ဖြင့်
တဖန် အမှတ်သတိ ရရှိသည်။ ဟောတိ၊ ဖြစ်၏။ သော၊ နမ်းတိုင်း ရှူတိုင်း 'နံ့တယ်.မွှေးတယ်' စသည်ဖြင့်
တဖန် အမှတ်သတိ ရရှိတဲ့ ထိုယောဂီပုဂ္ဂိုလ်သည်။ ဂန္ဓေသု၊ အနံ့မျိုးစုံ ဂန္ဓာရုံတို့၌။ န ရဇ္ဇတိ၊ တပ်နှစ်သက်
ခြင်း အလျှင်းမရှိတော့ချေ။ ဝိရတ္တစိတ္တော၊ တပ်နှစ်သက်ခြင်းကင်းသောစိတ် ရှိသည်ဖြစ်၍။ ဝေဒေတိ၊ ခံစား၏။
တဉ္စ၊ ထိုအနံ့မျိုးစုံ ဂန္ဓာရုံကိုလည်း။ နဇ္ဈောသတိဋ္ဌတိ၊ မသိမ်းပိုက်မူ၍ တည်၏။ (ဝါ) နံ့တိုင်းမွှေးတိုင်း 'နံ့တယ်
မွှေးတယ်' စသည်ဖြင့် မပြတ်ရှုမှတ်သည်ရှိသော် နမ်းရှူရတဲ့ အနံ့မျိုးစုံ ဂန္ဓာရုံကို နှစ်သက်တွယ်တာ သာယာ
တပ်မက်တဲ့ ဂန္ဓတဏှာသည် မှတ်တိုင်းမှတ်တိုင်း ကင်းငြိမ်း လွင့်ပျောက်ရလေတော့သတည်း။

သာဓု. ... သာဓု. . . သာဓု. . . ။

ဒါပေမယ့် ဝိပဿနာရှုခိုက်မှာ ဂန္ဓတဏှာငြိမ်းတာကတော့ အမြဲတမ်းငြိမ်းတာမျိုး အကြွင်းမဲ့ ငြိမ်း
တာမျိုး မဟုတ်သေးဘူး။ အမြဲတမ်း ငြိမ်းချင်ရင်တော့ ဆိုင်ရာ မဂ်ဉာဏ်တွေ ဆိုက်ရောက်တဲ့အထိ ဆက်ပြီး
တော့ မှတ်သွားရပါလိမ့်မယ်။ ကဲ. . ဂန္ဓတဏှာနဲ့ပတ်သက်တဲ့ ကဗျာလေးတွေ ဆိုကြဦးစို့။

http://www.dhammadownload.com



## ဂန္ထတဏှာဖြစ်လျှင် ဖြုတ်ပယ်နှင်ဆောင်ပုဒ်

အနံ့အာရုံ နှာရုပ်ထိတော့၊ နံ့သိစိတ်ခဲတ် ပေါ်လာတယ်။
နံ့ရတာကို သဘောကျတော့၊ ဂန္ထတဏှာ ဖြစ်ပါတယ်။
ရရာအာရုံ ရောက်ရာဘဝမှာ၊ ပျော်မွေ့တာလဲ သူပဲဖြစ်တယ်။
ဘဝသစ်ကို ဖြစ်စေတတ်လို့၊ တဏှာပြုတ်အောင် ရှင်းရမယ်။
နံ့တဲ့အခါ နံ့တယ်မှတ်တော့၊ တဏှာကင်းပြတ် ငြိမ်းပါတယ်။
ဆက်၍သာပင် တွင်တွင်မှတ်ကွယ့်၊ ဉာဏ်စဉ်မြတ်နဲ့ မင်္ဂဆိုက်မယ်။
မှတ်ကွယ်. . . မှတ်ကွယ်. . . ။

ကဲ. . ဒီတစ်ခါတော့ ရသတဏှာရဲ့ အလှည့်ပဲ။ ဒါကိုလည်း ဆက်လက်ဟောပါဦးမယ်။ သဒ္ဓါနား နဲ့ နာကြားကြပါ။

http://www.dhammadownload.com

# " ရသတဏှာ ဖြစ်ပုံ "

[၄] ဇိဝှာဉ္စ ပဋိစ္စ ရသေ စ ဥပ္ပဇ္ဇတိ ဇိဝှာဝိညာဏံ၊ တိဏ္ဏံ သင်္ဂတိ ဖဿော၊
ဖဿ ပစ္စယာ ဝေဒနာ၊ ဝေဒနာ ပစ္စယာ တဏှာ။

ဇိဝှဉ္စ၊ ဇိဝှာပသာဒလို့ခေါ်တဲ့ လျှာအကြည်ရုပ်ကိုလည်းကောင်း။ ရသေ စ၊ အရသာမျိုးစုံ ရသာရုံ အတိုက်ခာတ်ကိုလည်းကောင်း။ ပဋိစ္စ၊ အကြောင်းပြု၍။ ဇိဝှာဝိညာဏံ၊ ဇိဝှာဝိညာဏ်လို့ခေါ်တဲ့ အရသာသိစိတ်သည်။ ဥပ္ပဇ္ဇတိ၊ ထင်ရှားမသေ့ ဖြစ်ပေါ်၍ လာရပါပေ၏။ တိဏ္ဏံ၊ အရသာနဲ့ လျှာအကြည်-ရသာသိစိတ် ဤသုံးခုတို့၏။ သင်္ဂတိ၊ ပေါင်းဆုံမိခြင်းသည်။ ဖဿော၊ ဖဿ မည်၏။ ဖဿပစ္စယာ၊ အာရုံကိုတွေ့တတ်တဲ့ ဖဿဟူသော အကြောင်းကြောင့်။ ဝေဒနာ၊ ကောင်း,မကောင်းနဲ့ မဆိုးမကောင်း ခံစားမှု ဝေဒနာသဘောသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်ပေါ်၍ လာရပြန်ပေ၏။ ဝေဒနာပစ္စယာ၊ ကောင်းသောအာရုံကို ခံစားမိတဲ့ ဝေဒနာဟူသော အကြောင်းကြောင့်။ တဏှာ၊ စားရတဲ့အရသာမျိုးစုံ ရသာရုံကို နှစ်သက်တွယ်တာ သာယာတပ်မက်တဲ့ ရသတဏှာသည်။ ဥပ္ပဇ္ဇတိ၊ ထင်ရှားမသေ့ ဖြစ်ပေါ်၍ လာရပါပေသတည်း။

http://www.dhammadownload.com



အဲ. . အရသာမျိုးစုံ ရသာရုံအတိုက်ခေတ်က ဇိဝှာဒွါရလို့ခေါ်တဲ့ လျှာအကြည်ရုပ် အခံခေတ်ကို လာပြီး ထိခိုက်တဲ့အခါကျတော့ ဇိဝှာဝိညာဏ်လို့ ခေါ်တဲ့ အရသာသိစိတ် ဖြစ်ပေါ်လာတယ်။ 'အရသာရယ်၊ လျှာအကြည်ရယ်၊ အရသာသိစိတ်ရယ်' ဒီသုံးမျိုးထဲမှာ 'အရသာနဲ့ လျှာအကြည်က ရုပ်အကြောင်းတရားပါပဲ၊ အရသာသိစိတ်ကတော့ နာမ်အကျိုးတရားတဲ့။ သူတို့သုံးခု ပေါင်းဆုံမှုကိုတော ဖဿ လို့ ခေါ်ပါတယ်။

စားရတဲ့ အရသာက နှစ်သက်ဖွယ်အရသာ ဖြစ်မယ်ဆိုရင် 'ချိုလိုက်တာ ဆိမ့်လိုက်တာ' စသည်ဖြင့် ခံစားမှုဝေဒနာ ဖြစ်ပေါ်လာတော့တာပါပဲ။ ဝေဒနာဖြစ်ရင် 'ဝေဒနာ ပစ္စယာ တဏှာ' ဆိုတဲ့အတိုင်း အရသာကို နှစ်သက်တွယ်တာ သာယာတပ်မက်တဲ့ ရသတဏှာ ဖြစ်လာတယ်။ ဒီရသတဏှာကတော့ ဇိဝှာဒွါရကို မှီပြီး ဖြစ်တယ်တဲ့။

ဒီတဏှာကလည်း အရသာသက်သက်ကိုသာ နှစ်သက်တတ်တာ မဟုတ်ပါဘူး။ ဒီအရသာရဲ့ တည်ရာမှီရာဖြစ်တဲ့ သက်ရှိသက်မဲ့ အရာဝတ္ထုတွေကိုပါ နှစ်သက်တတ်ပါတယ်။ ဒီတဏှာကလည်း သတ္တဝါတွေကို ရောက်ရာဘဝ၊ ရရာအာရုံတွေမှာ ပျော်မွေ့စေတတ်ပါတယ်တဲ့။

---

[၁၁]ပေါရိသာဒမင်း လူသားဟင်းဖြင့် ပွဲတော်တည်နေပုံနှင့် စားတော်ကဲ ရသက,က လူများကို လိုက်လံသတ်ဖြတ်နေပုံ။

http://www.dhammadownload.com



http://www.dhammadownload.com



## လူ, လူချင်း သတ်ပြီး လူသားစားတာဟာလည်း ရသတဏှာကြောင့်ပဲ

မဟာသုတသောမဇာတ်မှာ အင်္ဂုလိမာလ အလောင်းဖြစ်တဲ့ ပေါရိသာဒမင်းဟာ အမဲသားငါး အလွန် အစားကြူးပါသတဲ့။ သူ့မှာ အချက်အပြုတ်ကောင်းတဲ့ 'ရသက' ဆိုတဲ့ စားတော်ကဲတစ်ဦးလည်း ရှိတယ်တဲ့။

တစ်နေ့မှာ ရသကဟာ အမဲသားရှာမရတာနဲ့ လူသားကို ချက်ပြီး ပေါရိသာဒမင်းအား ဆက်သ မိတယ်။ အဲဒီအချိန်ကစပြီး ပေါရိသာဒမင်းဟာ လူသားမစားရရင် မနေနိုင်အောင် ဖြစ်လာတယ်။ ဒါနဲ့ ရသကဟာ လူမသိအောင် ထောင်သားတွေကို သတ်ပြီး ချက်ကျွေးတယ်။ ထောင်သားတွေကုန်တော့ လမ်း ပေါ်မှာ ဥစ္စာထုပ်ချပြီး ကောက်ယူသူတွေကို ခိုးသူဆိုပြီး ဖမ်းဆီးတယ်။ နောက် လူမသိအောင် တိတ်တဆိတ် သတ်ပြီး ချက်ကျွေးပြန်တယ်။

နောက်ဆုံး မရတဲ့အခါ ရသကဟာ ညဘက်ထွက်တဲ့ လူတွေကို တိတ်တဆိတ် ဖမ်းဆီးသတ်ဖြတ် ချက်ကျွေးရတယ်။ ဒါနဲ့ တိုတိုပြောရရင် စစ်သူကြီး 'ကာလာဟတ်' သိသွားတာနဲ့ ပေါရိသာဒကို ဇာတ်တူ သားချင်း မစားဖို့ တရားချ တားမြစ်တယ်။ ပေါရိသာဒဟာ နားမထောင်ဘဲ ထီးနန်းစည်းစိမ်ကိုတောင် စွန့် လွှတ်သွားပါတယ်။

အဲဒီနောက် ရသကနှင့်အတူ တောထဲ သွားနေကြတယ်။ လာသမျှ လူတွေကို ဖမ်းဆီးသတ်ဖြတ်ပြီး စားကြတယ်။ နောက်ဆုံး တခြားလူ ရှာမရတဲ့အခါ 'ရသက' ကို သတ်စားတယ်။ ဒီဝတ္ထုကို အကြောင်းပြုပြီး 'မရ-ရသက ချိုင်' ဆိုတဲ့စကား ဖြစ်လာဟန် တူပါတယ်။

http://www.dhammadownload.com


အဲဒီပေါရိသာဒဟာ ထီးနန်းစည်းစိမ်ကိုတောင် စွန့်လွှတ်ပြီးတော့ လူ့ဘီလူးတစ်ပိုင်း လူရိုင်းကြီးအဖြစ်နဲ့ ပျော်နေနိုင်တာဟာ ဘာကြောင့်လဲဆိုရင် ရသတဏှာရဲ့ အစွမ်းကြောင့်ပါပဲ။

## သျှိသျှားသီး စွဲသေလို့ မြေဖြစ်ရသလို အချိုမှုန့် စွဲသေရင်လဲ

ဒီ ရသတဏှာကလည်း ဘဝသစ်ကို ဖြစ်စေတတ်တာပါပဲ။ သူကလည်း လူတွေကို တော်တော်ဒုက္ခပေးတယ်။ ဒီနေ့ မြန်မာပြည်မှာ ရဟန်းရှော လူပါ ဟင်းထဲမှာ အချိုမှုန့်မပါရင် မစားနိုင်သလိုလို ဘာလိုလို ဖြစ်နေကြတယ်။ ဒါဟာလည်း အချိုမှုန့်ရဲ့အရသာကို ဆာလောင်တဲ့သဘော၊ တပ်မက်နေတဲ့သဘောပါပဲ။

မဟာဝင်မှာ ရေတွင်းပေါင်း ရှစ်သောင်းလေးထောင်၊ ရေကန်ပေါင်း ရှစ်သောင်းလေးထောင် တူးဖော်လှူဒါန်းပြီးတော့ သာသနာတော်ကို သူမတူအောင် ချီးမြှောက်ခဲ့တဲ့ သီရိဓမ္မာသောကမင်းကြီးဟာ သေခါနီးမှာ သျှိသျှားသီးလေးတစ်ခြမ်းကို စွဲမက်မိတာနဲ့ ပြုထားတဲ့ ကုသိုလ်ကံတွေကလည်း ဒုတိယဘဝမှာ အခွင့်မသာဘဲ တတိယဘဝကျမှ အကျိုးပေးခွင့် ကြုံမှာမို့ ဒုတိယဘဝမှာ မြေပြိတ္တာကြီးဖြစ်ရတယ်လို့ ပါရှိပါတယ်။

အဲဒီအတိုင်းသာဆိုရင် သေခါနီးမှာ အချိုမှုန့်ကိုသာ စွဲပြီးသေမိရင် သက်သာမယ် မထင်ဘူး။ အချိုမှုန့်တစ်ခုတည်းမှ မဟုတ်ပါဘူး။ ဒီပြင် အစားအစာတွေကို နှစ်သက်စွဲလမ်းရင်လည်း အတူတူပါပဲ။

http://www.dhammadownload.com



## ရသတဏှာကို ပယ်ပုံ

ဒါကြောင့် စားရတဲ့ အရသာကို အကြောင်းပြုပြီးတော့ ရသတဏှာ မဖြစ်ချင်ဘူးဆိုရင် စားတိုင်း စားတိုင်း 'စားတယ် စားတယ်၊ ချိုတယ် ဆိမ့်တယ်' စသည်ဖြင့် မပြတ်ရှုမှတ်ရပါတယ်။ ဒီလို ရှုမှတ်နေရင် စားနေတဲ့အရသာကို နှစ်သက်တဲ့တဏှာဟာ အခိုက်အတန့်အားဖြင့် ငြိမ်းငြိမ်းလို့ သွားပါတယ်တဲ့။

နဲ သော ရဇ္ဇတိ ရသေသု၊ ရသံ ဘောတွာ ပဋိဿတော၊
ဝိရတ္တစိတ္တော ဝေဒေတိ၊ တဉ္စ နဇ္ဈောသတိဋ္ဌတိ။

ယော ပုဂ္ဂလော၊ ကျားမ မဟူ မည်သူမဆို ဝိပဿနာ ရှုမှတ်နေတဲ့ အကြင်ပုဂ္ဂိုလ်သည်။ ရသံ၊ အရသာမျိုးစုံ ရသာရုံကို။ ဘောတွာ၊ စားရသည်ရှိသော်။ ပဋိဿတော၊ 'ဝါးတယ်၊ စားတယ်၊ ချိုတယ်၊ ဆိမ့်တယ်' စသည်ဖြင့် တဖန် အမှတ်သတိရရှိသည်။ ဟောတိ၊ စင်စစ်မသွေ ဖြစ်ပါပေ၏။ သော၊ စားတိုင်း ဝါးတိုင်း 'စားတယ် ဝါးတယ်' စသည်ဖြင့် အမှတ်သတိရရှိတဲ့ ထိုယောဂီပုဂ္ဂိုလ်သည်။ ရသေသု၊ စားစရာမျိုးစုံ ရသာရုံတို့၌။ နဲ ရဇ္ဇတိ၊ တပ်နှစ်သက်ခြင်း မရှိတော့ချေ။ ဝိရတ္တစိတ္တော၊ တပ်နှစ်သက်ခြင်း ကင်းသောစိတ် ရှိသည်ဖြစ်၍။ ဝေဒေတိ၊ ခံစား၏။ တဉ္စ၊ ထို ရသာရုံကိုလည်း၊ နဇ္ဈောသတိဋ္ဌတိ၊ မသိမ်းပိုက်မူ၍ တည်၏။ ဝါ၊ ဝါးတိုင်း စားတိုင်း 'ဝါးတယ် စားတယ်' စသည်ဖြင့် မပြတ်ရှုမှတ်သည်ရှိသော် စားရတဲ့ ရသာမျိုးစုံ ရသာရုံ

[၁၂] ရေမြေသနင်း ပြည့်ရှင်မင်းကြီး ဖြစ်ခဲ့သည့် သီရိဓမ္မာသောကမင်းကြီးခမြာ သေခါနီးဆဲဆဲတွင် သျှိသျှားသီးလေး တစ်ခြမ်းကို စွဲမက်မြင်ယောင်နေခဲ့ရှာပုံ။

http://www.dhammadownload.com



http://www.dhammadownload.com


ကို နှစ်သက်တွယ်တာ သာယာတပ်မက်တဲ့ ရသတဏှာသည် မှတ်တိုင်းမှတ်တိုင်း ကင်းငြိမ်းလွင့်ပျောက်ရ လေတော့သတည်း။

သာဓု. . . သာဓု. . . သာဓု. . .။

ဒါပေမယ့် ဝိပဿနာရှုခိုက်မှာ တဏှာငြိမ်းတာကတော့ အမြဲတမ်း ငြိမ်းတာ မဟုတ်သေးဘူး။ အမြဲတမ်း ငြိမ်းချင်ရင် ဒီအမှတ်တွေကိုလည်း ဆက်မှတ်သွားရတယ်။ အဲဒီလို ဆက်မှတ်သွားလို့ ဆိုင်ရာ မဂ်ဉာဏ်တွေဆိုက်တဲ့အထိ ရောက်သွားမယ်ဆိုရင်တော့ ဆိုင်ရာမဂ်ဉာဏ်တွေက ဆိုင်ရာတဏှာတွေကို အပြီး တိုင် ငြိမ်းသတ်သွားပါလိမ့်မယ်။ ကဲ. . ရသတဏှာအကြောင်း အဆုံးသတ်ကြစို့ရဲ့၊ လိုက်ဆိုကြပါ။

## ရသတဏှာဖြစ်လျှင် ဖြုတ်ပယ်နှင်ဆောင်ပုဒ်

ရသာအာရုံ လျှာရုပ်ထိတော့၊ ရသာသိစိတ် ဖြစ်လာတယ်။
အရသာကို သဘောကျတော့၊ ရသတဏှာ ဖြစ်ပါတယ်။
ရရာအာရုံ ရောက်ရာဘဝမှာ၊ ပျော်မွေ့တာလဲ သူပဲဖြစ်တယ်။
ဘဝသစ်ကို ဖြစ်စေတတ်လို့၊ တဏှာပြုတ်အောင် ရှင်းရမယ်။
စားတဲ့အခါ စားတယ်မှတ်တော့၊ တဏှာကင်းပြတ် ငြိမ်းပါတယ်။
ဆက်၍သာပင် တွင်တွင်မှတ်ကွယ့်၊ ဉာဏ်စဉ်မြတ်နဲ့ မဂ်ဆိုက်မယ်။
မှတ်ကွယ်. . . မှတ်ကွယ်. . .။

http://www.dhammadownload.com

# " ဖောဋ္ဌဗ္ဗ – အတွေ့တဏှာ ဖြစ်ပုံ "

ကဲ. . အခု ဖောဋ္ဌဗ္ဗတဏှာအလှည့် ရောက်လာပြီ။ ဒါကိုလည်း ဟောကြပါဦးစို့။

[၅] ကာယဉ္စ ပဋိစ္စ ဖောဋ္ဌဗ္ဗေ စ ဥပ္ပဇ္ဇတိ ကာယဝိညာဏံ၊ တိဏ္ဏံ သင်္ဂတိ ဖဿော၊
ဖဿ ပစ္စယာ ဝေဒနာ၊ ဝေဒနာ ပစ္စယာ တဏှာ။

ကာယဉ္စ၊ ကာယပသာဒလို့ခေါ်တဲ့ ကိုယ်အကြည်ရုပ်ကိုလည်းကောင်း။ ဖောဋ္ဌဗ္ဗေ စ၊ အတွေ့အထိမျိုးစုံ ဖောဋ္ဌဗ္ဗာရုံအပေါ်ခတ်ကိုလည်းကောင်း။ ပဋိစ္စ၊ အကြောင်းပြု၍။ ကာယဝိညာဏံ၊ ကာယဝိညာဏ်ခေါ်တဲ့ ထိသိစိတ်သည်။ ဥပ္ပဇ္ဇတိ၊ ထင်ရှားမသွေ ဖြစ်ပေါ်၍လာရပါပေ၏။ တိဏ္ဏံ၊ အတွေ့အထိမျိုးစုံနဲ့ ကိုယ်အကြည် ထိသိစိတ်-ဤသုံးခုတို့၏။ သင်္ဂတိ၊ ပေါင်းဆုံမိခြင်းသည်။ ဖဿော၊ ဖဿ မည်၏။ ဖဿ ပစ္စယာ၊ အာရုံကို တွေ့တတ်တဲ့ ဖဿဟူသော အကြောင်းကြောင့်။ ဝေဒနာ၊ ကောင်း-မကောင်းနဲ့ မဆိုး မကောင်း ခံစားမှုဝေဒနာသဘောသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်ပေါ်၍လာရပြန်ပါ၏။ ဝေဒနာပစ္စယာ၊ ကောင်းသော အာရုံကို ခံစားမိတဲ့ ဝေဒနာဟူသော အကြောင်းကြောင့်။ တဏှာ၊ အတွေ့အထိမျိုးစုံ ဖောဋ္ဌဗ္ဗာရုံကို နှစ်သက်တွယ်တာ သာယာတပ်မက်တဲ့ ဖောဋ္ဌဗ္ဗတဏှာသည်။ ဥပ္ပဇ္ဇတိ၊ ထင်ရှားမသွေ ဖြစ်ပေါ်၍လာရပါပေသတည်း။

http://www.dhammadownload.com


အတွေ့အထိမျိုးစုံ ဖောဋ္ဌဗ္ဗာရုံအတိုက်ခာတ်က ကာယဒွါရလို့ခေါ်တဲ့ ကိုယ်အကြည် ရုပ် အခံဓာတ်ကိုလာပြီး ထိခိုက်တဲ့အခါကျတော့ ကာယဝိညာဏ်လို့ခေါ်တဲ့ ထိသိစိတ် ဖြစ်ပေါ်လာတယ်တဲ့။

ဒီနေရာမှာ ဖောဋ္ဌဗ္ဗာရုံဆိုတာ (၁) ပထဝီဓာတ်လို့ခေါ်တဲ့ ပျော့မှု မာမှု သဘောရယ်၊ (၂) တေဇောဓာတ်လို့ခေါ်တဲ့ ပူမှုအေးမှု သဘောရယ်၊ (၃) ဝါယောဓာတ်လို့ခေါ်တဲ့ လှုပ်ရှားမှု၊ တွန်းကန်မှု၊ ထောက်ခံမှုစတဲ့ သဘောရယ် ဒီသုံးမျိုးပါပဲ။

ဖောဋ္ဌဗ္ဗာရုံရယ်၊ ကိုယ်အကြည်ရယ်၊ ထိသိစိတ်ရယ်၊ ဒီသုံးမျိုးရှိတဲ့အထဲက ဖောဋ္ဌဗ္ဗာရုံနဲ့ ကိုယ်အကြည်က ရုပ်အကြောင်းတရားပါပဲ။ ထိသိစိတ်ကတော့ နာမ်အကျိုးတရားတဲ့။ သူတို့ သုံးခုပေါင်းဆုံမှုကိုတော့ ဖဿလို့ ခေါ်ရတယ်။ တွေ့ထိရတဲ့ အာရုံက ကောင်းတဲ့အာရုံဖြစ်မယ်ဆိုရင် နူးညံ့လိုက်တာ၊ ကောင်းလိုက်တာ စသည်ဖြင့် ခံစားမှုဝေဒနာ ဖြစ်ပေါ်လာတယ်။

အဲ . . ဝေဒနာဖြစ်လာရင် 'ဝေဒနာ ပစ္စယာ တဏှာ' ဆိုတဲ့ အတိုင်းပဲ။ တွေ့ထိရတဲ့ အာရုံကို ဆာလောင်နှစ်သက် တွယ်တာတပ်မက်တဲ့ ဖောဋ္ဌဗ္ဗတဏှာ ဖြစ်ပေါ်လာတော့တာပါပဲ။ ဒီတဏှာကတော့ ကာယဒွါရကို မှီပြီး ဖြစ်တယ်တဲ့။ သူလည်း ဖောဋ္ဌဗ္ဗာရုံသက်သက်ကိုသာ နှစ်သက်တတ်တာ မဟုတ်ပါဘူး။ ဖောဋ္ဌဗ္ဗာရုံတည်ရာမှီရာဖြစ်တဲ့ သက်ရှိသက်မဲ့အရာဝတ္ထုတွေကိုပါ နှစ်သက်သွားတော့တာပါပဲ။ ဒါတင်လားဆိုတော့ မကသေးပါဘူး။ သတ္တဝါတွေဟာ ရောက်ရာဘဝ ရရာအာရုံတွေမှာ ပျော်မွေ့ပြီး နေနိုင်ကြတာဟာလည်း သူ့ကြောင့်ပါပဲတဲ့။

http://www.dhammadownload.com



## သူငယ်ချင်းဘုန်းကြီးလူထွက် သက်န်းပြန်မဝတ်ချင်ဘူးဆိုတာလဲ ဒီဖောဋ္ဌဗ္ဗတဏှာရဲ့လက်ချက်ပဲ

'တူနှစ်ကိုယ် တဲအိုပျက်မှာ နေရနေရ ထမင်းရည်ပဲအတူ လျက်ရလျက်ရ ဧဝရက်တောင်ထိပ်ကိုပဲ တက်ရတက်ရ၊ အရိပ်မရှိတဲ့ သဲကန္တာရထဲမှာပဲ လျှောက်ရလျှောက်ရ၊ နေမမြင် ရေပြင်ခဲတဲ့ မြောက်ဝင်ရိုးစွန်းကိုပဲခေါ်ခေါ် ပျော်နိုင်ပါတယ်' ဆိုတဲ့ စိတ်ထားတွေဟာလည်း တဏှာရဲ့ အစွမ်းတွေပါပဲ။

ဦးပဥ္စင်းနဲ့ အတော်ရင်းနှီးတဲ့ ဘုန်းကြီးလူထွက်တစ်ဦး ရှိတယ်။ လူထွက်ပြီး မကြာခင် အိမ်ထောင်ကျတယ်။ နှစ်ဖက်မိဘကလည်း ဆင်းရဲ၊ အသက်မွေးဝမ်းကျောင်း ပညာကလည်း ဘာမှမယ်မယ်ရရ မပါကြတော့ အတော်ကလေး ကသီလင်တ နိုင်ကြတယ်။

ဒါမေမယ့် ဘုန်းကြီးလူထွက်က အလုပ်တော်တော်လုပ်တယ်။ သင်္ဘောဆိပ်မှာ တာလီစာရေး လုပ်တယ်။ အားလပ်တဲ့အချိန်မှာ နေပူမရှောင်၊ မိုးရွာမရှောင်၊ အကြော်စုံ ထမ်းရောင်းတယ်။ အလကားနေတယ်ရယ်လို့ မရှိဘူး။ တရားသဖြင့် ပိုက်ဆံရတဲ့အလုပ်မှန်သမျှ အကုန်လုပ်တယ်။ ဘုန်းကြီးဘဝက ကောင်းကောင်းစားလာတဲ့သူဆိုတော့ မိန်းမချက်တာပြုတ်တာ သဘောမကျရင် ကိုယ်တိုင်ဝင်ချက်တယ်။ နှစ်အတော်ကြာလာတော့ မိန်းမကလည်း ကျန်းမာရေးမကောင်း၊ ကလေးတွေကလည်း များများလာ၊ အတူနေ ယောက္ခမကလည်း မျက်မမြင်ဒုက္ခိတဆိုတော့ ဘုန်းကြီးလူထွက်ခမြာ အတော် ဒုက္ခရောက်ရှာတယ်။ အစစအရာရာ သူ့တာဝန်ချည်းဖြစ်နေတယ်။ သူ့ကြည့်ရတာ စိတ်မချမ်းသာစရာပါပဲ။

http://www.dhammadownload.com



ဒါနဲ့ တစ်နေ့မှာ ဦးဇင်းက 'ဆရာ ခင်ဗျား သင်္ကန်းပြန်ဝတ်ချင်တဲ့စိတ်များ မပေါ်ဘူးလား' လို့ မေးကြည့်တယ်။ တစ်မိမ်းဘုန်းကြီးတစ်ပါးကသာ ဒီလိုမေးမယ်ဆိုရင် 'ပြန်ဝတ်ချင်ပါတယ်' လို့ အဆင်ပြေအောင် ကြည့်ပြောမှာပါပဲ။ ဒါပေမယ့် ဦးဇင်းကိုတော့ ပြောရဲဆိုရဲ ဘုန်းကြီးတစ်ပါးဖြစ်နေလို့ မကွယ်မဝှက်ဘဲ အမှန်အတိုင်း ထုတ်ပြောပါတယ်။

'ဦးဇင်းတဲ့၊ ဒီတစ်ယောက်မရှိရင် နောက်တစ်ယောက်သာ ထပ်ယူမယ်၊ သင်္ကန်းကိုတော့ ပြန်မဝတ်နိုင်ဘူးတဲ့။ လူ့ဘဝမှာ နေရတာ ပျော်တယ်၊ ကိုယ်ဆင်းရဲပေမယ့် စိတ်ချမ်းသာတယ်' တဲ့။

သူ ဒီလို ပြောတာဟာလည်း အမှန်ကတော့ တဏှာရဲ့ လက်ချက်ပါပဲ။


သူ ဒီလိုပြောတော့ ဘုရားလက်ထက်က နကုလပိတာနဲ့ နကုလမာတာဆိုတဲ့ စုံတွဲကို ဦးဇင်း သွားသတိရမိတယ်။

ဦးဇင်းတို့ရဲ့ သုံးလောကထွတ်ထား သဗ္ဗညုမြတ်စွာဘုရားက ရှစ်ခုမြောက်ဝါကို ဘဂ္ဂတိုင်း၊ သုသုမာရဂိရဆိုတဲ့မြို့မှာ ဝါကပ်ဖို့ ရဟန်းတော်အပေါင်း ခြံရံလျက် ကြွတော်မူတယ်။ ရောက်တဲ့အခါ မြို့နားက ဘေသကဠာအမည်ရှိတဲ့ တောအုပ်အတွင်းမှာ သီတင်းသုံးတော်မူတယ်တဲ့။

---

[၁၃] သူငယ်ချင်းဘုန်းကြီးလူထွက်ခမြာ သားမယားတို့ဖြင့် အကြော်ကြော်ရောင်း၍ ပင်ပန်းကြီးစွာ အသက်မွေးရသော်လည်း တဏှာရဲ့လက်ချက်ဖြင့် ပျော်တပြုံးပြုံးဖြစ်နေရှာပုံ။

http://www.dhammadownload.com



http://www.dhammadownload.com



မြတ်စွာဘုရား ကြွရောက်တော်မူလာတာကို မြို့သူမြို့သားတွေ သိကြတဲ့အခါ အဖူးအမြော် ရောက်လာကြတယ်။ အဲဒီလာတဲ့ ပရိသတ်တွေထဲမှာ နကုလပိတာနဲ့ နကုလမာတာတို့ စုံတွဲလည်း ပါဝင်ကြတယ်။ သူတို့စုံတွဲက မြတ်စွာဘုရားကို တွေ့တယ်ဆိုရင်ပဲ မြတ်စွာဘုရားရဲ့ ခြေတော်အစုံကို ပွေ့ဖက်ပြီးတော့ သူတို့ရဲ့ သားကြီးပါပဲလို့ ခေါ်ဝေါ်နှုတ်ဆက်ကြတယ်တဲ့။

ဒီလို မြတ်စွာဘုရားကို သားလို့ခေါ်တာကလည်း အကြောင်းမဲ့သက်သက်တော့ မဟုတ်ပါဘူးတဲ့။ ဒီစုံတွဲဟာ မြတ်စွာဘုရားရဲ့ မိဘရင်းအဖြစ်နဲ့ ဘဝပေါင်း ငါးရာတိုင်တိုင် ဆက်တိုက်ဖြစ်ခဲ့ကြဖူးတယ်။ ဘထွေး မိထွေးအဖြစ် ငါးရာ၊ ဘကြီး မိကြီးအဖြစ်က ငါးရာ၊ ဦးလေးနဲ့ အရီးအဖြစ်က ဘဝပေါင်းငါးရာ ဖြစ်ခဲ့ကြတယ်တဲ့။ အဲဒီဘဝတွေမှာ ဖြစ်ခဲ့တဲ့ ဂေဟဿိတပေမလို့ခေါ်တဲ့ တဏှာရဲ့ အရှိန်နဲ့ ခေါ်ခြင်းပါပဲ။

ဒါကြောင့် မြတ်စွာဘုရားကလည်း သည်းခံတော်မူပြီး သူတို့နဲ့ သင့်လျော်တဲ့ တရားမွေ ဟောပြတဲ့အခါမှာ နှစ်ဦးလုံး သောတာပန် ဖြစ်သွားကြတယ်။ မြတ်စွာဘုရားကလည်း ဝါကျွတ်တော့ အဲဒီမြို့က ပြန်ကြွလာပါတယ်။

နောင် အဲဒီ နကုလစုံတွဲ အသက်အရွယ်ကြီးလာတဲ့အခါ သူတို့ထံကို မြတ်စွာဘုရား နောက်တစ်ခေါက် ကြွတော်မူပြန်ပါတယ်။ အဲဒီအခါ နကုလစုံတွဲက ဘုရားအမှူးရှိတဲ့ သံဃာတော်တွေကို ဆွမ်းလုပ်

---

[၁၄]မြတ်စွာဘုရားသခင်အား နကုလပိတာနှင့် နကုလမာတာတို့က 'ဘဝဆက်တိုင်း ဇနီးမောင်နှံမခွဲဘဲ အတူတွဲ၍ နေလိုကြောင်း' လျှောက်ထားနေကြပုံ။

http://www.dhammadownload.com



http://www.dhammadownload.com



ကျွေးပြီးတော့ ထူးထူးဆန်းဆန်း သူများမလျှောက်ရဲတဲ့ စကားကို လျှောက်ထားကြတယ်တဲ့။

ရှေးဦးစွာ နကုလပိတာက 'ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ တပည့်တော်ဟာ နကုလမာတာကို ငယ်ရွယ်စဉ်ကတည်းက လက်ထပ်ပြီးတော့ ပေါင်းသင်းလာခဲ့ပါတယ်၊ အဲဒီအချိန်ကစပြီး နကုလမာတာကလွဲရင် အခြား ဘယ်အမျိုးသမီးကိုမှ စိတ်နဲ့တောင် မပြစ်မှားခဲ့ပါဘူး၊ ကိုယ်ထိလက်ရောက် ကျူးလွန်ဖို့ဆိုတာကတော့ ဝေးပါသေးတယ်၊ နကုလမာတာကို ဒီဘဝမှာလည်း အမြဲတမ်း ကြည့်နေချင်ပါတယ်၊ နောင်ဘဝတွေမှာလည်း နကုလမာတာနဲ့ပဲ မခွဲတမ်း အတူနေချင်ပါတယ်ဘုရား' လို့ လျှောက်ထားပါတယ်တဲ့။

အဲဒီအခါ အနားမှာရှိတဲ့ နကုလမာတာ အဖွားကြီးကလည်း အားကျမခံဘဲ အလားတူ ပြန်လျှောက်ထားပါတယ်။ 'ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ တပည့်တော်မလည်း နကုလပိတာနဲ့ ငယ်စဉ်ကတည်းက အိမ်ထောင်ကျခဲ့ပါတယ်၊ နကုလပိတာကလွဲလို့ ဘယ်ယောကျ်ားကိုမှ စိတ်နဲ့တောင် မပြစ်မှားခဲ့ပါဘူး၊ နကုလပိတာကို အမြဲတမ်းကြည့်ပြီး နေချင်ပါတယ်၊ ဒီဘဝမှာတင် မဟုတ်ပါဘူး၊ နောင်ဘဝတွေမှာလည်း နကုလပိတာနဲ့ပဲ အတူတူတွဲပြီး နေချင်ပါတယ်' လို့ လျှောက်ထားပါသတဲ့။

အဲဒီစုံတွဲဟာ သာမန်ပုထုဇဉ်တွေ မဟုတ်ပါဘူး။ သောတာပန် အရိယာ ပုဂ္ဂိုလ်တွေပါပဲ။ ဒါပေမယ့် တဏှာ အကုန်မကင်းသေးလေတော့၊ သူတို့လည်းပဲ ရထားတဲ့အာရုံလေးတွေကို လက်မလွှတ်ချင်ကြဘူးပေါ့။ ပုထုဇဉ်ဆိုရင် ပိုလို့ ဆိုးတော့မှာပေါ့။

http://www.dhammadownload.com



ဒီဖောဋ္ဌဗ္ဗတဏှာကလည်း အတော် နယ်ကျယ်ပါတယ်။ အဝတ်အစားဆိုလည်း ကောင်းပေ့ ချောပေ့ ဆိုတဲ့ တက်ထရွန်တို့၊ ဖော့ခရစ်လှိုင်းကြီး-လှိုင်းလေးတို့၊ တက်ထရက်စသည်တို့မှ ဝတ်ချင်ကြတယ်။ စောင်ဆိုလည်း နွေးပေ့၊ ထူပေ့ဆိုတဲ့ စောင်မှ ခြုံချင်ကြတယ်။ အိပ်ရာအိပ်ခင်းဆိုလည်း ဖဲမွေ့ရာတို့ ကမ္ဗလာကော်ဇောတို့မှ အသုံးပြုချင်ကြတယ်။ ကားဆိုလည်း နောက်ဆုံးပေါ် ကားမှ၊ ရထားဆိုလည်း အထက်တန်းတွဲမှ စီးချင်ကြတယ်။ ဒါတွေဟာ ဖောဋ္ဌဗ္ဗတဏှာရဲ့လက်ချက်တွေပါပဲ။

အတွေ့အထိကို နှစ်သက်တဲ့ တဏှာကလည်း ဘဝသစ်ကို ဖြစ်စေနိုင်တာပါပဲ။ ဒီအဝတ်အစားနဲ့ ပတ်သက်တဲ့ တဏှာကပေမယ့် ဘုန်းကြီးတွေကိုတောင် ဒုက္ခရောက်စေနိုင်ပုံကို သက်န်းကိုစွဲသေပြီး သန်းကြီးဖြစ်တဲ့ အရှင်တိဿဝတ္ထုကိုကြည့်ရင် သိနိုင်ပါတယ်။

## ဖောဋ္ဌဗ္ဗတဏှာ ပယ်ပုံ

ဒါကြောင့် ထိတိုင်းထိတိုင်း တဏှာမဖြစ်အောင် 'နူးညံ့ရင် နူးညံ့တယ်၊ မာရင် မာတယ်၊ ပျော့ရင် ပျော့တယ်၊ ပူရင် ပူတယ်၊ အေးရင် အေးတယ်၊ လှုပ်ရင် လှုပ်တယ်၊ ကွေးရင် ကွေးတယ်၊ လှမ်းရင် လှမ်းတယ်၊ ရပ်ရင် ရပ်တယ်၊ ထိုင်ရင် ထိုင်တယ်၊ အိပ်ရင် အိပ်တယ်၊ ထိရင် ထိတယ်၊ ဖောင်းရင် ဖောင်းတယ်၊ ပိန်ရင် ပိန်တယ်' စသည်ဖြင့် မပြတ်ရှုမှတ်ရပါတယ်။ ဒီလို ရှုမှတ်ရင် မှတ်တိုင်းမှတ်တိုင်း ဖောဋ္ဌဗ္ဗတဏှာဟာ တဒင်္ဂပဟာန်အားဖြင့် ငြိမ်းငြိမ်းလို့ သွားပါတယ်တဲ့။

http://www.dhammadownload.com



န သော ရဇ္ဇတိ ဖဿေသု၊ ဖဿံ ဖုဿ ပဋိဿသတော၊
ဝိရတ္တစိတ္တော ဝေဒေတိ၊ တဉ္စ နဇ္ဈောသတိဋ္ဌတိ။

ယော ပုဂ္ဂလော၊ ကျားမ မဟူ မည်သူမဆို ဝိပဿနာရှုမှတ်နေတဲ့ အကြင်ပုဂ္ဂိုလ်သည်။ ဖဿံ၊ အတွေ့အထိမျိုးစုံ ဖောဋ္ဌဗ္ဗာရုံကို။ ဖုဿ၊ တွေ့ထိရသည်ရှိသော်။ ပဋိဿတော၊ ပူတယ် အေးတယ် လှုပ်တယ် စသည်ဖြင့် တဖန် အမှတ်သတိ ရရှိသည်။ ဟောတိ၊ စင်စစ်မသွေ ဖြစ်ပါပေ၏။ သော၊ ထိတိုင်းထိတိုင်း တဖန် အမှတ်သတိရရှိတဲ့ ထိုယောဂီပုဂ္ဂိုလ်သည်။ ဖဿေသု၊ အတွေ့အထိမျိုးစုံ ဖောဋ္ဌဗ္ဗာရုံတို့၌။ နရဇ္ဇတိ၊ တပ်နှစ်သက်ခြင်း အလျှင်းမရှိတော့ချေ။ ဝိရတ္တစိတ္တော၊ တပ်နှစ်သက်ခြင်းကင်းသော စိတ်ရှိသည်ဖြစ်၍။ ဝေဒေတိ၊ ခံစား၏။ တဉ္စ၊ ထိုအတွေ့အထိမျိုးစုံ ဖောဋ္ဌဗ္ဗာရုံကိုလည်း။ နဇ္ဈောသတိဋ္ဌတိ၊ မသိမ်းပိုက်မူ၍ တည်၏။ (ဝါ) ထိတိုင်းထိတိုင်း မပြတ်ရှုမှတ်သည်ရှိသော် အတွေ့အထိမျိုးစုံ ဖောဋ္ဌဗ္ဗာရုံကို နှစ်သက်တွယ်တာ သာယာ တပ်မက်တဲ့ ဖောဋ္ဌဗ္ဗတဏှာသည် မှတ်တိုင်းမှတ်တိုင်း ကင်းငြိမ်းလွင့်ပျောက်ရလေတော့သတည်း။

သာဓု . . . သာဓု . . . သာဓု . . . ။

အခုလို ဝိပဿနာရှုလို့ ဖောဋ္ဌဗ္ဗတဏှာ ငြိမ်းတာမျိုးကတော့ အမြဲတမ်းငြိမ်းတာမျိုး မဟုတ်သေးဘူး။ ဒီအတိုင်း ဆက်ပြီးမှတ်သွားလို့ မဂ်ဉာဏ်ထိအောင် ဆိုက်ရောက်သွားမယ်ဆိုရင်တော့ သက်ဆိုင်ရာ မဂ်ဉာဏ်က ဆိုင်ရာတဏှာကို အပြတ်ရှင်းသွားပါလိမ့်မယ်။

http://www.dhammadownload.com



ကဲ . . ဖောဋ္ဌဗ္ဗာတဏှာနဲ့ ပတ်သက်လို့တော့ တော်လောက်ပါပြီ။ တရားဆောင်ပုဒ်လေးတွေ ဆိုကြပါစို့။

## ဖောဋ္ဌဗ္ဗတဏှာဖြစ်လျှင် ဖြတ်ပယ်နှင်ဆောင်ပုဒ်

တွေ့ထိအာရုံ ကိုယ်ရုပ်ထိတော့၊ ထိသိစိတ်ခုတ် ပေါ်လာတယ်။
ထိရတာကို သဘောကျတော့၊ ဖောဋ္ဌဗ္ဗတဏှာ ဖြစ်ပါတယ်။
ရရာအာရုံ ရောက်ရာဘဝမှာ၊ ပျော်မွေ့တာလဲ သူပဲဖြစ်တယ်။
ဘဝသစ်ကို ဖြစ်စေတတ်လို့၊ တဏှာပြတ်အောင် ရှင်းရမယ်။
ထိတဲ့အခါ ထိတယ်မှတ်တော့၊ တဏှာကင်းပြတ် ငြိမ်းပါတယ်။
(ပူတဲ့၊ အေးတဲ့၊ လှုပ်တဲ့၊ ရပ်တဲ့၊ ထိုင်တဲ့၊ ဖောင်းတဲ့၊ ပိန်တဲ့အခါ)
ဆက်၍သာပင် တွင်တွင်မှတ်ကွယ်၊ ဉာဏ်စဉ်မြတ်နဲ့ မဂ်ဆိုက်မယ်။
မှတ်ကွယ် . . . မှတ်ကွယ် . . . ။

http://www.dhammadownload.com

# " ဓမ္မတဏှာ ဖြစ်ပုံ "

ကဲ. . အခုနောက်ဆုံး ဓမ္မတဏှာရဲ့ အလှည့်ပါပဲ။ ဒါကို ဆက်လက်ဟောကြဦးစို့။

[၆] မနဉ္စ ပဋိစ္စ ဓမ္မေ စ ဥပ္ပဇ္ဇတိ မနောဝိညာဏံ၊ တိဏ္ဏံ သင်္ဂတိ ဖဿော၊ ဖဿ ပစ္စယာ ဝေဒနာ၊ ဝေဒနာ ပစ္စယာ တဏှာ။

မနဉ္စ၊ မနောအကြည်လို့ခေါ်တဲ့ ဘဝင်စိတ်ကိုလည်းကောင်း။ ဓမ္မေ စ၊ တွေးစရာမျိုးစုံ ဓမ္မာရုံ အတိုက်ခံတတ်တို့ကိုလည်းကောင်း။ ပဋိစ္စ၊ အကြောင်းပြု၍။ မနောဝိညာဏံ၊ မနောဝိညာဏ်လို့ခေါ်တဲ့ တွေးသိစိတ်သည်။ ဥပ္ပဇ္ဇတိ၊ ထင်ရှားမသေ့ ဖြစ်ပေါ်၍ လာရပေ၏။ တိဏ္ဏံ၊ တွေးစရာမျိုးစုံနှင့် မနောအကြည် တွေးသိစိတ် - ဤသုံးခုတို့၏။ သင်္ဂတိ၊ ပေါင်းဆုံမိခြင်းသည်။ ဖဿော၊ ဖဿ မည်၏။ ဖဿပစ္စယာ၊ အာရုံကိုတွေ့တတ်တဲ့ ဖဿဟူသော အကြောင်းကြောင့်။ ဝေဒနာ၊ ကောင်း, မကောင်းနဲ့ မဆိုးမကောင်း ခံစားမှု ဝေဒနာ သဘောသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်ပေါ်၍ လာပါပေ၏။ ဝေဒနာပစ္စယာ၊ ကောင်းသောအာရုံကို ခံစားမိတဲ့ ဝေဒနာဟူသော အကြောင်းကြောင့်။ တဏှာ၊ တွေးစရာမျိုးစုံ ဓမ္မာရုံကို နှစ်သက်တွယ်တာ သာယာတပ်မက်တဲ့ ဓမ္မတဏှာသည်။ ဥပ္ပဇ္ဇတိ၊ ထင်ရှားမသေ့ ဖြစ်ပေါ်၍ လာရပါပေ၏။ ဥပ္ပဇ္ဇတိ၊ ဘယ်သိကြား ဘယ်ဗြဟ္မာကမှလည်း ဖန်ဆင်းထားတာ မဟုတ်ပါဘဲ၊ ကောင်းသောခံစားမှု ဝေဒနာဟူသော အကြောင်းကြောင့် ဓမ္မတဏှာ ပေါ်ပေါက်ခြင်းမျှ ဖြစ်ပါပေသတည်း။

http://www.dhammadownload.com



တွေးစရာမျိုးစုံ ဓမ္မာရုံ အတိုက်ခံတက်က မနောဒွါရလို့ခေါ်တဲ့ ဘဝင်စိတ်အခံခတ်ကို လာပြီး ထိခိုက်တဲ့အခါကျတော့ မနောဝိညာဏ်လို့ခေါ်တဲ့ တွေးသိစိတ် ဖြစ်ပေါ်လာတယ်တဲ့။

ဒီနေရာမှာ ဓမ္မာရုံဆိုတာက (၁) ပသာဒရုပ် ၅-ခု၊ (၂) သုခုမရုပ် ၁၆-ခု၊ (၃) စိတ်က ၈၉-ခု၊ (၄)စေတသိက်က ၅၂-ခု၊ (၅) နိဗ္ဗာန်နဲ့၊ (၆) ပညတ်ရယ်လို့ ၆-မျိုး ရှိပါတယ်။

အဲဒီ ၆-မျိုးထဲက မဂ်စိတ် ၄-ခု၊ ဖိုလ်စိတ် ၄-ခုနဲ့ နိဗ္ဗာန်တို့ကတော့ ဝိပဿနာရှုရတဲ့ တရားတွေ မဟုတ်ပါဘူး။ သူတို့ကြောင့်လည်း တဏှာ မဖြစ်ပါဘူး။

မဂ်ဆိုတာက ကိလေသာကို ပယ်သတ်တတ်တဲ့ သဘောတဲ့။ ဖိုလ်ဆိုတာက ပယ်သတ်ပြီး ကိလေသာကို ငြိမ်းစေတဲ့ သဘောပါပဲ။ နိဗ္ဗာန်ကတော့ မဂ်ဖိုလ်တို့ရဲ့ အာရုံဖြစ်တဲ့ အထူးပရမတ်တရားတဲ့။

ပညတ်ကတော့ ဝိပဿနာ မရှုကောင်းပေမယ့် သူ့ကိုအကြောင်းပြုပြီး တဏှာတော့ ဖြစ်နိုင်ပါတယ်။ ဒါကြောင့် တဏှာဖြစ်စေနိုင်တဲ့ ဓမ္မာရုံအရ ပသာဒရုပ်၊ သုခုမရုပ်၊ လောကီစိတ်၊ စေတသိက်နဲ့ ပညတ်တို့ကိုသာ ယူရပါတယ်။ သူတို့ကို အကျဉ်းချုပ်လိုက်မယ်ဆိုရင်တော့ လိုအပ်တဲ့ ဓမ္မာရုံဟာ လောကီရုပ်နာမ်နဲ့ ပညတ်တို့သာ ဖြစ်ပါတယ်။

အဲဒီဓမ္မာရုံရယ်၊ မနောအကြည်ရယ်၊ တွေးသိစိတ်ရယ်၊ သုံးမျိုးရှိတဲ့အထဲက ဓမ္မာရုံနဲ့ မနောအကြည်တို့က အကြောင်းတရားပါပဲ။ တွေးသိစိတ်ကတော့ အကျိုးတရားတဲ့။ သူတို့သုံးခု ပေါင်းဆုံမှုကိုတော့ ဖဿလို့ခေါ်တယ်။ တွေးစရာအာရုံက ကောင်းတဲ့ အာရုံဖြစ်မယ်ဆိုရင် ကောင်းသောခံစားမှု ဝေဒနာဖြစ်ပေါ်လာ

http://www.dhammadownload.com



တော့တာပါပဲ။ အဲဒီအခါ 'ပေဒနာ ပစ္စယာ တဏှာ' ဆိုတဲ့အတိုင်း တွေးစရာမျိုးစုံ ဓမ္မာရုံကို နှစ်သက်တွယ်တာတပ်မက်တဲ့ ဓမ္မတဏှာ ဖြစ်ပေါ်လာတော့တာပါပဲ။ ဒီတဏှာက မနောဒွါရကို မှီပြီးတော့ ဖြစ်တယ်တဲ့။

ဓမ္မတဏှာနဲ့ပတ်သက်လို့ တချို့က မဂ်ဖိုလ်နိဗ္ဗာန် လိုချင်တာဟာလည်း ဓမ္မတဏှာပဲလို့ လွဲမှားစွာ ပြောတတ်ကြပါတယ်။ ဒါကတော့ ပရိယတ် ချို့တဲ့လို့ ပြောခြင်းပါပဲ။ အမှန်ကတော့ မဂ်ဖိုလ် နိဗ္ဗာန်ကို လိုချင်တာက ဓမ္မတဏှာမဟုတ်ပါဘူး။ ကုသလစ္ဆန္ဒမျှသာ ဖြစ်ပါတယ်။ ဓမ္မတဏှာဆိုတာကတော့ စောစောက ပြောခဲ့တဲ့အတိုင်းပါပဲ။ ဓမ္မာရုံ ၆-မျိုးရှိတဲ့အထဲက ပသာဒရုပ်၊ သုခုမရုပ်၊ လောကီစိတ်၊ စေတသိက်နဲ့ ပညတ် ဓမ္မာရုံတို့ကို နှစ်သက်မှသာ ဓမ္မတဏှာ ဖြစ်ပါတယ်။

## ဆင်းရဲအမျိုးမျိုး ခံနိုင်တာ ဓမ္မတဏှာကြောင့်ပဲ

ဓမ္မတဏှာနဲ့ပတ်သက်ပြီး စကားများများ ပြောနေရတာကတော့ အကြောင်းရှိပါတယ်။ ဒီဓမ္မတဏှာကလည်း သတ္တဝါတွေကို ရောက်ရာဘဝ၊ ရရာအာရုံတွေမှာ ပျော်မွေ့စေနိုင်တာပါပဲတဲ့။ ဂင်္ဂါမာလဇာတ်မှာ ဗာရာဏသီပြည်ရဲ့ တောင်ဘက်မြို့တံခါးနားမှာနေတဲ့ ရှင်အာနန္ဒာအလောင်းဖြစ်တဲ့ ရေသည်ဟာ မြောက်

---

[၁၅] ရေသည်ယောကျ်ားခမြာ မောရမှန်း ပန်းရမှန်းမသိဘဲ သီချင်းတကြော်ကြော်ဆို၍ ပိုက်ဆံ ၂ ပြားမျှကို ယူရန် မြောက်တံခါးဆီသို့ ပြေးသွားနေပုံ။

http://www.dhammadownload.com



http://www.dhammadownload.com



ဘက်မြို့တံခါးနားက အုတ်ကြားထဲမှာ ပိုက်ဆံနှစ်ပြား သိမ်းထားတယ်တဲ့။ ပွဲလမ်းသဘင် ကျင်းပခါနီး နေ့တစ်နေ့မှာ သူ့ဇနီးက ပွဲသဘင်မှာ သုံးစွဲဖို့ဆိုပြီးတော့ ပိုက်ဆံအယူခိုင်းတယ်။ တောင်တံခါးနဲ့ မြောက်တံခါးဟာ ၁၂-ယူဇနာတောင် ဝေးကွာတယ်တဲ့။ ဒါပေမယ့် အဲဒီရေသည်ဟာ နွေရာသီနေ့ခင်း နေပူကျဲကျဲကြီးထဲမှာ မောရမှန်း၊ ပူရမှန်းမသိဘဲ သီချင်းတကြော်ကြော်နဲ့ မြောက်တံခါးဘက်သို့ အလျင်အမြန် ပြေးသွားနေပါသတဲ့။

သူ့စိတ်က ဘာတွေ တွေးနေသလဲလို့ဆိုတော့ 'ပိုက်ဆံနှစ်ပြားရရင် သူ့ဇနီးအတွက် အမွှေးနံ့သာတစ်ပြားဖိုး ဝယ်မယ်။ ကျန်တစ်ပြားကိုတော့ မုန့်ပဲသွားရေစာ ဝယ်မယ်၊ ဒီပွဲသဘင်မှာ တခြားစုံတွဲတွေလိုပဲ ဇနီးမောင်နှံတွဲပြီးတော့ ပျော်လိုက်မယ်' လို့ ဒီလိုတွေးနေပါတယ်တဲ့။ အဲဒီ ပိုက်ဆံလေးနှစ်ပြားလောက်ကို ယူဖို့အတွက်နဲ့ ၁၂-ယူဇနာခရီးကို နေ့ခင်းနေပူကျဲကျဲကြီးထဲမှာ ပူရမှန်း မောရမှန်းမသိဘဲ ပြေးသွားနေနိုင်တာဟာ ဘာကြောင့်လဲလို့ဆိုတော့ အတွေးဖြောင့်နေတဲ့ စိတ်ကူးယဉ်နေတဲ့ ဓမ္မတဏှာရဲ့ အစွမ်းကြောင့်ပါပဲ။

ဒီခေတ်မှာ ပိုက်ဆံနှစ်ကျပ်နဲ့ ထိထိုးပြီးတော့ 'သိန်းထီပေါက်ရင် ဘာလုပ်လိုက်မယ်၊ ညာလုပ်လိုက်မယ်' စသည်ဖြင့် စိတ်ကူးယဉ် အတွေးဖြောင့်နေကြတာဟာလည်း အမှန်ကတော့ ဓမ္မတဏှာရဲ့ လက်ချက်ပါပဲ။ ဒီတဏှာက ဘုန်းကြီးတွေကိုတောင် သက်သာခွင့်ပေးတာ မဟုတ်ဘူး။ သူကပေမယ့် တော်တော် ဆိုးပါတယ်။

http://www.dhammadownload.com



## တစ်ထိုင်အတွင်း မိန်းမလဲရ–ကလေးတစ်ယောက်လဲရတာ ဓမ္မတကျာပဲ

မြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ်အခါက သာဝတ္ထိပြည်မှာ သံဃရက္ခိတဆိုတဲ့ အမျိုးကောင်းသားတစ်ဦးဟာ ရဟန်းပြုပြီးလို့ မကြာခင်မှာပဲ ရဟန္တာဖြစ်သွားပါတယ်။

အဲဒီသံဃရက္ခိတမထေရ်ရဲ့ နှမဟာ အိမ်ထောင်ကျလို့ သားဦးယောက်ျားလေးရတဲ့အခါ သူ့သားလေးကို သံဃရက္ခိတဘာဂိနေယျလို့ အမည်ပေးတယ်၊ သံဃရက္ခိတရဲ့တူလို့ အဓိပ္ပါယ်ရတယ်၊ အဲဒီ သံဃရက္ခိတလေး အရွယ်ရောက်လာတဲ့အခါ ဘကြီးဖြစ်သူ သံဃရက္ခိတမထေရ်ထံမှာပဲ ရှင်ပြုရဟန်းခံလို့ ရဟန်းဖြစ်လာတယ်။

အခါတစ်ပါးမှာ အဲဒီရဟန်းငယ်ကလေးဟာ ဘကြီးဖြစ်သူ မထေရ်ကြီးနဲ့ ခွဲပြီးတော့ ရွာကျောင်းတစ်ကျောင်းမှာ ဝါကပ်တယ်။ အဲဒီ ဝါတွင်းမှာ ဝါဆိုသင်္ကန်းချုပ်ဖို့ ၇-တောင်ရှိတဲ့ အဝတ်တစ်စနဲ့ ရှစ်တောင်ရှိတဲ့ အဝတ်တစ်စ ရရှိတယ်။ ရကတည်းက ရှစ်တောင်ရှိတဲ့ အဝတ်တစ်စကိုတော့ ဝါကျွတ်တဲ့အခါ ဘကြီးဖြစ်သူ သံဃရက္ခိတမထေရ်မြတ်ကြီးကို လှူမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ သိမ်းဆည်းထားတယ်တဲ့။ ဝါကျွတ်လို့ ဘကြီးဖြစ်သူ မထေရ်ကြီးကို သွားကန်တော့တဲ့အခါ အဝတ်စကို လှူတယ်။ ဒါပေမယ့် သူ့ဘကြီးက သင်္ကန်းပြည့်စုံပြီးဖြစ်လို့ လက်မခံဘဲ သူ့ကို ပြန်စွန့်တယ်။ အကြိမ်ကြိမ်လှူလို့ လက်မခံတဲ့အခါ မထေရ်ကြီးကို ယပ်လေခတ်ရင်းနဲ့ ရဟန်းငယ်ကလေးက စဉ်းစားစိတ်ကူးတယ်တဲ့။

http://www.dhammadownload.com



'ဒီမထေရ်ကြီးဟာ လူအနေနဲ့ ကြည့်မယ်ဆိုရင် ငါ့ဘကြီးပဲ၊ ရဟန်းအနေနဲ့ ကြည့်မယ်ဆိုရင်လဲ ငါ့ဥပဇ္ဈာယ်ဆရာပဲ၊ ဒါနဲ့မျှားတောင် ငါလှူတဲ့အဝတ်ကို လက်မခံဘူး၊ ဒီလောက်တောင်ဖြစ်တာ လူထွက်တာပဲ ကောင်းမယ်ဆိုပြီး စိတ်ကူးနဲ့လူထွက်လိုက်တယ်၊ လူထွက်တော့ ပိုက်ဆံလိုတာနဲ့ ရှစ်တောင်ရှိတဲ့ အဝတ်စကို ရောင်းတယ်။ ရတဲ့ငွေနဲ့ သိုးမတစ်ကောင် ဝယ်တယ်၊ သိုးဆိုတာက အပွားမြန်လို့ မကြာခင် သိုးအုပ်ကြီးဖြစ်လာတယ်။ အဲဒီသိုးတွေကို ရောင်းတော့ ပိုက်ဆံတွေ အများကြီး ရလာတယ်။ အဲဒီပိုက်ဆံနဲ့ မိန်းမ တောင်းတယ်။ မကြာခင် ကလေးတစ်ယောက်ရတယ်၊ ကလေးရလာတော့ သားအမိသားအဖသုံးယောက်လှည်းကလေးနဲ့ ဘကြီးဖြစ်သူ သံဃရက္ခိတမထေရ်ထံ ကန်တော့ဖို့ သွားကြတယ်။ ကလေးကို သူချီမယ် ငါချီမယ် လုကြတဲ့အခါ မိခင်က ချီခွင့်ရသွားပါတယ်။ ဒါနဲ့သွားကြလို့ လမ်းတစ်ဝက်အရောက်မှာ လှည်းပေါ်က ကလေးလိမ့်ကျပါရောတဲ့။ အဲဒီအခါ စိတ်ဆိုးဆိုးနဲ့ မိန်းမကို ထရိုက်တယ်တဲ့'

အဲဒါ တကယ်မဟုတ်ဘဲ စိတ်ကူးယဉ်နေတာဖြစ်လို့ မိန်းမကို မရိုက်မိဘဲ ဘကြီးဖြစ်သူ မထေရ်ကြီးရဲ့ ဦးခေါင်းကို ယပ်တောင်စောင်းနဲ့ ရိုက်မိလျက်သား ဖြစ်သွားရတယ်တဲ့။

ဒီရဟန်းငယ်လေးဟာ အဝတ်စရောင်းတာကစပြီး မိန်းမကိုရိုက်တဲ့အထိ အတွေးတွေ ဆက်တိုက်ဖြစ်ပြီးတော့ စိတ်ကူးယဉ်နေတာ ဘာကြောင့်လဲ။ ဒါလည်း ဓမ္မတဏှာရဲ့ လက်ချက်ပါပဲ။ ဒီဓမ္မတဏှာကလည်း

---

[၁၆] ရဟန်းငယ်က ဦးရီးတော်ရဟန်းကြီးအား ယပ်ခတ်ပေးရင်း စိတ်ကူးယဉ်မိသဖြင့် ဦးရီးတော်၏ ဦးခေါင်းအား ယပ်ဖြင့် ရိုက်မိသွားပုံ။

http://www.dhammadownload.com



http://www.dhammadownload.com

'ယာယံတဏှာ ပေါနောဘဝိကာ' အရ ဘဝသစ်ကို ဖြစ်စေနိုင်တာပါပဲ။ ဘဝသစ်ကို ဖြစ်စေတယ်ဆိုတာ ဒုက္ခကို ဖြစ်စေတယ်လို့ ဆိုလိုပါတယ်။

## ဓမ္မတဏှာ ပယ်ပုံ

ဒါကြောင့် တွေးစရာကို အကြောင်းပြုပြီးတော့ ဓမ္မတဏှာ မဖြစ်ချင်ကြရင် တွေးတိုင်းတွေးတိုင်း 'တွေးတယ်၊ စိတ်ကူးတယ်' စသည်ဖြင့် မပြတ်ရှုမှတ်ရပါတယ်။ အဲဒီလို ရှုမှတ်ရင် တွေးရတာကို နှစ်သက်တဲ့ ဓမ္မတဏှာဟာ အခိုက်အတန့်အားဖြင့် ငြိမ်းပြီးတော့ သွားပါတယ်တဲ့။

န သော ရဇ္ဇတိ ဓမ္မေသု၊ ဓမ္မံ ဉတွာ ပဋိဿတော။
ဝိရတ္တစိတ္တော ဝေဒေတိ၊ တဉ္စ နဇ္ဈောသတိဋ္ဌတိ။

ယော ပုဂ္ဂလော၊ ကျားမ မဟူ မည်သူမဆို ဝိပဿနာရှုမှတ်နေတဲ့ အကြင်ယောဂီ ပုဂ္ဂိုလ်သည်။ ဓမ္မံ၊ တွေးစရာမျိုးစုံ မွှာရုံကို။ ဉတွာ၊ တွေးသိရသည်ရှိသော်။ ပဋိဿတော၊ 'တွေးတယ် ကြံတယ်' စသည် ဖြင့် တဖန် အမှတ်သတိ ရရှိသည်။ ဟောတိ၊ စင်စစ်မသွေ ဖြစ်ပါပေ၏။ သော၊ တွေးတိုင်း ကြံတိုင်း တွေး တယ် ကြံတယ် စသည်ဖြင့် တဖန် အမှတ်သတိ ရရှိတဲ့ ထိုယောဂီပုဂ္ဂိုလ်သည်။ ဓမ္မေသု၊ တွေးစရာမျိုးစုံ မွှာရုံတို့၌။ န ရဇ္ဇတိ၊ တပ်နှစ်သက်ခြင်း မရှိတော့ချေ။ ဝိရတ္တစိတ္တော၊ တပ်နှစ်သက်ခြင်းကင်းသော စိတ်ရှိ သည်ဖြစ်၍။ ဝေဒေတိ၊ ခံစား၏။ တဉ္စ၊ ထိုတွေးစရာမျိုးစုံ မွှာရုံလည်း။ နဇ္ဈောသတိဋ္ဌတိ၊ မသိမ်းပိုက်မူ၍ တည်၏။ ဝါ - 'တွေးတိုင်း ကြံတိုင်း တွေးတယ် ကြံတယ်' စသည်ဖြင့် မပြတ်ရှုမှတ်သည်ရှိသော် တွေးစရာမျိုးစုံ

http://www.dhammadownload.com


ဓမ္မာရုံကို နှစ်သက်တွယ်တာ သာယာတပ်မက်တဲ့ ဓမ္မတဏှာသည် မှတ်တိုင်းမှတ်တိုင်း ကင်းငြိမ်း လွင့်ပျောက် ရလေတော့သတည်း။

သာဓု . . . သာဓု . . . သာဓု . . . ။

ဝိပဿနာရှုခိုက်မှာ ဓမ္မတဏှာ ငြိမ်းတာကတော့ အခိုက်အတန့် ငြိမ်းခြင်းမျှသာ ဖြစ်ပါတယ်။ မဂ်ဉာဏ်တွေဆိုက်အောင် မှတ်သွားမယ်ဆိုရင်တော့ အမြဲတမ်း ငြိမ်းသွားနိုင်ပါတယ်တဲ့။ ကဲ . . ဓမ္မတဏှာ အကြောင်း ပြောလာတာ တော်တော်တောင် ရှည်သွားပြီ။ တရားဆောင်ပုဒ်လေးတွေဆိုပြီး အဆုံးသတ်ကြစို့။

## ဓမ္မတဏှာဖြစ်လျှင် ဖြတ်ပယ်နှင့် ဆောင်ပုဒ်

အတွေးအာရုံ မနောအကြည်ထိတော့၊ တွေးသိစိတ်ဓာတ် ပေါ်လာတယ်။
တွေးရတာကို သဘောကျတော့၊ ဓမ္မတဏှာ ဖြစ်ပါတယ်။
ရရာအာရုံ ရောက်ရာဘဝမှာ၊ ပျော်မွေ့တာလဲ သူပဲဖြစ်တယ်။
ဘဝသစ်ကို ဖြစ်စေတတ်လို့၊ တဏှာပြတ်အောင် ရှင်းရမယ်။
တွေးတဲ့အခါ တွေးတယ်မှတ်တော့၊ တဏှာကင်းပြတ် ငြိမ်းပါတယ်။
ဆက်၍သာပင် တွင်တွင်မှတ်ကွယ်၊ ဉာဏ်စဉ်မြတ်နဲ့ မဂ်ဆိုက်မယ်။
မှတ်ကွယ် . . . မှတ်ကွယ် . . . ။

http://www.dhammadownload.com

# " တဏှာ သုံးမျိုး "

အခု ဟောခဲ့ပြီးတာတွေကတော့ ခြောက်ဒွါရမှာ ရှိပြီးဖြစ်တဲ့ တဏှာခြောက်ပါးရဲ့ အကြောင်းတွေပါပဲ။

ဓမ္မစက္ကပဝတ္တနသုတ်မှာတော့ တဏှာဟာ '(၁) ကာမတဏှာ၊ (၂) ဘဝတဏှာ၊ (၃) ဝိဘဝတဏှာ' ရယ်လို့ ၃-မျိုးသာ ပါရှိပါတယ်။ ဒါပေမယ့် သဘောကတော့ အတူတူပါပဲ။

ကာမတဏှာဆိုတာဟာ (အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိ) ဒီငါးမျိုးကို နှစ်သက်တဲ့ တဏှာငါးပါးနဲ့ တူပါတယ်။ ဘဝတဏှာနဲ့ ဝိဘဝတဏှာတွေကတော့ ဓမ္မတဏှာနဲ့ အတူတူပါပဲ။ ဒါပေမယ့် ဝေါဟာရက ကွဲနေလို့ နည်းနည်းတော့ ဆက်ဟောလိုက်ဦးမယ်။

ဘဝတဏှာရဲ့ အဓိပ္ပါယ်က သဿတဒိဋ္ဌိနဲ့တကွ ဖြစ်တဲ့ တဏှာတဲ့။ 'အသက်ကောင်၊ ဝိညာဉ်ကောင်၊ ငါကောင်' ဟာ မြဲတယ်၊ ကိုယ်ရုပ်ကြီး သေသွားပေမယ်လို့ အသက်ကောင်ကတော့ မသေဘဲနဲ့ တစ်ဘဝပြီး တစ်ဘဝ ပြောင်းရွှေ့တည်နေတယ်လို့ စွဲယူတာဟာ သဿတဒိဋ္ဌိ အယူတဲ့။ အဲဒီ သဿတဒိဋ္ဌိအယူကို နှစ်သက်ရင်တော့ ဘဝတဏှာလို့ ခေါ်ပါတယ်။ ကဲ. . လိုက်ဆို. . .။

http://www.dhammadownload.com



ငါကောင်မြဲတယ် မှတ်ယူမိတော့၊ သဿတဒိဋ္ဌိ စွဲငြိတယ်။
တဿတအယူ နှစ်သက်လှတော့၊ ဘဝတဏှာ ဖြစ်ပါတယ်။

အဲ. . ဝိဘဝတဏှာရဲ့ အဓိပ္ပါယ်တော့ ဥစ္ဆေဒဒိဋ္ဌိနဲ့တကွဖြစ်တဲ့ တဏှာတဲ့။ 'သတ္တဝါတွေဟာ သေပြီးရင် ပြတ်တယ်၊ မြေဩဇာဖြစ်တာကလွဲလို့ ဘာမှမဖြစ်တော့ဘူး' လို့ စွဲယူတာဟာ ဥစ္ဆေဒဒိဋ္ဌိ အယူပါပဲ။ အဲဒီအယူကို နှစ်သက်မိရင် ဝိဘဝတဏှာလို့ ခေါ်ပါတယ်။ ကဲ. . ဆိုကြရအောင်။

သေရင်ပြတ်တယ် အယူလွဲတော့၊ ဥစ္ဆေဒပဲ မှတ်ကြကွယ်။
ဥစ္ဆေဒအယူ နှစ်သက်မိတော့၊ ဝိဘဝတဏှာ ဖြစ်ပါတယ်။

## တဏှာခြယ်လှယ် သံသရာလယ်

ယခု ပြောခဲ့တဲ့ တဏှာမှန်သမျှဟာ ဘဝသစ်ကို ဖြစ်စေတတ်တာချည်းပါပဲတဲ့။ ဘယ်ပုံဘယ်နည်း ဖြစ်စေသလဲလို့ဆိုတော့ သတ္တဝါတွေဟာ မိမိတို့ရဲ့ရောက်ရာဘဝ၊ ရရာ အာရုံလေးတွေကို လက်မလွှတ်ချင်ကြဘူး၊ ခိုင်မြဲစေချင်ကြတယ်။ ဒါကြောင့်လဲ ခိုင်မြဲအောင်ဆိုပြီးတော့ တတ်နိုင်သမျှ ကြောင့်ကြစိုက်ကြတယ်။ အဲဒီအခါ ကုသိုလ်ကံ၊ အကုသိုလ်ကံတွေကို ထိုက်သင့်သလို ပြုမိသွားကြတာပေါ့။ ဒီတော့ ဒီကံတွေက ဒုတိယဘဝမှာ ပဋိသန္ဓေအကျိုးကို ဖြစ်စေတော့မယ်ဆိုရင် သေခါနီးမှာ ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ်အနေနဲ့ ထင်လာတတ်တယ်တဲ့။

http://www.dhammadownload.com



ဥပမာ - လူတစ်ယောက်ဟာ သစ်ပင်အောက်မှာ နွားတစ်ကောင်ကို ဓားနဲ့ခုတ်သတ်ဖူးတယ် ဆိုကြပါစို့။ နွားသတ်တာဟာ အကုသိုလ်ကံပါပဲ။ အဲဒီကံက ပဋိသန္ဓေအကျိုးပေးတော့မယ်ဆိုရင် အဲဒီလူဟာ သေခါနီးမှာ သူ နွားသတ်ခဲ့တဲ့ကံကို ပြန်သတိရတယ်။ နောက်ပြီးတော့ အသတ်ခံရတဲ့နွား၊ အသုံးပြုတဲ့ ဓား၊ သတ်တဲ့နေရာသစ်ပင်တို့ဟာ သူ့ရဲ့ စိတ်မျက်စိမှာ ထင်မြင်လာတယ်။ အဲဒီ အာရုံကို ကမ္မနိမိတ်လို့ ခေါ်ပါတယ်။ အဲဒီ အကုသိုလ်ကံကြောင့် ငရဲကျမယ်ဆိုရင် ငရဲမီးလျှံတို့၊ ငရဲသူငရဲသားတို့စတဲ့ အာရုံတွေဟာ စိတ်မျက်စိထဲမှာ ထင်လာ မြင်လာတော့တာပါပဲ။ ဒီအာရုံတွေကိုတော့ ဂတိနိမိတ်အာရုံလို့ ခေါ်တယ်တဲ့။


အဲဒီအခါ တဏှာမကင်းသေးတဲ့ ပုဂ္ဂိုလ်တိုင်း ပုဂ္ဂိုလ်တိုင်းဟာ ထင်လာတဲ့ ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ် အာရုံတွေကို ဖျောက်လို့မရတော့ဘူးတဲ့။ လက်နဲ့ဆုပ်ကိုင်ထားသလို စိတ်ထဲမှာစွဲပြီးတော့ နေတယ်တဲ့။ အဲဒီ အခါ တဏှာမှ အရှိန်အဝါရလာတဲ့ မရဏာသန္နဇောစိတ်က အဲဒီ အာရုံတွေကို စွဲမြဲစွာ အာရုံပြုတော့တာ ပါပဲတဲ့။

အဲဒီနောက် စုတိစိတ်ကျပြီး ဘဝသစ်ပဋိသန္ဓေစိတ်နဲ့ ကမ္မဇရုပ်တွေကို အသစ်တဖန် ဖြစ်သွားတယ်တဲ့။ အဲဒါဟာ 'ယာယံတဏှာ ပေါနောဘဝိကာ' ဆိုတဲ့အတိုင်း တဏှာက ဘဝသစ်ကို ဖြစ်စေပုံပါပဲ။

---

[၁၇] နဂါးမင်းစည်းစိမ်ကို အထင်ကြီးကာ တောင့်တမိခဲ့သည့် ဘုရားအလောင်းမှာ ဘဝတစ်ခုတွင် စမ္ပေယျနဂါးမင်းကြီး ဖြစ်ခဲ့ရပုံ။

http://www.dhammadownload.com



http://www.dhammadownload.com



ဒီနေရာမှာ ကံနဲ့တဏှာ နှစ်ပါးလုံးကြောင့် ဘဝသစ်ဖြစ်တာမဟုတ်ဘူးလားလို့ မေးစရာရှိပါတယ်။ ဟုတ်တော့ ဟုတ်ပါတယ်။ ဒါပေမယ့် ကံဟာ တဏှာရဲ့ အထောက်အပံ့ကို မရဘဲနဲ့တော့ ပဋိသန္ဓေအကျိုးကို မပေးနိုင်ပါဘူးတဲ့။ တဏှာရဲ့အထောက်အပံ့ကို ရမှသာ ပဋိသန္ဓေအကျိုးကို ပေးနိုင်ပါတယ်။

ဒီအကြောင်းနဲ့ပတ်သက်လို့ ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီးရဲ့ ဓမ္မစကြာတရားတော်ကြီးထဲမှာ အသေးစိတ် ရှင်းပြထားပါတယ်။ မူလ ပြုခဲ့တဲ့ ကုသိုလ်ကံ၊ အကုသိုလ်ကံက မြေယာနဲ့ တူတယ်။ အဘိသင်္ခါရဝိညာဏ်လို့ခေါ်တဲ့ မရဏာသန္နဇောစိတ်ကတော့ မျိုးစေ့နဲ့ တူတယ်တဲ့။ တဏှာက အစိုဓာတ် ရေဓာတ်နဲ့ တူတယ်တဲ့။ မျိုးစေ့မှ အပင်ပေါက်ဖို့ဆိုတာမှာ ရေဓာတ်ဟာ အဓိက အရေးကြီးဆုံးပါပဲတဲ့။ ဒါကြောင့်လည်း 'ယာယံတဏှာ ပေါနောဘဝိကာ' တဏှာက ဘဝသစ်ကို ဖြစ်စေတယ်လို့ ရေဓာတ်နဲ့တူတဲ့ တဏှာကိုသာ ခေါင်းတပ်ပြီးတော့ ဟောထားခြင်းဖြစ်ပါတယ်လို့ ရှင်းပြထားပါတယ်။

## တဏှာကြောင့် နဂါးဖြစ်တယ်

တဏှာကြောင့် ဘဝသစ်ဖြစ်ရပုံ ဝတ္ထုသာဓကတွေကတော့ တော်တော်ပဲ များပါတယ်။ ရှေးအခါက စမ္မာမြစ်ကမ်းနားမှာနေတဲ့ ဘုရားလောင်း သူဆင်းရဲဟာ စမ္မေယျနဂါးမင်းရဲ့ စည်းစိမ်ကို အလွန် လိုလားနှစ်သက်တယ်တဲ့။ ဒါကြောင့်လည်း ဒါနပဲပြုပြု၊ သီလပဲ ဆောက်တည်ဆောက်တည် 'စမ္မေယျနဂါးမင်းကြီးဖြစ်ရပါလို၏' လို့ ဆုတောင်းပြီးတော့ ပြုလေ့ရှိတယ်တဲ့။ ဒီလို နဂါးမင်းစည်းစိမ်ကို တောင့်တတာဟာ တဏှာပါပဲ။

http://www.dhammadownload.com



အဲ. . တောင့်တတဲ့အတိုင်းပါပဲ။ သူဆင်းရဲဘဝကသေတော့ စမွေ့ယျနဂါးမင်း ဖြစ်သွားတယ်တဲ့။ နဂါးဆိုတာ မြွေပါပဲ။ အဲဒီတော့မှ မှားမှန်းသိသွားရှာတယ်။ ဒါဟာ တဏှာကြောင့် ဘဝသစ်ဖြစ်ရတဲ့ သာဓကပါပဲ။

## တဏှာကြောင့် မြွေ၊ ခွေး၊ နွား၊ သား ဖြစ်တယ်

ဒီထက်ပိုပြီး ထင်ရှားတဲ့ ဝတ္ထုသာဓက, ကတော့ မယားချစ်လို့ မြွေ၊ ခွေး၊ နွား၊ သား ဖြစ်ရတဲ့ ဝတ္ထုပါပဲ။

သီဟိုဠ်နိုင်ငံ တောရွာတစ်ရွာမှာ အဘိုးကြီးတစ်ဦးနဲ့ သားနှစ်ယောက် ရှိကြတယ်။ သားကြီး အိမ်ထောင်ကျတော့ မိသားစုလေးယောက် ဖြစ်လာတယ်။ အဘိုးကြီးနဲ့ အိမ်ထောင်ရှင်သားကြီးတို့က လယ်ထဲကို အသွားများကြလေတော့ အိမ်မှာ မရီးနဲ့မတ်ပဲ ကျန်ရစ်တာများတယ်။ ကြာလာတော့ မရီးနဲ့မတ်တို့ ဖောက်ပြားကြတယ်။ နောက် သူတို့နှစ်ယောက် ပူးပေါင်းပြီး လင်ကြီးဖြစ်သူကို တိတ်တဆိတ် လုပ်ကြံသတ်ဖြတ်ပစ်ကြတယ်။

လင်ကြီးဖြစ်သူဟာ လူသာသေပေမယ့် မယားအပေါ် ချစ်တဲ့တဏှာက မသေလေတော့ အဲဒီအိမ်မှာ 'ထန်းမြွေ' ဖြစ်တယ်။ အဲဒီမြွေကိုလည်း ဇနီးဟောင်းက သတ်ခိုင်းပြန်တာနဲ့ မြွေဘဝကသေပြီး အဲဒီအိမ်မှာ ခွေးလာဖြစ်တယ်။ အဲဒီခွေးဟာ ဇနီးဟောင်းအပေါ် ချစ်တဲ့စိတ်ကြောင့် အဲဒီ အမျိုးသမီး သွားလေရာ

http://www.dhammadownload.com



တကောက်ကောက်လိုက်တယ်။ လူတွေက လှောင်ကြ၊ ပြောင်ကြတဲ့အခါ အဲဒီခွေးကိုလည်း အသတ်ခိုင်းပြန်တယ်။ ခွေးဘဝက သေပေမယ့် တဏှာက မသေသေးတော့ အဲဒီအိမ်မှာပဲ နွားကလေး ဖြစ်ပြန်တယ်။ အဲဒီနွားကလေးဟာ ဇနီးဟောင်းအပေါ် ချစ်ခင်စွဲလမ်းတဲ့တဏှာကြောင့် အဲဒီအမျိုးသမီး သွားလေရာနောက် တကောက်ကောက် လိုက်တယ်။ လူတွေက လှောင်ကြ၊ ပြောင်ကြတဲ့အခါ အဲဒီနွားကလေးကို သတ်ပစ်ပြန်တယ်။

အဲဒီနွားကလေး သေပြီးတဲ့နောက် အဲဒီ အမျိုးသမီးဝမ်းဗိုက်ထဲမှာ ပဋိသန္ဓေနေလာတယ်။ မွေးလာတဲ့အချိန်ကစပြီး 'ဇာတိဿရဉာဏ်' ရလို့ ယခင်အဖြစ်အပျက်တွေကို ပြန်မြင်တာနဲ့ မိခင်ရဲ့ အကိုင်အတွယ်ကိုတောင် မခံတော့ဘူးတဲ့။ နောက်ဆုံး အရွယ်ရောက်တဲ့အခါ အဘိုးဖြစ်သူကို အကြောင်းစုံပြောပြပြီးတော့ မြေးအဘိုးနှစ်ယောက် ရဟန်းပြုကြလို့ မကြာမီ ရဟန္တာဖြစ်သွားကြတယ်တဲ့။

ဒီဝတ္ထုကိုကြည့်ရင် တဏှာက စွဲလမ်းရာနေရာဒေသနဲ့ စွဲလမ်းရာပုဂ္ဂိုလ်အနီးအနားမှာ ဘဝသစ်ဖြစ်စေပုံကို တွေ့နိုင်ပါတယ်။

---

[၁၈]မယားအားစွဲလမ်းမှုဖြင့် သေသွားရရှာသော ယောကျ်ားခမြာမှာ မြွေဘဝ၊ခွေးဘဝတို့တွင် မယားဖြစ်သူ၏ သတ်ဖြတ်ခြင်းကိုခံခဲ့ရပြီးနောက် နွားဘဝတွင်လည်း မယားအား စွဲလမ်းမှုဖြင့် နောက်မှတကောက်ကောက် လိုက်နေရှာပုံ။

http://www.dhammadownload.com



http://www.dhammadownload.com

## " တဏှာကင်းကွာ ရဟန္တာ "

အခု ရှင်းလင်းဟောကြားခဲ့တဲ့ တဏှာခပ်သိမ်း အပြီးတိုင် ကင်းငြိမ်းမယ်ဆိုရင်တော့ အဲဒီ ပုဂ္ဂိုလ်ဟာ ယောကျ်ားဖြစ်စေ၊ မိန်းမဖြစ်စေ၊ လူဝတ်ကြောင်ဖြစ်စေ၊ ရဟန်းဖြစ်စေ ရဟန္တာပါပဲတဲ့။ ဒီ 'တဏှာကင်းကွာ ရဟန္တာ' ဆိုတဲ့ စကားကို မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးဟာ ဇဋိလမထေရ်ကို အကြောင်းပြုပြီးတော့ ဟောကြားတော်မူခဲ့ပါတယ်။

## ဇဋိလ မထေရ်

ဒီ ဇဋိလမထေရ်ဆိုတာ တခြားမဟုတ်ပါဘူး။ အားလုံးအသိများကြတဲ့ ဇဋိလ သူဌေးပါပဲ။ ဗိမ္ဗိသာရမင်းကြီးရဲ့ အာဏာစက်ပျံ့နှံ့ရာ နယ်ပယ်အတွင်းမှာ ရေတွက်လို့မရအောင် စည်းစိမ်ဥစ္စာ ပေါများလို့ အမိတဘောဂ အမည်ရတဲ့ 'ဇောတိက၊ ဇဋိလ၊ မေဏ္ဍက၊ ကာကဝလ္လိယ၊ ပုဏ္ဏသီဟ' ရယ်လို့ သူဌေးကြီးငါးဦး ရှိပါတယ်။ အဲဒီငါးဦးထဲက ဇဋိလပါပဲ။

---

[၁၉] မိခင်သူဌေးသမီးက ဇဋိလသားငယ်လေးအား အိုးထဲထည့်၍ ပန်းများဖုံးကာ ဂင်္ဂါမြစ်ထဲ မျှောနေပုံ။

http://www.dhammadownload.com



http://www.dhammadownload.com



ဒီဇင္ဗိုလရဲ့ ဘဝဖြစ်စဉ်လေးက မှတ်သားစရာကောင်းလို့ နည်းနည်းတော့ ဆက်ပြောလိုက်ဦးမယ်။
သူက ဗာရာဏသီ သူဌေးသမီးနဲ့ ဝိဇ္ဇာခိုရ် ယောက်ျားတစ်ဦးတို့ရဲ့ တိတ်တိတ်ပုန်းရခဲ့တဲ့ သားပါပဲ။ သူ့မိခင်
သူဌေးသမီးက လူသိမခံရဲတာနဲ့ မွေးစမှာ အိုးထဲထည့်ပြီးတော့ ဂင်္ဂါမြစ်ထဲ မျှောပစ်တယ်။

ဒီလို ရေမျှောခံရတာကတော့ ကဿပမြတ်စွာဘုရားရှင်ရဲ့ ဓာတ်တော်ကို ဌာပနာပြုပြီး တည်ထား
တဲ့ ရွှေစေတီကို ပြစ်မှားခဲ့လို့ပါပဲ။ ကဿပမြတ်စွာဘုရားရှင်လက်ထက်မှာ ဒီဇင္ဗိုလအလောင်းဟာ ရွှေပန်းတိမ်
သည် ဖြစ်ခဲ့တယ်။ တစ်နေ့မှာ မိန်းမနဲ့ စိတ်ဆိုးနေခိုက် ရဟန္တာတစ်ပါး သူ့အိမ် ကြွလာတယ်။ ရွှေစေတီ
အပြီးမသတ်နိုင်လို့ ရွှေလှူဖို့ ပြောတဲ့အခါ 'ဒီလောက်တောင် မပြီးနိုင်တဲ့စေတီ ရေထဲမျှောပစ်' လို့ ပြောခဲ့
တယ်တဲ့။ အဲဒီ ဝစီကံအကုသိုလ်ကြောင့် ခုနစ်ဘဝတိုင်တိုင် မွေးစမှာ ရေမျှောခံခဲ့ရပါတယ်။ ဒါ နောက်ဆုံး
အကြိမ် အမျှောခံရခြင်းပါပဲ။

အဲဒီလို ဂင်္ဂါမြစ်ထဲ မျှောလိုက်တဲ့အခါ ရှင်မဟာကစ္စည်းမထေရ်ရဲ့ ဆွမ်းဒကာမတစ်ဦးက ရရှိသွား
တယ်။ မွေးစမှာ ကိုယ်စန် အညစ်အကြေးတွေ မသုတ်သင်ရလို့ ဆံပင်မှာ ကပ်ငြိနေတာနဲ့ သူ့ဆံပင်ဟာ
ရသေ့ဆံကျစ်လို ဖြစ်နေတယ်တဲ့။ ဒါကြောင့် သူ့မွေးစားအမေက 'ဇင္ဗိုလ' လို့ နာမည်ပေးထားတယ်။ ဇင္ဗိုလ
ဆိုတာ ရသေ့ဆံကျစ်လို့ အဓိပ္ပါယ်ရပါတယ်။

ဇင္ဗိုလလေး ပြေးနိုင်လွှားနိုင် ဆော့ကစားနိုင်တဲ့အရွယ် ရောက်တဲ့အခါကျတော့ မွေးစားအမေက
ရှင်မဟာကစ္စည်းထံ အပ်နှံပြီးတော့ ရှင်ပြုပေးဖို့ လျှောက်ထားတယ်။ ရှင်မဟာကစ္စည်းက လောကီစည်းစိမ်

ခံစားဖို့ ဘုန်းကံရှိသူမှန်း သိတော်မူပါတယ်။ ဒါကြောင့် ရှင်မပြုသေးဘဲ တက္ကသိုလ်ပြည်က ဒကာသူကြွယ် တစ်ဦးထံ ခေါ်သွားပြီး အပ်နှံထားတယ်။ သူကြွယ်ကလည်း လက်ခံမွေးစားထားပါတယ်။

အဲဒီ သူကြွယ်အိမ်မှာ လွန်ခဲ့တဲ့ ၁၂-နှစ်လောက်ကစပြီး မရောင်းရဘဲ စုပုံနေတဲ့ ပစ္စည်းတွေ ရှိတယ်။ တစ်နေ့မှာ အဲဒီ သူကြွယ် ခရီးသွားနေခိုက် ဇဋိလကို စုပုံနေတဲ့ပစ္စည်းတွေ ရောင်းထားခိုင်းတဲ့အခါ ၁၂-နှစ် လုံးလုံး မရောင်းရတဲ့ ပစ္စည်းတွေဟာ မြို့စောင့်နတ်တွေရဲ့ စောင်မမှုကြောင့် တစ်နေ့တည်းနဲ့ ရောင်းကုန် သွားပါတယ်။ အဲဒါကို သူကြွယ်သိရတဲ့အခါ အလွန်သဘောကျပြီး သူ့သမီးနဲ့ ပေးစားလိုက်တယ်။ သမီးနဲ့ သမက်နေဖို့ဆိုပြီး အိမ်သစ်ဆောက်ပေးတယ်။ အဲဒီအိမ်သစ်ပြီးလို့ ဇဋိလတို့ အိမ်ပေါ် တက်ဖို့ လှေကားထစ် ကို နင်းတယ်ဆိုရင်ပဲ အိမ်နောက်ဘက်မှာ အတောင် ၈၀-မြင့်တဲ့ ရွှေတောင်ကြီး ပေါက်လာတယ်တဲ့။

ဒီလို ရွှေတောင်ကြီး ပေါက်လာတာကတော့ စောစောက ပြောခဲ့တဲ့အတိုင်းပါပဲ။ ကဿပမြတ်စွာ ဘုရားလက်ထက် ရွှေပန်းတိမ်သည်ဘဝမှာ စေတီတော်ကို ပြစ်မှားမိလို့ ရဟန္တာမထေရ်မြတ်ရဲ့ ညွှန်ကြားချက် အတိုင်း ရွှေစေတီကို ရွှေပန်းခိုင်သုံးခိုင်စီပါတဲ့ ရွှေပန်းအိုးသုံးလုံး လှူဒါန်းပြီး ဝန်ချကန်တော့ခဲ့ပါတယ်။ အဲဒီ ကုသိုလ်ကြောင့် ရွှေတောင်ကြီး ပေါက်ရခြင်းပါပဲတဲ့။

အဲဒီလို ဇဋိလအိမ်မှာ ရွှေတောင်ပေါက်တဲ့သတင်း ဘုရင့်နား ပေါက်ကြားသွားတဲ့အခါ ဘုရင်က သူ့ကို သူဌေးရာထူး ခန့်လိုက်တယ်။ ဇဋိလသူဌေးဟာ နှစ်အတော်ကြာတဲ့အခါ သားသုံးယောက် ထွန်းကား

လာတယ်။ အဲဒီအခါ ဇဋိလဟာ လူ့ဘောင်ငြီးငွေ့ပြီး ရဟန်းပြုချင်လာတယ်။ ဒါနဲ့ သူ့လို စည်းစိမ်ရှင်သူဌေး ရှိ-မရှိ၊ သူ့လို သူဌေးမျိုး ရှိ-မရှိ၊ သူ့ကျေးကျွန်များကို စုံစမ်းခိုင်းတယ်။ စုံစမ်းသူများက ဇောတိက သူဌေး၊ မေဏ္ဍက သူဌေးတို့ရဲ့ ချမ်းသာပုံတွေကို ပြန်ပြောပြတယ်။ အဲဒီအခါ ဇဋိလသူဌေးက ဘုရင့်ထံမှာ ရဟန်းပြုခွင့် တောင်းပါတယ်။ အခွင့်ရတဲ့အခါ သားသုံးယောက်ကိုခေါ်ပြီး ဘုန်းကံ စမ်းပါတယ်။


စမ်းပုံကတော့ ရှေးဦးစွာ သားကြီးကို ပေါက်ချွန်းအပ်ပြီး ရွှေတောင်ကို ပေါက်ခိုင်းတယ်။ သားကြီး ပေါက်တဲ့အခါ ရွှေတောင်ဟာ အရာတောင် မထင်ဘူးတဲ့။ တစ်ခါ သားလတ်ကို ပေါက်ချွန်းအပ်ပြီး ရွှေတောင်ကို ပေါက်ခိုင်းပြန်တယ်။ သားလတ် ပေါက်တဲ့အခါလည်း ရွှေတောင်က အရာတောင် မထင်ပြန်ဘူးတဲ့။ ဒါနဲ့ နောက်ဆုံး သားငယ်ကို အပေါက်ခိုင်းပါတယ်၊ အဲ . . သားငယ် ပေါက်ချွန်းနဲ့ ပေါက်တဲ့အခါကျတော့ ရွှေတွေ အတုံးလိုက် အတစ်လိုက် ပဲ့ကျလာတယ်တဲ့။

ဒီလို ဖြစ်ရတာ ဘာကြောင့်လဲဆိုတော့ သူပြုခဲ့တဲ့ ကံကြောင့်ပါပဲတဲ့။ ကဿပ မြတ်စွာဘုရားရှင် လက်ထက်မှာ ဇဋိလအလောင်း ရွှေပန်းတိမ်သည်ဖြစ်တဲ့အခါ အခု သားသုံးယောက်ဟာ ပန်းတိမ်သည်ရဲ့ သားသုံးယောက်ပင် ဖြစ်ခဲ့ဖူးတယ်တဲ့။ ဖခင် ပန်းတိမ်သည်က ရွှေစေတီကို ကန်တော့ဖို့ ရွှေပန်းအိုး ပြုလုပ်

---

[၂၀] ဇဋိလသည် ကဿပဘုရားရှင်လက်ထက် ရွှေပန်းတိမ်သည်ဘဝတွင် ရွှေစေတီအား ရွှေပန်းခိုင်သုံးခိုင်စီပါသော ရွှေပန်းအိုးသုံးလုံးကို လှူဒါန်း၍ ရှိခိုးကန်တော့နေပုံ။

http://www.dhammadownload.com



http://www.dhammadownload.com

တဲ့အခါ သားကြီးနဲ့သားလတ်တို့က ဝိုင်းပြီး မကူညီကြဘူးတဲ့။ သားငယ်ကသာ ဝိုင်းဝန်းကူညီ လုပ်ကိုင်ပေးခဲ့တယ်။ ဒါကြောင့် အခုဘဝ သူဌေးသားများဖြစ်လာတဲ့အခါ သားကြီးနဲ့ သားလတ်တို့ဟာ ရွှေတောင်ကို ပေါက်ချွန်းနဲ့ ပေါက်မရခြင်းပါပဲ။ အဲဒီလို ဘုန်းကံစမ်းပြီးနောက် သားကြီးနဲ့သားလတ်ကို ညီငယ်နဲ့မခွဲဘဲ ညီငယ်ရဲ့ ဘုန်းကံရိပ်ကိုမှီပြီးတော့ နေကြဖို့ မှာကြားတယ်။ ဒီနောက် ဇဋိလသူဌေးဟာ ရဟန်းပြုသွားပါတယ်။ ရဟန်းဖြစ်ပြီး မကြာမီပဲ ကိလေသာ အာသဝေါ ကုန်ခန်းပြီး ရဟန္တာဖြစ်သွားတယ်တဲ့။

ဒီလို ဇဋိလမထေရ် ရဟန္တာဖြစ်သွားတာကို သီတင်းသုံးဖော် ရဟန်းတော်များက မသိကြဘူးတဲ့။ မသိကြလို့လည်း အခါတစ်ပါးမှာ ဇဋိလမထေရ်အပေါ် အထင်မှားပြီး မြတ်စွာဘုရားကို လျှောက်ထားကြတယ်တဲ့။

ဘယ်လိုလဲဆိုတော့ အခါတစ်ပါးမှာ ဘုရားအမှူးရှိတဲ့ သံဃာတော်ငါးရာတို့ဟာ တက္ကသိုလ်ပြည်တွင်းမှာ ဆွမ်းခံ လှည့်လည်တော်မူကြပါတယ်။ အဲဒီ သံဃာတော်တွေထဲမှာ ဇဋိလမထေရ်လည်း ပါဝင်တယ်။ အဲ . ဘုရားအမှူးရှိတဲ့ သံဃာတော်တွေ ဇဋိလမထေရ်ရဲ့ သားများနေတဲ့ အိမ်နားရောက်တော့ သားသုံးယောက်က ဘုရားအမှူးရှိတဲ့ သံဃာတော်ငါးရာကို အိမ်ပေါ်ပင့်ပြီးတော့ ၁၅-ရက်တိုင်တိုင် ဆွမ်းလုပ်ကျွေး

[၂၁] ဇဋိလ၏ သားသုံးယောက်တို့က ဘုရားအမှူးရှိသော သံဃာတော် (ဇဋိလမထေရ်အပါအဝင်) တို့အား အိမ်သို့ ပင့်ကာ ၁၅-ရက်တိုင်တိုင် ဆွမ်းလုပ်ကျွေးခဲ့ကြပုံ။

http://www.dhammadownload.com



http://www.dhammadownload.com


ကြတယ်တဲ့။ အဲဒီ ဆွမ်းကျွေးပွဲကြီးပြီးလို့ ကျောင်းတော်ပြန်ရောက်တဲ့အခါကျတော့ သီတင်းသုံးဖော် သံဃာတော်တွေက ဇဋိလမထေရ်ကို ဝိုင်းပြီးမေးကြတယ်။ 'ဘယ့်နှယ်လဲ ငါ့ရှင် ဇဋိလ၊ သင့်အိမ်ပြန်ရောက်ပြီး သားသမီးတွေ မယားဟောင်းတွေ ရွှေတောင်ကြီးတွေ ပြန်မြင်ရတော့ သင့်မှာ နှစ်သက်တဲ့စိတ်များ ပြန်မဖြစ်ပေဘူးလား' လို့ မေးကြတယ်တဲ့။

အဲဒီအခါ ဇဋိလမထေရ်က 'ငါ့ရှင်တို့ ငါ့မှာ နှစ်သက်တဲ့ တဏှာလည်း မဖြစ်ပါဘူး၊ ငါ သူဌေးပဲဆိုတဲ့ မာန်မာနလည်း မရှိပါဘူး' လို့ ဖြေကြားတော်မူပါတယ်။ တဏှာမာန မဖြစ်တော့ဘူးလို့ ပြောတာဟာ ရဟန္တာဖြစ်ပြီလို့ ပြောတာနဲ့ အတူတူပါပဲတဲ့။


ဒါကြောင့် ရဟန်းတော်များက 'ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ ဇဋိလမထေရ်ဟာ ရဟန္တာမဟုတ်ပါဘဲနဲ့ ရဟန္တာအဖြစ်ကို ဝန်ခံစကား ပြောကြားလို့နေပါတယ်ဘုရား' လို့ မြတ်စွာဘုရားကို လျှောက်ထားကြတယ်။ အဲဒီလို လျှောက်ထားကြတာကလည်း ဇဋိလမထေရ် ရဟန္တာဖြစ်နေမှန်း တကယ်မသိလို့ လျှောက်ထားကြခြင်းပါတဲ့။

ဒီတော့ မြတ်စွာဘုရားက 'ချစ်သားတို့၊ ငါ့သားတော် ဇဋိလဟာ အမှန်ကို အမှန်အတိုင်း ပြောကြား

---

[၂၂] ရဟန်းတော်များက 'ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ ဇဋိလမထေရ်ဟာ ရဟန္တာမဟုတ်ပါဘဲ ရဟန္တာအဖြစ်ကို ဝန်ခံစကားပြောကြားနေပါတယ်ဘုရား' ဟု လျှောက်ထားနေကြပုံ။

http://www.dhammadownload.com



http://www.dhammadownload.com



နေခြင်း ဖြစ်ပေတယ်။ ချစ်သားတို့၊ ခြောက်ဒွါရ၌ မှီပြီးဖြစ်တဲ့ တဏှာခြောက်ပါးနဲ့ ဘဝသုံးပါး အပြီးတိုင် ကင်းငြိမ်းတဲ့သူဟာ ရဟန္တာဖြစ်ပါတယ်' ဆိုတဲ့ အကြောင်းကို ယခုလို ဖြေရှင်းဟောကြားတော်မူခဲ့ပါတယ်တဲ့။

ယောမ တဏှံ ပဟန္တွာန၊ အနာဂါရော ပရိဗ္ဗဇေ။
တဏှာဘဝ ပရိက္ခီဏံ၊ တမဟံ ဗြူမိ ဗြာဟ္မဏံ။

ဘိက္ခဝေ၊ ရဟန်းတော်များ အိုချစ်သားတို့။ ဣဓ၊ လူတို့နေရာ ဤကမ္ဘာမြေလောက၌။ ယော ပုဂ္ဂလော၊ ကျားမ မဟူ မည်သူမဆို ဝိပဿနာရှုမှတ်နေတဲ့ အကြင်ယောဂီပုဂ္ဂိုလ်သည်။ တဏှံ၊ ခြောက်ဒွါရ၌ မှီ၍ဖြစ်သော တဏှာခြောက်ပါးကို။ ပဟန္တွာန၊ အရဟတ္တမဂ်ဖြင့် အကြွင်းမဲ့ ပယ်သတ်ပြီးဖြစ်၍။ အနာဂါရော၊ အိမ်ရာတည်ထောင် လူ့ဘောင်၌ မနေတော့ဘဲ။ ပရိဗ္ဗဇေ၊ ရဟန်းဘောင်ရောက်အောင် ထွက်မြောက်၍ သွား၏။ တဏှာဘဝ ပရိက္ခီဏံ၊ တဏှာခြောက်ပါးနဲ့ ဘဝသုံးပါးတို့ ကုန်ခန်းပြီးသော်။ တံ၊ ထိုကဲ့သို့သော ပုဂ္ဂိုလ်မျိုးကို။ ဗြာဟ္မဏန္တိ၊ မကောင်းမှုကို အပပြုပြီးသော ရဟန္တာအရှင်မြတ်ဟူ၍။ အဟံ၊ သင်တို့ဆရာ ငါဘုရားသည်။ ဗြူမိ၊ ဟောကြားလိုက်ပါပေသတည်း။ ဗြူမိ၊ တဏှာကင်းကွာ ရဟန္တာပဲရယ်လို့ စွဲမြဲစွာ မှတ်ကြပေရော့ တပ်အပ်သေချာ ဟောကြားလိုက်ပါပေသတည်း။

သာဓု. . . သာဓု. . . သာဓု. . .။

http://www.dhammadownload.com



(၁) စက္ခုဒွါရမှာ မှီပြီးတော့ ဖြစ်တဲ့ ရူပတဏှာ။
(၂) သောတဒွါရမှာ မှီပြီးတော့ ဖြစ်တဲ့ သဒ္ဒတဏှာ။
(၃) ဃာနဒွါရမှာ မှီပြီးတော့ ဖြစ်တဲ့ ဂန္ဓတဏှာ။
(၄) ဇိဝှာဒွါရမှာ မှီပြီးတော့ ဖြစ်တဲ့ ရသတဏှာ။
(၅) ကာယဒွါရမှာ မှီပြီးတော့ ဖြစ်တဲ့ ဖောဋ္ဌဗ္ဗတဏှာ။
(၆) မနောဒွါရမှာ မှီပြီးတော့ ဖြစ်တဲ့ ဓမ္မတဏှာရယ်လို့ ဒီတဏှာ ခြောက်ပါး အပြီးတိုင် ကင်းငြိမ်းမယ်ဆိုရင် ရဟန္တာပါပဲတဲ့။ ကဲ. . လိုက်ဆိုကြပါဦး။

ခြောက်ပါးတဏှာ ကင်းကွာပြတ်တော့၊ ရဟန္တာမြတ် ဖြစ်ပါတယ်။

## တဏှာကင်းရေး - ဝိပဿနာ အလုပ်ပေး

အဲဒီလို တဏှာကင်းကွာ ရဟန္တာဖြစ်အောင် ဘာလုပ်ရမလဲဆိုတော့ ဝိပဿနာအလုပ်ကို ကြိုးစားအားထုတ်ရမယ်တဲ့။ လောကလူသားတွေဟာ အလုပ်တစ်ခုခုကို မလုပ်ဘဲနဲ့ စီးပွားဥစ္စာမရနိုင်သလိုပဲ ဝိပဿနာအလုပ် မလုပ်ဘဲနဲ့တော့ ရဟန္တာမဖြစ်နိုင်ပါဘူး။ ဘာမှမလုပ်ဘဲ ဒီအတိုင်း နေရုံနဲ့လည်း ရဟန္တာ မဖြစ်နိုင်ပါဘူး။ ဒါကြောင့် မြတ်စွာဘုရားရှင်ကိုယ်တိုင်က နိဒါနဝဂ္ဂ သံယုတ်ပါဠိတော်မှာ. . .

http://www.dhammadownload.com



နယိဒံ သီထိလ မာရဗ္ဘ နယိဒံ အပ္ပေန ထာမသာ။
နိဗ္ဗာနံ အဓိကန္တဗ္ဗံ သဗ္ဗဒုက္ခ ပမောစနံ. . လို့ ဟောထားပါတယ်။

အဓိပ္ပါယ်ကတော့ ဆင်းရဲဒုက္ခအပေါင်းမှ လွတ်မြောက်ရာဖြစ်တဲ့ နိဗ္ဗာန်ကို ရော့တိရော့ရဲ နည်းနည်းပါးပါး အားထုတ်ရုံနဲ့တော့ မရနိုင်ပါဘူးတဲ့။ ဆိုလိုတာက အားမထုတ်ဘဲနဲ့ မရနိုင်ဘူး။ အားထုတ်တာတောင် ပြင်းပြင်းထန်ထန် အားထုတ်မှ ရနိုင်မယ်တဲ့။ ကဲ. . လိုက်ဆိုကြပါဦး။

ရဟန္တာဖြစ်အောင် ဘယ်တရားကို၊ ကြိုးစားအားထုတ် ကျင့်ရမယ်။
ဝိပဿနာခေါ် မြတ်တရားကို၊ ကြိုးစားကျင့်မှ ဖြစ်ပါမယ်။

http://www.dhammadownload.com

# " ဝိပဿနာ ဆိုတာ "

ဝိပဿနာတရား အားထုတ်မှ ရဟန္တာဖြစ်မယ်ဆိုတော့၊ 'ဝိပဿနာ' ဆိုတာ ဘာလဲလို့ သိဖို့ လိုပါတယ်။ ဝိပဿနာဆိုတာ 'အနိစ္စာ ဒိဝသေ - နဝိဝိဒါကရေန ပဿတီတိ ဝိပဿနာ' ဆိုတဲ့အတိုင်း စာသဘောအရ ပြောရမယ်ဆိုရင် 'အနိစ္စ' စသည်တို့၏ အစွမ်းဖြင့် အထူးထူးသော အခြင်းအရာအားဖြင့် ရှုရတာဟာ ဝိပဿနာပါပဲတဲ့။

အလုပ်သဘောအရ ပြောရရင်တော့ 'မြင်တိုင်း၊ ကြားတိုင်း၊ နံတိုင်း၊ စားတိုင်း၊ ထိတိုင်း၊ တွေးတိုင်း၊ ကိုယ်အမူအရာ လှုပ်ရှားတိုင်း' ထင်ရှားရှိနေတဲ့ ရုပ်သဘော နာမ်သဘောတွေကို ပစ္စုပ္ပန်တည့်တည့် ရှုမှတ်တာဟာ ဝိပဿနာပါပဲ။

## ဦးဇင်းတို့ရဲ့အကြိုက် ဝိပဿနာရှုနည်း

ဒီတော့ ဝိပဿနာ ရှုရမယ်ဆိုတာတော့ ဟုတ်ပါပြီ။ မြန်မာပြည်မှာ ဝိပဿနာ အားထုတ်နည်းတွေက များစွာရှိနေလေတော့ ဘယ်နည်းနဲ့များ အားထုတ်ရမလဲလို့ မေးစရာရှိပါတယ်။ အဲဒီလို မေးရင်တော့ ညီးမှန်လမ်းမှန်ဆိုရင် ကြိုက်တဲ့နည်းနဲ့ အားထုတ်ပါလို့ ပြောရမှာပဲ။

http://www.dhammadownload.com



ဒါပေမယ့် ဦးဇင်းတို့ရဲ့အကြိုက် ပြောရရင်တော့ 'မဟာစည်နည်းလမ်းကို လိုက်ကြပါ' လို့ပဲ ပြောလိုပါတယ်။

ဘာကြောင့်လဲဆိုရင် အမှန်က 'မဟာစည်နည်း၊ မဟာစည်နည်း' ဆိုပေမယ့် မဟာစည်ဆရာတော်က မိမိသဘောအတိုင်း ကျမ်းဂန်လွတ် ထင်ရာမြင်ရာတွေ လျှောက်ပြောထားတဲ့နည်း မဟုတ်ပါဘူး။ ဘုရားဟောနည်းအတိုင်းပါပဲ။

ပါဠိတော်နဲ့တကွ အဋ္ဌကထာတွေမှာ လာတဲ့နည်းတွေကို ကိုယ်တွေ့နဲ့ ယှဉ်ဟပ်ပြီးတော့ ခေတ်လူတွေ နားလည်နိုင်အောင် အလွယ်ကူဆုံး ရပ်သုံးရွာသုံးစကားဖြင့် ကျေးဇူးရှင် ဆရာတော်ဘုရားကြီးက ဘာသာပြန်ပြထားတဲ့ နည်းပါပဲ။

အထူးသဖြင့် မြတ်စွာဘုရားရှင်ကိုယ်တော်တိုင် ပါဠိဘာသာနဲ့ ဟောထားတဲ့ မဟာသတိပဋ္ဌာနသုတ်တော်ကြီးမှာပါတဲ့ တရားအားထုတ်ပုံ အားထုတ်နည်းတွေကို အလွယ်ကူဆုံး ဘာသာပြန်ပြီးတော့ ကိုယ်တွေ့နဲ့ယှဉ်ဟပ်ကာ ပြန်လည်ညွှန်ပြထားတဲ့ နည်းပါပဲ။

ဒါကြောင့် 'မဟာစည်နည်း၊ မဟာစည်နည်း' လို့ ပြောနေပေမယ့် မြတ်စွာဘုရားရဲ့ နည်းဖြစ်နေလို့ မဟာစည်နည်းကို လိုက်ကြပါလို့ ပြောရခြင်းပါပဲ။ ကဲ. . ဆိုကြရအောင်။

ဝိပဿနာ အလုပ်စခန်းမှာ၊ မဟာစည်နည်းလမ်း လိုက်သင့်တယ်။
ဖောင်းပိန်ကိုသာ အခြေခံပြုလို့၊ ထင်ရှားရုပ်နာမ် ရှုခိုင်းတယ်။

http://www.dhammadownload.com


## မဟာစည် ဝိပဿနာ အားထုတ်နည်း

မဟာစည် ဝိပဿနာ အားထုတ်နည်းလို့ ပြောလိုက်တာနဲ့ 'ဖောင်းပိန်' မှတ်ရတဲ့ နည်းပါလို့ လွယ်လွယ်ပြောတတ်ကြတယ်။ ဒါကတော့ ကိုယ်တိုင်အားမထုတ်ဖူးတဲ့ ပုဂ္ဂိုလ်တွေရဲ့ အထင်နဲ့အပြောပါပဲ။ အမှန်ကတော့ မဟာစည်နည်းဟာ ဒွါရခြောက်ပါးလုံးမှာ ထင်ရှားတဲ့ ဖြစ်ခိုက်ရုပ်နာမ်ကို အကုန်မပြတ် ရှုမှတ်ရတာပါပဲ။ ဖောင်းတာ ပိန်တာ မှတ်ခိုင်းတာကတော့ အားထုတ်စ ပုဂ္ဂိုလ်များအတွက် အခြေခံအမှတ်၊ ပင်တိုင်အမှတ်အနေနဲ့ မှတ်ခိုင်းတာ ဖြစ်ပါတယ်။ ဘာမှ ထွေထွေထူးထူး မှတ်စရာမရှိတဲ့အခါ မှတ်ရတဲ့ အမှတ်ပါပဲ။

ဒါကြောင့် အခုအချိန်ကစပြီး ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီးရဲ့ မှတ်ပုံမှတ်နည်းတွေကို မကျဉ်းမကျယ် ဖော်ပြသွားပါ့မယ်။

### ရှေးဦးပြုဖွယ်

ဝိပဿနာအားထုတ်မယ့် ပုဂ္ဂိုလ်ဟာ လူပုဂ္ဂိုလ်ဖြစ်မယ်ဆိုရင် ရှေးဦးစွာ လူနဲ့ဆိုင်တဲ့ သီလကို ဆောက်တည်ထားရပါတယ်။ ရဟန်းတော်ဖြစ်မယ်ဆိုရင်လည်း ရဟန်းဆိုင်ရာ သီလကို စင်ကြယ်စေရတယ်။ အဲဒီနောက် ဆိတ်ငြိမ်ရာအရပ်သို့ ဖြစ်စေ၊ သစ်ပင်အောက်သို့ဖြစ်စေ၊ တောထဲသို့ဖြစ်စေ ကပ်ရောက်ပြီး နေရာယူရပါတယ်။

http://www.dhammadownload.com


## "ထိုင်မှတ်ပုံ"

ထိုင်တဲ့အခါ တင်ပျဉ်ခွေဖြစ်စေ၊ မိန်းမထိုင်ဖြစ်စေ၊ ကြာကြာထိုင်နိုင်မယ့် အထိုင်တစ်မျိုးမျိုးနဲ့ဖြစ်စေ ထိုင်ရပါတယ်။ 'မိမိရဲ့သီလဟာ မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို အထောက်အပံ့ ဖြစ်ပါစေလို့' လည်း စိတ်က ညွှတ်ထားရပါမယ်။

တရားမထိုင်ခင် မိမိခန္ဓာကိုယ်ကို မြတ်စွာဘုရားအား လှူထားချင်ရင်လည်း လှူထားနိုင်ပါတယ်။ နောက်ပြီး ကိုယ်စောင့်နတ်၊ တောစောင့်နတ်၊ တောင်စောင့်နတ် စသည်တွေကိုလည်း မေတ္တာပို့ထားရပါမယ်။

အဲဒီနောက် မျက်စိမှိတ်ထား၊ အသက်ကို မှန်မှန်ရှူ၊ စိတ်က ဝမ်းဗိုက်ကို အာရုံပြုထားပါ။ အသက်ရှူသွင်း ရှူသွင်းတိုင်း ဝမ်းဗိုက်ဖောင်းတက်လာတဲ့အခါ ဖောင်းတာကို အာရုံပြုပြီးတော့ 'ဖောင်းတယ်' လို့ မှတ်ပါ။ အသက်ရှူထုတ်တိုင်း ရှူထုတ်တိုင်း၊ ဝမ်းဗိုက် ပိန်ကျသွားတဲ့အခါ ပိန်တာကို အာရုံပြုပြီးတော့ 'ပိန်တယ်' လို့ မှတ်ပါ။ စိတ်နဲ့သာ မှတ်ပါ။ နှုတ်က လိုက်ဆိုစရာ မလိုပါဘူး။ နောက်ပြီး ဖောင်းအောင် ပိန်အောင်ဆိုပြီးတော့ အသက်ကိုလည်း တမင်ပြင်းပြင်းမရှူပါနဲ့။ မှတ်တဲ့အခါမှာလည်း တကယ်ဖောင်းမှသာ ဖောင်းတယ်လို့ မှတ်ပါ။ တကယ်ပိန်မှသာ ပိန်တယ်လို့ မှတ်ပါ။

ဒီတော့ မှတ်ရတဲ့ အမှတ်ဟာ 'ဖောင်းတယ် ပိန်တယ်၊ ဖောင်းတယ် ပိန်တယ်' ဖြစ်ပါတယ်။ အသက်ရှူမြန်ရင် 'ဖောင်းတယ် ပိန်တယ်' ဒီနှစ်ချက်သာ မှတ်ပါ။

အသက်ရှူ နည်းနည်းနှေးရင်တော့ မိမိထိုင်နေတဲ့အမူအရာကိုပါ အာရုံပြုပြီးတော့ 'ထိုင်တယ်' လို့

http://www.dhammadownload.com



ထည့်မှတ်ပါ။ ဒီတော့ အမှတ်ဟာ 'ဖောင်းတယ်၊ ပိန်တယ်၊ ထိုင်တယ်' သုံးချက် ဖြစ်ပါတယ်။

အသက်ရှူ သိပ်နှေးရင်တော့ အထိအများဆုံးနေရာကိုပါ အာရုံပြုပြီးတော့ 'ထိတယ်' လို့ မှတ်ပါ။ ဒီတော့ အမှတ်ဟာ 'ဖောင်းတယ်-ပိန်တယ်၊ ထိုင်တယ်-ထိတယ်' လေးချက် ဖြစ်လာတယ်။ ဘာမှ ထွေထွေထူးထူး မှတ်စရာမရှိတဲ့အခါမှာ ဒီ ဖောင်းမှု ပိန်မှု ထိုင်မှု ထိမှုတွေကိုပဲ မပြတ်ရှုမှတ်ရပါတယ်။

အဲဒီလို မှတ်နေတုန်း တစ်နေရာရာက နာလာမယ်၊ ကျင်လာမယ်၊ ကိုက်လာမယ်၊ ယားလာမယ် ဆိုရင် နာတဲ့သဘော၊ ကျင်တဲ့သဘော စသည်ကို အာရုံပြုပြီးတော့ 'နာတယ်၊ ကျင်တယ်၊ ကိုက်တယ်၊ ယားတယ်' စသည်ဖြင့် အရပ်စကားနဲ့ပဲ မှတ်ပါ။ 'လက်၊ ခြေ၊ ခေါင်း၊ ပေါင်' စတဲ့ ပုံသဏ္ဌာန်တွေကို ထည့်မမှတ်ပါနဲ့။ နာတာ ကျင်တာ ပျောက်သွားရင် ပင်တိုင်အမှတ်ဖြစ်တဲ့ 'ဖောင်းတယ်၊ ပိန်တယ်၊ ထိုင်တယ်၊ ထိတယ်' ကို ပြန်မှတ်ပါ။ နာတာ၊ ကျင်တာ၊ ကိုက်တာ၊ ယားတာတွေကို မှတ်လို့ မပျောက်တာနဲ့ နေရာပြင်ချင်ရင် 'ပြင်ချင်တယ် ပြင်ချင်တယ်၊ ပြင်တယ် ပြင်တယ်' လို့ မှတ်။ ယားတာ မပျောက်လို့ ကုတ်ချင်ရင်လည်း 'ကုတ်ချင်တယ် ကုတ်ချင်တယ်၊ ကုတ်တယ် ကုတ်တယ်' လို့ စသည်ဖြင့် အရပ်သုံးအတိုင်းပဲ မှတ်ပါ။ နေရာပြင်ထိုင်ရင်လည်း 'ပြင်တယ်၊ ရွှေ့တယ်' စသည်ဖြင့် မှတ်ပါ။

တံတွေး ထွေးချင်ရင် 'ထွေးချင်တယ်' မှတ်။ ထွေးရင် 'ထွေးတယ်' မှတ်။ တံတွေးမျိုချင်ရင် 'မျိုချင်တယ်' မှတ်။ မျိုရင် 'မျိုတယ်' မှတ်။ ဘာမှ မှတ်စရာမရှိရင် ပင်တိုင်အမှတ်ဖြစ်တဲ့ 'ဖောင်းတယ်၊ ပိန်တယ်၊ ထိုင်တယ်၊ ထိတယ်' ကို ပြန်မှတ်ပါ။

http://www.dhammadownload.com



ဒီလိုမှတ်နေရာက စိတ်က တခြားကို ရောက်သွားမယ်ဆိုရင် 'ရောက်တယ် ရောက်တယ်' လို့မှတ်။ စိတ်ကူးရင် 'စိတ်ကူးတယ် စိတ်ကူးတယ်' လို့ မှတ်။ စိတ်ကူးထဲမှာ တစ်ယောက်ယောက်နဲ့ တွေ့ရင်လည်း 'တွေ့တယ် တွေ့တယ်' လို့မှတ်။ စိတ်ဆိုးရင် 'ဆိုးတယ် ဆိုးတယ်' လို့ မှတ်။ ပျော်ရင် 'ပျော်တယ် ပျော်တယ်' လို့ မှတ်။ ပျင်းရင် 'ပျင်းတယ် ပျင်းတယ်' လို့မှတ်။ စိတ်ထဲမှာ ရှိသမျှ အကုန်မှတ်ပါ။ ဘာမှ မှတ်စရာမရှိရင် အခြေခံဖြစ်တဲ့ 'ဖောင်းတယ်၊ ပိန်တယ်၊ ထိုင်တယ်၊ ထိတယ်' ကို ပြန်မှတ်ပါ။

အဲဒီလို မှတ်နေရာက မျက်စိထဲမှာ တစ်ခုခုမြင်လာရင် မြင်တာကို အာရုံပြုပြီးတော့ 'မြင်တယ် မြင်တယ်' လို့ မှတ်ပါ။ မြင်တာပျောက်သွားရင် အခြေခံအမှတ်ဖြစ်တဲ့ 'ဖောင်းမှု၊ ပိန်မှု၊ ထိုင်မှု၊ ထိမှု' တွေကို အာရုံပြုပြီးတော့ 'ဖောင်းတယ်၊ ပိန်တယ်၊ ထိုင်တယ်၊ ထိတယ်' ပြန်မှတ်ပါ။

အဲဒီလို မှတ်နေရာက နားထဲမှာ ထူးထူးခြားခြားကြားရင် ကြားတာကို အာရုံပြုပြီးတော့ 'ကြားတယ် ကြားတယ်' လို့မှတ်ပါ။ နှာခေါင်းထဲမှာ အနံ့တစ်ခုခု နံလာရင်လည်း နံတာကို အာရုံပြုပြီးတော့ 'နံတယ် မွှေးတယ်' စသည်ဖြင့် အရပ်သုံးစကားအတိုင်း မှတ်ပါ။ ကြားတာ နံတာ ပျောက်သွားရင် မူလမှတ်နေကျ အတိုင်း 'ဖောင်းတယ် ပိန်တယ်' စသည်ဖြင့် ပြန်မှတ်ပါ။ အခုပြောခဲ့တာတွေကတော့ ထိုင်တဲ့အခါ မှတ်ပုံ မှတ်နည်းတွေပါပဲ။

## ရပ်ရာ သွားရာမှာ မှတ်ပုံ

ထိုင်မှတ်နေရာက ထချင်လာရင် 'ထချင်တယ် ထချင်တယ်' လို့မှတ်။ ထတဲ့အခါ ခန္ဓာကိုယ်က တဖြည်းဖြည်း ကြွတက်လာတဲ့ အမူအရာကို အာရုံပြုပြီးတော့ 'ထတယ် ထတယ်' လို့ မှတ်ပါ။ ရပ်တဲ့အခါ 'ရပ်တယ်' လို့ မှတ်။

လှမ်းချင်ရင် 'လှမ်းချင်တယ် လှမ်းချင်တယ်' လို့ မှတ်။ လှမ်းရင် 'လှမ်းတယ် လှမ်းတယ်' လို့ မှတ်။ ဒါမှမဟုတ် 'ဗယ်လှမ်းတယ်၊ ညာလှမ်းတယ်' မှတ်ပါ။ ဒါမှမဟုတ်ရင်လည်း ခြေကြွရင် 'ကြွတယ်'၊ လှမ်းရင် 'လှမ်းတယ်' လို့မှတ်။ ဒီလို 'ကြွတယ် လှမ်းတယ်' နှစ်ချက်မှတ်နိုင်ရင် ခြေကြွတာ လှမ်းတာ ခြေချတာကို အာရုံပြုပြီးတော့ 'ကြွတယ်၊ လှမ်းတယ်၊ ချတယ်' သုံးချက်မှတ်ပါ။ သုံးချက်မှတ်နိုင်လာရင် ဒါမှမဟုတ် စိတ်အထွက်များလာရင် ကြွတာ၊ လှမ်းတာ၊ ချတာ၊ ထိတာကိုပါ အာရုံပြုပြီးတော့ 'ကြွတယ်၊ လှမ်းတယ်၊ ချတယ်၊ ထိတယ်' လို့ လေးချက်မှတ်ပါ။

အဲဒီလို အမှတ်နဲ့သွားနေရာက ရပ်ရင် 'ရပ်တယ် ရပ်တယ်' လို့ မှတ်ပါ။ လှည့်ချင်ရင် 'လှည့်ချင်တယ် လှည့်ချင်တယ်'၊ 'လှည့်ရင် လှည့်တယ်' လို့ မှတ်။ မှတ်တဲ့အခါ ကိုယ်အမူအရာကို အာရုံပြုပြီးတော့ စိတ်နဲ့သာ မှတ်ပါ။ အဲဒီနောက် ဆက်သွားရင် 'ကြွတယ် လှမ်းတယ်' စသည်ဖြင့် ပြန်မှတ်ပါ။

## ရေသောက်ရာ မှတ်ပုံ

ရေသောက်ချင်ရင် 'သောက်ချင်တယ်' မှတ်။ ရေခွက်ဘက်သို့ လက်လှမ်းရင် 'လှမ်းတယ်' မှတ်။ ရေခွက်ကို ကိုင်ရင် 'ကိုင်တယ် ထိတယ်' စသည်ဖြင့် မှတ်။ သောက်ရင် 'သောက်တယ်' မှတ်။ မျိုရင် 'မျိုတယ်' မှတ်။ လည်ချောင်းထဲမှာ အေးသွားရင် 'အေးတယ်' မှတ်။ ရေခွက်ပြန်ထားရင် 'ထားတယ်' မှတ်။ ပြန်သွားရင် 'ကြွတယ်၊ လှမ်းတယ်' စသည်ဖြင့် ပြန်မှတ်ပါ။

## အထိုင်တစ်ပတ် ပြန်မှတ်ပုံ

သွားရင်း မှတ်နေရာက ကြည့်ချင်ရင် 'ကြည့်ချင်တယ်'၊ ကြည့်ရင် 'ကြည့်တယ်'၊ မြင်ရင် 'မြင်တယ်' မှတ်။ ထိုင်ချင်လာရင် 'ထိုင်ချင်တယ်၊ ထိုင်တယ်' လို့ မှတ်။ ထိုင်ရင်လည်း ခန္ဓာကိုယ် တဖြည်းဖြည်း နိမ့်ကျသွားတာကို အာရုံပြုပြီးတော့ 'ထိုင်တယ် ထိုင်တယ်' လို့ မှတ်။ ထိုင်ပြီးလို့ ဆက်မှတ်ချင်ရင် အရင် မှတ်သလိုပဲ 'ဖောင်းတယ် ပိန်တယ်' စသည်ဖြင့် ပြန်မှတ်ပါ။

## မှတ်ရင်း အိပ်ပုံ

ဒီလို မှတ်နေရာက အိပ်ချင်ရင် 'အိပ်ချင်တယ်၊ အိပ်ချင်တယ်' မှတ်။ အိပ်တဲ့အခါ ခန္ဓာကိုယ် တဖြည်းဖြည်း ယိုင်ကျသွားတဲ့အမူအရာကို အာရုံပြုပြီးတော့ 'လှဲတယ်၊ အိပ်တယ်' စသည်ဖြင့် မှတ်။ လက်ထောက်ရင် ထောက်တယ်၊ ခေါင်းအုံးနဲ့ခေါင်း ထိရင် 'ထိတယ်၊ ထိတယ်' လို့ မှတ်ပါ။

အိပ်တဲ့အခါမှာလည်း မှတ်ရင်းနဲ့ပဲ အိပ်ပျော်စေရမယ်။ ဘယ်လိုလဲဆိုတော့ အသက်ကိုမှန်မှန်ရှူ ဝမ်းဗိုက်ကို အာရုံပြုပြီးတော့ ထိုင်မှတ်တုန်းကလိုပါပဲ။ 'ဖောင်းတယ် ပိန်တယ်' လို့ မှတ်။ အသက်ရှူနှေးရင် အိပ်တဲ့နေရာနဲ့ အထိများတဲ့နေရာကိုပါ အာရုံပြုပြီးတော့ 'အိပ်တယ်၊ ထိတယ်' လို့ ထည့်မှတ်၊ ဒီတော့ အမှတ်ဟာ 'ဖောင်းတယ် ပိန်တယ် အိပ်တယ် ထိတယ်' ဖြစ်ပါတယ်။ ဒီကြားထဲ စိတ်ကူးစဉ်းစားမှု၊ နာမှု ကျင်မှု စသည်တွေ ဖြစ်လာရင်လည်း အရင် ထိုင်မှတ်တုန်းကလိုပဲ 'စိတ်ကူးတယ်၊ စဉ်းစားတယ်၊ နာတယ်၊ ကျင်တယ်' စသည်ဖြင့် မှတ်။ ဘာမှ မှတ်စရာမရှိရင် 'ဖောင်းတယ်၊ ပိန်တယ်၊ အိပ်တယ်၊ ထိတယ်' ပြန်မှတ်။ အိပ်ပျော်သွားတဲ့အထိ ဆက်မှတ်သွားပါ။

## အိပ်ရာက နိုးတာ–ထတာကို မှတ်ပုံ

အိပ်ရာက နိုးလာလို့ မျက်စိဖွင့်ချင်ရင် 'ဖွင့်ချင်တယ် ဖွင့်ချင်တယ်'၊ ဖွင့်ရင် 'ဖွင့်တယ် ဖွင့်တယ်'၊ ထချင်ရင် 'ထချင်တယ်'၊ ထရင် 'ထတယ်'၊ ယိမ်းရင် 'ယိမ်းတယ်'၊ လက်ထောက်ရင် 'ထောက်တယ် ထောက်တယ်' စသည်ဖြင့် မှတ်ရပါတယ်။

စားတဲ့အခါ၊ ရေချိုးတဲ့အခါ၊ ကွေးတဲ့အခါ၊ ဆန့်တဲ့အခါတွေမှာလည်း 'ကွေးတယ်၊ ဆန့်တယ်၊ စားတယ်၊ ဝါးတယ်၊ မျိုတယ်၊ ကိုင်တယ်၊ ထိတယ်' စသည်ဖြင့် မပြတ်ရှုမှတ်ရပါတယ်။

## လိုရင်းအချုပ် သတိပဋ္ဌာန် ၄-ပါး

အချုပ်ပြောရရင်တော့ တရားအားထုတ်တဲ့ ယောဂီပုဂ္ဂိုလ်ဟာ အိပ်ပျော်နေချိန်မှတစ်ပါး ကျန်အချိန်တွေမှာ. . .

(၁) ကိုယ်အမူအရာမှန်သမျှ ကြီးကြီးသေးသေး အကုန်မှတ်ရပါတယ်။
(၂) ခံစားမှုမှန်သမျှ ကောင်းကောင်းဆိုးဆိုး အကုန်မှတ်ရပါတယ်။
(၃) စိတ်ကူးတိုင်း ကြံစည်တိုင်း စဉ်းစားတိုင်း ကောင်းတာပဲဖြစ်ဖြစ်၊ မကောင်းတာပဲဖြစ်ဖြစ် အကုန်မှတ်ရပါတယ်။
(၄) စိတ်ထဲမှာထင်လာတဲ့ အာရုံမှန်သမျှ မှတ်ရပါတယ်။

## ကိလေသာ ငြိမ်းပုံ

အဲဒီလို မပြတ်မှတ်သွားရင် မှတ်တိုင်းမှတ်တိုင်း မှတ်စရာ အာရုံပေါ်မှာ ဖြစ်ခွင့်ရရှိတဲ့ အာရမ္မဏာနုသယဖြစ်တဲ့ တဏှာစတဲ့ ကိလေသာတွေဟာ ငြိမ်းငြိမ်းပြီးတော့ သွားပါတယ်။ သန္တာနာနုသယ ဖြစ်တဲ့ ပုဂ္ဂိုလ်သန္တာန်မှာ ကိန်းတဲ့ တဏှာစတဲ့ ကိလေသာတွေကတော့ မငြိမ်းသေးပါဘူး။ သူတို့ကိုတော့ ဆိုင်ရာမဂ်ဉာဏ်တွေကသာ ငြိမ်းစေနိုင်ပါတယ်။ အဲဒီ မဂ်ဉာဏ်တွေရအောင် ဆိုတာမှာလည်း စောစောက ပြောခဲ့တဲ့ အမှတ်တွေကိုပဲ မပြတ်ဆက်လို့ မှတ်သွားပါမှ ဝိပဿနာဉာဏ်စဉ် အဆင့်ဆင့်တက်ပြီးတော့ ရရှိနိုင်ပါတယ်တဲ့။

http://www.dhammadownload.com



## ရုပ် နာမ် ကွဲပုံ

ဘယ်လိုလဲဆိုတော့ 'ဖောင်းတယ် ပိန်တယ်၊ ထိုင်တယ် ထိတယ်' စသည်ဖြင့် မပြတ်ရှုမှတ်နေတဲ့အခါ မှတ်တိုင်းမှတ်တိုင်း မှတ်စရာအာရုံက တခြား မှတ်သိစိတ်က တခြားပဲ။ အာရုံနဲ့ မှတ်သိစိတ် ဒီရုပ်နဲ့နာမ် ၂-မျိုးသာ ရှိတယ်။ ငါ သူတစ်ပါး ယောကျာ်း မိန်းမ ပုဂ္ဂိုလ် သတ္တဝါ မရှိဘူးဆိုတာ မှတ်ဆဲမှာ သိသွားပါလိမ့်မယ်။ 'ဖောင်းတယ်' လို့ မှတ်ရင် ဖောင်းတာက တခြားပဲ၊ 'ပိန်တယ်' လို့ မှတ်ရင်လည်း ပိန်တာက တခြားပဲ။ မြင်တယ်လို့ မှတ်ရင်လည်း မြင်ရတဲ့အာရုံက တခြား၊ မြင်သိစိတ်က တခြားပဲ စသည်ဖြင့် မှတ်တိုင်း မှတ်တိုင်း အာရုံနဲ့ မှတ်သိစိတ် တခြားစီဖြစ်တာကို ကွဲကွဲပြားပြား သိသွားပါလိမ့်မယ်။

## ကြောင်းကျိုးသိပုံ

အဲဒီနောက် အရင်အမှတ်တွေကိုလည်း ဆက်မှတ်သွားတဲ့အခါ မှတ်စရာအာရုံရှိလို့ မှတ်သိစိတ် ဖြစ်တာပဲ၊ မှတ်စရာအာရုံ မရှိရင် မှတ်သိစိတ် မဖြစ်နိုင်ဘူးဆိုတာကို သိလာပါလိမ့်မယ်၊ 'ဖောင်းတယ်' လို့ မှတ်တဲ့အခါ ဖောင်းတာရှိလို့ မှတ်သိစိတ်က မှတ်ရတာပဲ၊ ဖောင်းတာက အရင်ဖြစ်တယ်၊ မှတ်သိစိတ်က နောက်မှ ဖြစ်တယ်။ 'ပိန်တယ်' လို့ မှတ်တဲ့အခါမှာလည်း ပိန်တာကအရင်၊ မှတ်သိစိတ်က နောက်။ 'နာတယ် ကျင်တယ်' စသည်ဖြင့် မှတ်တဲ့အခါတွေမှာလည်း 'နာတာ ကျင်တာ' က အရင်၊ မှတ်သိစိတ်က နောက်မှ ဖြစ်တယ်ဆိုတာကိုလည်း တွေ့တွေ့သွားပါလိမ့်မယ်။ တစ်ခါတရံ 'ဖောင်းမှု ပိန်မှု' စတဲ့ မှတ်စရာအာရုံတွေက

http://www.dhammadownload.com



ပျောက်နေတတ်တယ်။ အဲဒီအခါမှာလည်း 'ဖောင်းတာ ပိန်တာ' မရှိရင် 'ဖောင်းတယ် ပိန်တယ်' လို့ မှတ်ရတဲ့ စိတ် မဖြစ်နိုင်ဘူးဆိုတာ ကိုယ်တွေ့ သိရှိသွားပါလိမ့်မယ်။

'ထချင်တယ် ထတယ်၊ လှည့်ချင်တယ် လှည့်တယ်' စသည်ဖြင့် မှတ်တဲ့အခါမှာလည်း 'ထချင်တဲ့ စိတ်ကြောင့် ထမှုဖြစ်တာပဲ။ လှည့်ချင်တဲ့စိတ်ကြောင့် လှည့်မှုဖြစ်တာပဲ' စသည်ဖြင့် အကြောင်းအကျိုး ဆက်စပ် ဖြစ်ပျက်နေပုံကို သိသိသွားပါလိမ့်မယ်တဲ့။

## ဖြစ်ပျက် - ဆင်းရဲ - သဘောပဲ သိပုံ

ဒီလို အသိဉာဏ်တွေက ပြောင်းလာပေမယ့် အမှတ်ကတော့ မပြောင်းပါဘူး။ အရင်မှတ်နေကျ အတိုင်း 'ဖောင်းတယ် ပိန်တယ်၊ ထိုင်တယ် ထိတယ်၊ မြင်တယ် ကြားတယ်၊ နံတယ်၊ စားတယ်၊ တွေးတယ်၊ နာတယ်၊ ကျင်တယ်၊ သွားတယ်၊ ရပ်တယ်' စသည်ဖြင့် မှတ်ရတာပါပဲ။ အဲဒီလို မှတ်မြဲမှတ်နေလို့ တစ်ဆင့် တက်လာတဲ့အခါ မှတ်စအာရုံရဲ့ အစ၊ အလယ်၊ အဆုံး - သုံးမျိုးစလုံးကို မှတ်ရင်းမှတ်ရင်း သိလာပါလိမ့်မယ်။ 'ဖောင်းတယ်' လို့ မှတ်ရင် စ, ဖောင်းတက်လာတာကိုရော ဆက်ဖောင်းနေတာကိုရော၊ ဖောင်းတာ ရပ်ဆိုင်း သွားတာကိုရော၊ ထင်ထင်ရှားရှား ဉာဏ်မျက်စိနဲ့ တွေ့သွားပါလိမ့်မယ်။ 'နာတာ ကျင်တာ လှုပ်တာ' စသည် တွေကို ရှုမှတ်တဲ့အခါမှာလည်း ဒီအတိုင်းပဲ တွေ့တွေ့သွားပါလိမ့်မယ်။ အဲဒီအခါ မှတ်စရာအာရုံတွေရဲ့ မမြဲတဲ့ သဘောတွေ၊ ဖြစ်လိုက်ပျက်လိုက်နဲ့ ဆင်းရဲတဲ့ သဘောတွေ၊ အနှစ်သာရမရှိတဲ့သဘော အစိုးမရတဲ့သဘော တွေကို မှတ်ရင်းနဲ့ တွေ့တွေ့သွားပြီးတော့ သဘောကျသွားပါလိမ့်မယ်။

http://www.dhammadownload.com



## ဖြစ်ပျက်ဉာဏ် သန်လာပုံ

ဒီထက် သမာဓိအား၊ ဉာဏ်အား ကောင်းလာတဲ့အခါကျတော့ မှတ်စရာအာရုံရဲ့ အစပိုင်းနဲ့ အဆုံးပိုင်းသိတဲ့ အသိဉာဏ်ဖြစ်ပေါ်လာပါလိမ့်မယ်။ 'ဖောင်းတယ်' လို့ မှတ်တဲ့အခါ စ၊ ဖောင်းတာနဲ့ ဖောင်းတာပျောက်သွားတာ ဒီနှစ်ခုကိုသာ သိသွားပါလိမ့်မယ်။ တခြားအမှတ်တွေမှာလည်း ဒီအတိုင်းပါပဲ။ ဒီနေရာ ဒီအဆင့်ကို ရောက်လာရင် အရောင်အလင်းတွေ၊ ပီတိသဘောတွေ စတဲ့ ဝိပဿနာညစ်ညူးကြောင်းတရားတွေဟာ အနည်းနဲ့အများတော့ ပေါ်လာတတ်ပါတယ်။ ယောဂီပုဂ္ဂိုလ်ဟာ မိမိကိုယ်ကိုလည်း အထင်ကြီးလာတတ်ပါတယ်။ အဲဒီသဘောတွေ ဖြစ်လာရင်လည်း 'မြင်ရင် မြင်တယ်၊ နှစ်သက်ရင် နှစ်သက်တယ်၊ စိတ်ချမ်းသာရင် စိတ်ချမ်းသာတယ်' စသည်ဖြင့် စိတ်ထဲမှာ ဖြစ်တဲ့အတိုင်း အကုန်လိုက်ပြီးတော့ ရှုမှတ်ရပါတယ်

## အပျက်ချည်း သိပုံ

ဒီလိုမပြတ် ဆက်မှတ်သွားလို့ ပိုပြီးတော့ သမာဓိအား ဉာဏ်အား ကောင်းလာတဲ့အခါမှာ လက်ခြေ၊ ခေါင်း၊ ဝမ်းဗိုက်စတဲ့ ပညတ်ပုံသဏ္ဍာန်တွေ ပျောက်ပြီးတော့ ပရမတ်စစ်စစ်အာရုံတွေ ပေါ်လာပါလိမ့်မယ်။ ဝိပဿနာဉာဏ်က ထက်မြက်လာပြီး မှတ်စရာ အာရုံတွေကလည်း လျင်မြန်စွာ ထင်လာတဲ့အခါ၊ အာရုံရဲ့အစပိုင်းကို မမှတ်နိုင်တော့ဘဲ ပျောက်သွားတဲ့ ပျက်သွားတဲ့ အဆုံးပိုင်းကိုသာ သိသိသွားတဲ့ အသိဉာဏ်များ ဖြစ်ပေါ်လာပါလိမ့်မယ်။

http://www.dhammadownload.com


## ကြောက်ဖွယ် - အပြစ်တွေ့ - ငြီးငွေ့ပုံ

အဲဒီအခါ ဘာကိုပဲမှတ်မှတ် အာရုံနဲ့ မှတ်စိတ်တို့ဟာ ရှေ့ဆင့်နောက်ဆင့် ပျောက်သွားတာ ပျက်သွားတာချည်း တွေ့တွေ့နေရပါလိမ့်မယ်။ ဒီတော့ ယောဂီရဲ့စိတ်ထဲမှာ ပျောက်ပျောက်သွားတဲ့ ပျက်ပျက်သွားတဲ့သဘော ရုပ်နာမ်တွေကို ကြောက်စရာထင်တဲ့ အသိဉာဏ်၊ အပြစ်မြင်တဲ့ အသိဉာဏ်၊ ငြီးငွေ့စရာပဲလို့ မြင်တဲ့ အသိဉာဏ်တွေဟာ အဆင့်ဆင့် ဖြစ်ပေါ်လာပါလိမ့်မယ်။

## လွတ်ချင် - ဆက်မှတ် - သိမ်မွေ့လတ်၊ ဆိုက်ကပ် - နိဗ္ဗာန် သိပုံ

အဲဒီလို သဘောရုပ်နာမ်အပေါ် ငြီးငွေ့လာလို့ ဒီရုပ်နာမ်တွေမှ လွတ်ချင်တဲ့စိတ်နဲ့ မပြတ် ဆက်မှတ်သွားရင် အာရုံနဲ့ မှတ်စိတ် မကသည့်သလိုလို၊ မှတ်စိတ်က အာရုံမှ ရုန်းကန်နေသလိုလိုလည်း ဖြစ်လာတတ်တယ်။ ဒါပေမယ့် ဇွဲကောင်းကောင်းနဲ့ ဆက်မှတ်ပါ။ မကြာခင် မှတ်စရာအာရုံကလည်း အလိုက်သင့် ပေါ်လို့ မှတ်စိတ်ကလည်း အလိုက်သင့်မှတ်လို့ ကြောင့်ကြမစိုက်ရဘဲ အချိန်ကြာကြာ အမှတ်ကောင်းလာပါလိမ့်မယ်တဲ့။ ဒီထက် သမာဓိအား ဉာဏ်အားကောင်းလာပြီး ပါရမီလည်း ရှိမယ်ဆိုရင်တော့ မှတ်စရာအာရုံနဲ့ မှတ်စိတ်ဖြစ်တဲ့ သဘောရုပ်နာမ်တွေရဲ့ ချုပ်ငြိမ်းရာကို ဝင်ရောက်သွားပါလိမ့်မယ်တဲ့။ ရုပ်နာမ်တို့ရဲ့ ချုပ်ငြိမ်းရာ အာရုံက နိဗ္ဗာန်တဲ့။ အဲဒီအာရုံထဲကို ဝင်ရောက်သွားတဲ့ ဉာဏ်ကတော့ မဂ်ဉာဏ်ပါပဲတဲ့။ အဲဒီနောက် ဖိုလ်ဉာဏ်၊ ပစ္စဝေက္ခဏာဉာဏ်တွေဖြစ်ပြီး သောတာပန်ပုဂ္ဂိုလ် ဖြစ်သွားပါလိမ့်မယ်တဲ့။

http://www.dhammadownload.com



## သောတာပန်က ပယ်တဲ့တဏှာ

အဲ. . သောတာပန်ပုဂ္ဂိုလ်ဟာ သောတာပတ္တိမဂ်ကို ရလိုက်တယ်ဆိုရင်ပဲ အပါယ်ကျစေနိုင်တဲ့ တဏှာနဲ့ ကာမသုဂတိမှာ ခုနစ်ဘဝထက်ပိုပြီးတော့ နေချင်တဲ့တဏှာဟာ အပြီးတိုင် ကင်းငြိမ်းသွားပါတယ်တဲ့။

## သကဒါဂါမ်က ပယ်တဲ့ တဏှာ

သောတာပန်ဖြစ်ပြီးတဲ့ ပုဂ္ဂိုလ်ဟာ သကဒါဂါမ်ဖြစ်ချင်ရင် ဒီ 'ဖောင်းတယ်၊ ပိန်တယ်၊ ထိုင်တယ်၊ ထိတယ်၊ မြင်တယ်၊ ကြားတယ်၊ နံတယ်၊ စားတယ်၊ ကွေးတယ်၊ ဆန့်တယ်၊ ရပ်တယ်၊ သွားတယ်' စသည်ဖြင့် ဒွါရခြောက်ပါးမှာ ထင်ရှားရှိတဲ့ ရုပ်နာမ်တွေကို ယခင်က မှတ်သလိုပဲ ပြန်မှတ်ရပါတယ်။ အဲဒီလို ပြန်မှတ်တဲ့အခါ မှတ်စရာအာရုံနဲ့ မှတ်သိစိတ်တို့ရဲ့အဖြစ်အပျက်ကို သိတဲ့ဉာဏ်ကစပြီးတော့ ဖြစ်ပါတယ်တဲ့။ အဲဒီနောက် ဉာဏ်စဉ်အဆင့်ဆင့်တက်ပြီး သမာဓိအား ဉာဏ်အား ကောင်းလာတဲ့အခါ သကဒါဂါမ် မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုပြီးတော့ သကဒါဂါမ်ပုဂ္ဂိုလ် ဖြစ်လာပါလိမ့်မယ်။

ဒီ သကဒါဂါမ်ပုဂ္ဂိုလ်တွေဟာလည်း တဏှာတော့ အကုန်မပြီးသေးပါဘူး။ အကြမ်းစားတဏှာနဲ့ ကာမဘုံမှာ နှစ်ကြိမ်ထက်ပိုပြီးတော့ ဖြစ်ချင်တဲ့တဏှာလောက်ကိုပဲ သကဒါဂါမိမဂ်က ပယ်သတ်နိုင်ပါသေးတယ်တဲ့။

http://www.dhammadownload.com



## အနာဂါမ်က ပယ်တဲ့တဏှာ

အဲ. . . သကဒါဂါမ်ပုဂ္ဂိုလ်က အနာဂါမ်ဖြစ်ချင်ရင် ဘာတွေကို ရှုမှတ်ရသလဲလို့ဆိုရင် အမှတ်ကတော့ မထူးပါဘူး။ အရင် ပုထုဇဉ်ဘဝက မှတ်နည်းအတိုင်း 'ဖောင်းတယ် ပိန်တယ်' စသည်ဖြင့် ပြန်မှတ်ရတာပါပဲတဲ့။ အဲဒီလို ပြန်မှတ်လို့ ဉာဏ်စဉ်အဆင့်ဆင့်တက်ပြီးတော့ အာရုံနဲ့ မှတ်စိတ်တို့ရဲ့ ချုပ်ငြိမ်းရာကို ဉာဏ်ဝင်ရောက်သွားမယ်ဆိုရင် အနာဂါမ်ပုဂ္ဂိုလ် ဖြစ်သွားပါတယ်တဲ့။

အနာဂါမ်ဖြစ်တော့ တဏှာတွေ အကုန်ငြိမ်းရောလားလို့ ဆိုတော့ မငြိမ်းသေးပါဘူးတဲ့။ ဘာကြောင့်လဲလို့ဆိုတော့ အနာဂါမိမဂ်က ကာမတဏှာနဲ့ ဒေါသကိုသာ အပြီးတိုင် ပယ်သတ်နိုင်ပါတယ်။ ရူပတဏှာ၊ အရူပတဏှာလို့ခေါ်တဲ့ ဗြဟ္မာဖြစ်ချင်သေးတဲ့ တဏှာကိုတော့ မပယ်သတ်နိုင်သေးပါဘူးတဲ့။

## ရဟန္တာကတော့ ကိလေသာ အကုန်ပယ်တယ်

အဲဒီ အနာဂါမ်ပုဂ္ဂိုလ်ဟာလည်း ရဟန္တာဖြစ်ချင်ရင် ဒွါရခြောက်ပါးမှာ ထင်ရှားရှိတဲ့ ရုပ်တွေ နာမ်တွေကိုပဲ ရှုမှတ်ရပါတယ်။ မှတ်တဲ့အခါမှာလည်း 'ဖောင်းတယ် ပိန်တယ်' စသည်ဖြင့် အရင်က မှတ်သလိုပဲ ပြန်မှတ်ရပါတယ်။ အမှတ်ကတော့ မထူးပါဘူးတဲ့။ အသိဉာဏ်ကသာ သူ့အလိုအလျောက် သူ့အဆင့်အတန်းနဲ့သူ ထူးခြားသွားတာပါပဲတဲ့။

http://www.dhammadownload.com





အဲဒီလို ရှုမှတ်သွားလို့ အာရုံနဲ့မှတ်စိတ်ဖြစ်တဲ့ ရုပ်တရားနာမ်တရားတို့ရဲ့ ချုပ်ငြိမ်းရာနိဗ္ဗာန်ကို အရဟတ္တမဂ်ဉာဏ်၊ အရဟတ္တဖိုလ်ဉာဏ်နဲ့ မျက်မှောက်ပြုသွားရမယ်ဆိုရင် ရဟန္တာဖြစ်သွားတာပါပဲတဲ့။

ရဟန္တာပုဂ္ဂိုလ်တွေဟာ အရဟတ္တမဂ်ဉာဏ်ကို ရတဲ့အချိန်ကစပြီးတော့ တဏှာစတဲ့ ကိလေသာခပ်သိမ်းဟာ အကုန်လုံးအပြီးတိုင် ကင်းငြိမ်းသွားပါတယ်တဲ့။ တဏှာခပ်သိမ်း ကင်းငြိမ်းရင် ဘဝအသစ်အသစ်ဖြစ်ရမှုတွေဟာလည်း တစ်ခါတည်း အစပြတ် ချုပ်ငြိမ်းသွားတော့တာပါပဲတဲ့။

## တဏှာကင်းကွာ ရဟန္တာဖြစ် ရှုမှတ်နည်း

အခုပြောခဲ့တဲ့ မှတ်ပုံမှတ်နည်းတွေကတော့ 'တဏှာကင်းကွာ ရဟန္တာ' ဖြစ်တဲ့အထိ မဟာစည် ဆရာတော်ဘုရားကြီး ညွှန်ကြားပြသထားတဲ့ မှတ်ပုံမှတ်နည်းတွေကို မကျဉ်းမကျယ် သိသာရုံဖော်ပြလိုက်ခြင်းပါပဲ။ အခုပြောခဲ့တဲ့ မှတ်ပုံမှတ်နည်းတွေထဲမှာ အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဆိုတဲ့ စကားလုံးတွေ ပညတ် ပရမတ် စတဲ့ စာသံ ပေသံ စကားလုံးတွေ မပါပါဘူး။ ဒါပေမယ့် ရှုမှတ်နေတာကတော့ ဒွါရခြောက်ပါးမှာ တကယ် ထင်ရှားရှိနေတဲ့ သဘော ရုပ်နာမ်တွေကို ပစ္စုပ္ပန်တည့်တည့် ရှုမှတ်နေတာပါပဲ။ ဒါကြောင့် ယုံယုံကြည်ကြည်နဲ့ စနစ်တကျ ဆက်မှတ်သွားရင်တော့ အထက်က ပြောခဲ့တဲ့အတိုင်းပါပဲ။ မဂ်ဉာဏ် ဖိုလ်ဉာဏ်တွေ ဆိုက်ရောက်ပြီးတော့ ရဟန္တာအထိ ဖြစ်နိုင်ပါတယ်တဲ့။

http://www.dhammadownload.com


## နိဂုံးဆောင်ပုဒ်

ကဲ. . နိဂုံးချုပ်အနေနဲ့ တရားဆောင်ပုဒ်ကလေးတွေ ဆိုကြဦးစို့။

ခြောက်ပါးတကျော့ ကင်းကွာပြတ်တော့၊ ရဟန္တာမြတ် ဖြစ်ပါတယ်။
ရဟန္တာဖြစ်အောင် ဘယ်တရားကို၊ ကြိုးစားအားထုတ် ကျင့်ရမယ်။
ဝိပဿနာခေါ် မြတ်တရားကို၊ ကြိုးစားကျင့်မှ ဖြစ်ပါမယ်။
ဝိပဿနာအလုပ်စခန်းမှာ၊ မဟာစည်နည်းလမ်း လိုက်သင့်တယ်။
ဖောင်းပိန်ကိုသာ အခြေခံပြုလို့၊ ထင်ရှားရုပ်နာမ် ရှုခိုင်းတယ်။
စာသံပေသံ မပါပြောလဲ၊ ဉာဏ်စဉ်တိုးပွား မင်္ဂဆိုက်မယ်။

မှတ်ကြွယ်. . . မှတ်ကြွယ်. . . ။

http://www.dhammadownload.com



## နိဂုံးဆုညွှန်း အမွှမ်းဂါထာ

အဲ. . 'တဏှာကင်းကွာ ရဟန္တာဖြစ်ရေး ဝိပဿနာ အလုပ်ပေးတရားတော်ကြီး' ကို ရိုသေစွာ ကြားနာရတဲ့ ဓမ္မသဝန ကုသိုလ်ကံ စေတနာကြောင့် တရားနာပရိသတ်အပေါင်း သူတော်ကောင်းတို့သည် ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ၊ မြတ်စွာဘုရားရဲ့ သာသနာတော်မြတ်ကြီးကို ချီးမြှောက်ထောက်ပင့်နိုင်ကြပါစေ၊ နိဗ္ဗာန်ကို မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် မျက်မှောက်ပြုနိုင်ကြပါစေလို့ ပတ္ထနာပြုတဲ့ နိဂုံးဂါထာရွတ်ပြီးတော့ တရားသိမ်းမယ်။

ဣမိနာ ပုညကမ္မေန၊ သုခိတာ ဟောထ သာဓဝေါ။
သီဃံ ပပ္ပောထ နိဗ္ဗာနံ၊ ပဂ္ဂဏှ ဇိနသာသနံ။ ။

သာဓဝေါ၊ တရားနာပရိသတ်အပေါင်း သူတော်ကောင်းတို့။ တုမှေ၊ သင်တရားနာပရိသတ်အပေါင်း သူတော်ကောင်းတို့သည်။ ဣမိနာ ပုညကမ္မေန၊ ဤသို့ တရားတော်ကို ရိုသေစွာ ကြားနာရတဲ့ ဓမ္မသဝန ကုသိုလ်ကံစေတနာကြောင့်။ သုခိတာ၊ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာခြင်း ရှိကြကုန်သည်။ ဟောထ၊ စင်စစ်မသွေ ဖြစ်ကြပါစေကုန်သတည်း။ ဇိနသာသနံ၊ ဒေဝပုတ္တ စသည်အပြား မာရ်ငါးပါးကို တုတ်ခါးမဆောင်ကြိုးမနှောင်ဘဲ အလွယ်တကူ အောင်မြင်တော်မူသော မြတ်စွာဘုရား၏ အံ့ဖွယ်ရှစ်ဖြာ သာသနာကို။

http://www.dhammadownload.com



ပဂ္ဂဏှာထ၊ ပစ္စယ ဓမ္မ နှစ်ဖြာသော အနုဂ္ဂဟတို့ဖြင့် ချီးမြှောက် ထောက်ပင့်နိုင်ကြပါစေကုန်သတည်း။ နိဗ္ဗာန်၊ ဒုက္ခခပ်သိမ်း အေးငြိမ်းရာအမှန် ပြည်နိဗ္ဗာန်သို့။ သီဃံ၊ ဘဝမကြာ ဆောလျင်စွာ။ ပပ္ပေါထ၊ ရောက်နိုင်ကြပါစေကုန်သတည်း။ ပပ္ပေါထ၊ မြင်တိုင်း, ကြားတိုင်း, နံတိုင်း, စားတိုင်း, ထိတိုင်း, တွေးတိုင်း, ကွေးတိုင်း, ဆန့်တိုင်း, သွားတိုင်း, ရပ်တိုင်း, ထိုင်တိုင်း, အိပ်တိုင်း, ဖောင်းတိုင်း, ပိန်တိုင်း၌ တကယ်ထင်ရှားရှိနေတဲ့ ရုပ်နာမ်ဓမ္မ သဘာဝတရားတို့ကို မပြတ်ရှုမှတ် ပွားများကြခြင်းဖြင့် ဝိပဿနာဉာဏ်စဉ် အဆင့်ဆင့်တက်ပြီးလျှင် မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် သိမြင်ဆိုက်ရောက် မျက်မှောက်ပြုနိုင်ကြပါစေကုန်သတည်း။

သာဓု . . . သာဓု . . . သာဓု . . . ။

**တဏှာကင်းကွာ ရဟန္တာဖြစ်ရေး ဝိပဿနာအလုပ်ပေး တရားတော်**
**ပြီး၏။**